www.burmeseclassic.com

အောင်မြင်မောင်

# GHOST STORY

EXPLORING THE WORLD OF THE UNEXPLAINED



## သရဲ တစ္ဆေ

BURMESE CLASSIC

သရဲစီးနေသော
စိုင်သေတ္တာ

တစ္ဆေသစ်ပင်

ထောင့်ငါးရာနဲ့
သရေပွဲ

မယုံနိုင်ဖွယ်ရာ
အချက်များ

ငှက်ပျောပင်ကျောင်းသရဲမ

သတို့သမီးဝတ်စုံဆိုင်က
လူသေအရုပ်

စီညာဉ်ဆိပ်ပြာ


ထူးဆန်းသော
အသံမှုင်

သရဲအခြောက်ကြမ်းတဲ့
ထောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
GHOST STORY
သရဲစာစဉ်(၁၅)/GHOST STORY။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၁၆၆ - စာ၊ ၁၃.၅ × ၂၁ စင်တီ၊
(1) GHOST STORY




ထုတ်ဝေသူ ဦးအောင်မြင့်၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်၊
ဖြန့်ချိရေး အောင်မြင်စာပေ၊ ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်၊ (ဖေဖော်ဝါရီလ)၊ အုပ်ရေ(၅၀၀)၊

# GHOST STORY

## သရဲစာစဉ်အမှတ် (၁၅)

## မာတိကာ


၁။ သရဲစီးနေသော ဝိုင်သေတ္တာ ၄
၂။ သတို့သမီးဝတ်စုံဆိုင်က လူသေအရုပ် ၂၄
၃။ သရဲအခြောက်ကြမ်းတဲ့ထောင်ကြီး ၃၂
၄။ ငှက်ပျောပင်စောင့်သရဲမ ၄၂
၅။ မယုံနိုင်ဖွယ်ရာအချက်များ ၇၀
၆။ တစ္ဆေသစ်ပင် ၈၀
၇။ ဝိညာဉ်လိပ်ပြာ ၈၆
၈။ ထူးဆန်းသောအသံရှင် ၁၀၂
၉။ ထောင့်ငါးရာနဲ့ သရဲပွဲ ၁၁၄

www.burmeseclassic.com




www.burmeseclassic.com



# သရဲစီးနေသော ဝိုင်သေတ္တာ

## (Jason Haxton)

ယခုပြောပြမယ့် ဇာတ်လမ်းလေးကတော့ အလွန်ခိုက် [illegible]တ်တဲ့ ဝိုင်အရက်သေတ္တာလေးအကြောင်းပါ။ ဒီပစ္စည်းကို လေလံ [illegible]င် ရောင်းချခဲ့ကြတာပါ။ ပထမဆုံးလေလံအောင်သူက ရှေးဟောင်း [illegible]ည်း ရောင်းဝယ်ရေးလုပ်ကိုင်နေသူ ကျွန်ုပ်ကိုယ်တိုင်ပါပဲ။

ကျွန်ုပ်ပြောပြမယ့် အရာအားလုံးဟာ တကယ့်အဖြစ်အပျက် [illegible]သာဖြစ်ပါတယ်။ ကျွန်ုပ်ဆီမှာရှိတဲ့ ထိုပစ္စည်းကိုပိုင်ဆိုင်ခဲ့ကြသူတို့ [illegible] ဆေးရုံမှတ်တမ်းမိတ္တူတွေဟာ သက်သေအထောက်အထားတွေ [illegible]သလို၊ ကျွန်ုပ်ကိုယ်တိုင်လည်း လေလံဆွဲဝယ်ခဲ့ဖူးသူတစ်ယောက် [illegible]လို့ အဖြစ်မှန်ဖြစ်ကြောင်း ကျိန်တွယ်ပြောရပါတယ်။

(၂၀၀၁)ခုနှစ်၊ စက်တင်ဘာတုန်းကပေါ့. . . ။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်နိုင်ငံ၊ အော်ရီဂွန်ပြည်နယ်၊ ပို့လမ်းမြို့မှာလုပ်တဲ့ လေလံပွဲကို ကျွန်ုပ်တက်ရောက်ခဲ့ပါတယ်။ လေလံတင်မဲ့ပစ္စည်းတွေကတော့ အသက်(၁၀၃)နှစ်မှာ ကွယ်လွန်ခဲ့တဲ့ ဘွားသက်ရှည်ကြီးတစ်ယောက် အမွေထားရစ်ခဲ့တာတွေပါ။

မြေးဖြစ်သူအဆိုအရတော့ သူ့အဘွားဖြစ်သူဟာ ပိုလန်နိုင်ငံမှာ မွေးဖွားကြီးပြင်း အိမ်ထောင်ကျပြီး သားနှစ်ယောက်ရခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ နာဇီတွေရဲ့ စစ်အကျဉ်းစခန်းကို မိသားစုတစ်စုလုံး အပို့ခံခဲ့ရပါတယ်။ ကျန်မိသားစုဝင်တွေဖြစ်တဲ့ မိဘနှစ်ပါး အစ်ကိုတွေမောင်တွေ၊ ညီမတစ်ယောက်၊ ခင်ပွန်းနဲ့ သားနှစ်ယောက်တို့ အကုန်လုံးအသတ်ခံခဲ့ရပါတယ်။

သူမဟာ အခြားအကျဉ်းသားအချို့နဲ့ စပိန်ကိုထွက်ပြေးလွတ်မြောက်သွားပြီး ပထမကမ္ဘာစစ်ပြီးတဲ့အထိ နေထိုင်ခဲ့ပါတယ်။

သူမ အမေရိကန်ကိုပြောင်းရွှေ့နေထိုင်တော့ စပိန်ကနေပါလာတာက ဝိုင်သေတ္တာလေးတစ်လုံး၊ ပေါင်းအိုးတစ်လုံးနဲ့ အပ်ချုပ်သေတ္တာလေးတစ်လုံး စတဲ့ပစ္စည်း စုစုပေါင်းသုံးမျိုးတည်းပါ။

ကျွန်ုပ်လည်း လေလံပွဲမှာ ဝိုင်သေတ္တာ၊ အပ်ချုပ်သေတ္တာနဲ့ ပရိဘောဂပစ္စည်းအချို့ ဝယ်ဖြစ်ခဲ့ပါတယ်။

လေလံပွဲပြီးတော့ မိန်းကလေးတစ်ယောက် ကျွန်ုပ်အနားလာပြီး "သရဲစီးနေတဲ့သေတ္တာလေးကို ရသွားတာ ရှင်ကိုး"လို့ လာပြောပါတယ်။

ကျွန်ုပ်လည်း နားရှုပ်သွားလို့ မေးကြည့်လိုက်တော့. . . သူမငယ်ငယ်တုန်းက အဲဒီဝိုင်သေတ္တာလေးကို သူ့အဘွားဖြစ်သူက စားချုပ်ခန်းထဲ အမြဲသိမ်းထားလေ့ရှိကြောင်း၊ သေတ္တာလေးကို အမြဲပိတ်ထားလေ့ရှိကြောင်း၊ ကလေးတွေ လက်လှမ်းမမီနိုင်တဲ့ အမြင့်မှာထား





ကြောင်း၊ အထဲမှာဘာရှိလဲလို့မေးကြည့်တော့ အဘွားဖြစ်သူက နာနာဘာဝတစ်ကောင်နဲ့ ကီစီလမ်(Keselim) ရှိတယ်လို့ ပြန်ဖြေကြောင်း၊ အဲဒီသေတ္တာလေးကို ဘယ်တော့မှ မဖွင့်ကြည့်ခဲ့ရကြောင်း. . စီကာပတ်ကုံးပြောပြပါတယ်။

သူ့အဘွားဖြစ်သူက သူ့ကိုသင်္ဂြိုဟ်ရင်. . သေတ္တာလေးကိုပါ အတူထည့်ပေးဖို့ မှာကြောင်း၊ ဒါပေမဲ့ ဂျူးလူမျိုးတို့ရဲ့ ရှေးရိုးသင်္ဂြိုဟ်ထုံးစံနဲ့ ဆန့်ကျင်နေတာကြောင့် အဘွားဖြစ်သူရဲ့ဆန္ဒကို မဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်းကိုလည်း ထူးထူးဆန်းဆန်းပြောပြပါတယ်။

ကျွန်ုပ်က အဲဒီနာနာဘာဝနဲ့ ကီစီလမ်(Keselim)တို့ဆိုတာ ဘာတွေလဲလို့မေးတော့. . မသိကြောင်း၊ ကျွန်ုပ်နဲ့အတူတူ ဖွင့်ကြည့်ကြမလားလို့မေးတော့လည်း. . . သူမအဘွားဖြစ်သူက ဘယ်လိုအကြောင်းနဲ့မှ မဖွင့်နဲ့လို့ အသေအချာမှာခဲ့တဲ့အတွက် ဖွင့်မကြည့်ချင်ကြောင်း အကြောက်အကန်ငြင်းပါတယ်။

နောက်ဆုံးတော့ ကျွန်ုပ်လည်း မိတ်ဖြစ်ဆွေဖြစ်သဘောမျိုးဖြင့် သေတ္တာလေးကို သူမပဲ ဆက်ထိန်းသိမ်းထားဆိုပြီး လက်ဆောင်အဖြစ် ပြန်ပေးတော့. . .

"ရှင့်ဟာရှင်ပဲယူသွားပါ"လို့ ခါးခါးသီးသီးငြင်းပါတယ်။

ငွေပြန်မတောင်းပါဘူး၊ ကျွန်ုပ်စိတ်ကျေနပ်အောင် ယူသွားပါလို့ ပြောဆိုရှင်းပြတော့ သူမ ကျွဲမြီးတိုသွားပါတယ်။ ကျွဲမြီးတိုတဲ့ပုံက ကြောက်လန့်နေတဲ့ပုံလည်း ပါနေပါတယ်။

"ရှင်ပဲယူသွားပါ၊ ရှင်လေလံဆွဲထားတာ မဟုတ်လား. . "လို့ အော်ပြောပါတယ်။

ကျွန်ုပ်က ရှင်းပြဖို့ ပါးစပ်ပြင်လိုက်ခါရှိသေးတယ်၊ သူမက "ကျွန်မတို့ လုံးဝကိုပြန်မလိုချင်တော့လို့ပါ. . "လို့ အော်ဟစ်ပြောဆိုပြီး

www.burmeseclassic.com



ချုံးပွဲချ ငိုလိုက်ပါတော့တယ်။

နောက်တော့. . ကျွန်ုပ်ကို သွားပါတော့လို့ပြောပြီး သူမကိုယ်တိုင်လည်း ပျာယီးပျာယာနဲ့ ထွက်သွားပါတော့တယ်။

ကျွန်ုပ်လည်း လေလံဆွဲထားတဲ့ပစ္စည်းလေးတွေကိုယူပြီး. . တိတ်တိတ်ဆိတ်ဆိတ်နဲ့ပဲ ပြန်လာရပါတော့တယ်။

ကျွန်ုပ်လည်း သေတ္တာလေးကို မြေအောက်ခန်းထဲက စတိုထဲ ထည့်သိမ်းထားလိုက်ပါတယ်။

ကျွန်ုပ်က ရှေးဟောင်းပစ္စည်းတွေ ပြန်ပြင်ပြီး ရောင်းတဲ့လုပ်ငန်း လုပ်နေတာပါ။ သေတ္တာလေးကိုဝယ်တုန်းက စိတ်ကူးထားတာက ပြန်သပြီးရင် မိခင်ဖြစ်သူကို လက်ဆောင်အဖြစ် ပေးမယ်ပေါ့။ ဒီ့ထက်လည်း ဘာမျှပိုမစဉ်းစားဖြစ်တော့ပါဘူး။

နောက်နေ့. . . ကျွန်ုပ်ရဲ့ရှေးဟောင်းပစ္စည်းဆိုင်လေးကို ဖွင့်လိုက်ပြီး၊ အရောင်းစာရေးမလေးနဲ့ လွှဲထားခဲ့လိုက်ပါတယ်။ ပြီးတော့ လုပ်စရာရှိတာတွေကို အပြင်ထွက်လုပ်နေလိုက်ပါတယ်။

နာရီဝက်လောက်ကြာတော့ လက်ကိုင်ဖုန်းမြည်လာလို့ ကြည့်လိုက်တော့ အရောင်းစာရေးမလေးဆီကဖုန်း ဖြစ်နေပါတယ်။ သူမအသံဟာ တုန်တုန်ယင်ယင်ဖြစ်နေပြီး. . . ကျွန်ုပ်အလုပ်ခန်းထဲမှာ တစ်ယောက်ယောက်က ဖန်ခွက်တွေကိုခွဲနေပြီး၊ ကျိန်ဆဲနေကြောင်း ကြောက်လန့်တကြား အော်ဟစ်ပြောဆိုပါတယ်။ ဒါ့အပြင် ထိုရောက်နေတဲ့သူက သံတံခါးဂိတ်နဲ့ အရေးပေါ် ထွက်ပေါက်ကို သော့ပိတ်ထားလို့ ထွက်မရတော့တဲ့အကြောင်းလည်း ပြောနေပါတယ်။

ဒါနဲ့ကျွန်ုပ်လည်း သူမကို ရဲကိုဖုန်းဆက်ဖို့ လှမ်းသတိပေးလိုက်စဉ်မှာပဲ ကျွန်ုပ်၏ဖုန်း ဘက်ထရီကုန်သွားပါတော့တယ်။ ကျွန်ုပ်လည်း ကားကို ဆိုင်ဆီသို့ တစ်နာရီမိုင်(၁၀၀)နှုန်းလောက်နီးနီး အ





ပြင်းမောင်းပြီး သုတ်ခြေတင်ရပါတော့တယ်။ ဆိုင်ပြန်ရောက်တော့ ဂိတ်တံခါးတွေဟာ အပြင်ကသော့ခတ်လျက်သား ဖြစ်နေတာကို တွေ့လိုက်ရပြီး၊ အထဲဝင်လိုက်တော့. . အရောင်းစာရေးမလေးက ဆိုင်အခန်းထောင့် ကြမ်းပြင်ပေါ်မှာ သွေးရူးသွေးတန်းနဲ့ ထိုင်ငိုနေပါတယ်။

ကျွန်ုပ်လည်း မြေအောက်ခန်းဆီ အပြေးတစ်ပိုင်းနဲ့ ဆင်းသွားလိုက်ပါတယ်။ လှေကားအောက်ရောက်တော့ ကြောင်သေးနံ့တွေက ထောင်းထောင်းထနေပါတယ်။ (ဆိုင်ထဲမှာ ဘယ်အိမ်မွေးတိရစ္ဆာန်မှ မွေးလည်းမမွေးထား၊ လာလည်းမလာဖူးပါဘူး။)

လျှပ်စစ်မီးလည်းမလာတော့ပါဘူး။ ဘာကြောင့်မီးမလာပါလိမ့်လို့ ဟိုဟိုသည်သည် လိုက်ကြည့်နေတုန်း ဖန်ခွက်တွေခွဲနေတယ်လို့ပြောတဲ့ စာရေးမလေးရဲ့စကားကို နားလည်လိုက်ပါတယ်။

မြေအောက်ခန်းထဲက မီးသီးကိုးလုံးစလုံး ကွဲနေပါပြီ။ လေးပေမီးချောင်း (၁၀)ချောင်းစလုံးလည်း ကြမ်းပြင်ပေါ်မှာ ဟိုတစ်စသည်တစ်စနဲ့ ကျကွဲနေပါတယ်။ ဒါပေမဲ့ ဘယ်သူကိုမှ မတွေ့ရပါဘူး။

မြေအောက်ခန်းဝင်ပေါက်ကလည်း တစ်ပေါက်တည်းရှိတာပါ။ လူရှိနေတယ်ဆိုရင်လည်း ကျွန်ုပ်နဲ့မျက်နှာချင်းဆိုင် တွေ့ရမှာပေါ့။ အရောင်းစာရေးမကိုမေးကြည့်မလို့ အပေါ်ပြန်တက်လိုက်တော့ သူမမရှိတော့ပါဘူး၊ ပြန်သွားပါပြီ။


အရောင်းစာရေးမလေးဟာ ဆိုင်ကိုဘယ်တော့မှ ခြေဦးမလှည့်တော့ပါဘူး။ (သူနဲ့တွဲလုပ်တာ (၂)နှစ်လောက်တောင်ရှိပြီဖြစ်ပါတယ်။) ယနေ့အထိလည်း ထိုနေ့ကအကြောင်းကို မေးကြည့်ရင် မပြောတော့ပါဘူး။ အဲဒီအဖြစ်အပျက်ဟာ ဝိုင်သေတ္တာလေးကြောင့်ဆိုတာ ထိုစဉ်က လုံးဝကို မစဉ်းစားမိပါဘူး။

ဆိုခဲ့တဲ့အတိုင်းပါပဲ. . သေတ္တာလေးကို မိခင်ကြီးကို မွေးနေ့

www.burmeseclassic.com



လက်ဆောင်ပေးမလို့ပါ။ လေလံဆွဲဝယ်ခဲ့ပြီး (၂)ပတ်အကြာမှာ. . သေတ္တာလေးကို စပြီးပြန်ပြင်ပါတယ်။ သေတ္တာလေးက စက်ယန္တရား တွေနဲ့ အသေအချာလုပ်ထားတာပါ။ တံခါးတစ်ဖက်ကို ဖွင့်လိုက်ရင် အခြားတစ်ဖက်နဲ့ အောက်ကအံဆွဲက တစ်ပြိုင်နက်ပွင့်လာပါတယ်။



ဝိုင်သေတ္တာနှင့် Jason Haxton

သေတ္တာထဲကြည့်လိုက်တော့ (၁၉၂၈)ခုနှစ်ထုတ် အမေရိကန်ပိုက်ဆံ ပဲနီတစ်စေ့၊ (၁၉၂၅)ခုနှစ်ထုတ် အမေရိကန်ပိုက်ဆံ ပဲနီတစ်စေ့၊ ကြိုးလေးတစ်ချောင်းနဲ့ ချည်ထားတဲ့ ရွှေရောင်ဆံပင်ထုံးတစ်ထုံး၊ ကြိုးနဲ့ချည်ထားတဲ့ အနက်နဲ့အညိုရောင် ဆံပင်ထုံးတစ်ထုံး၊ ဟီးဘရူးဘာသာမှာ Hello သို့မဟုတ် Goodbye လို့ အဓိပ္ပာယ်ရတဲ့ "SHALOM"ဆိုတဲ့ စာလုံးရေးထွင်းထားတဲ့ နှမ်းဖတ်ကျောက် ရုပ်တုလေးတစ်ခု၊ ခြောက်နေတဲ့နှင်းဆီဖူးလေးတစ်ခု၊ ရွှေရောင်ဝိုင်အရက်ခွက်လေးတစ်ခွက်၊ ရေဘဝဲခြေထောက်ပုံစံ. . အထိန်းတွေပါတဲ့ ဖယောင်းတိုင်စိုက်တဲ့ တိုင်လေးတစ်ခုတို့ကို တွေ့ရပါတယ်။

ကျွန်ုပ်လည်း ပိုင်ရှင်မိသားစုကို ပြန်ပေးမယ်ဆိုပြီး ပစ္စည်းလေးတွေကို ပြန်ထည့်သိမ်းထားလိုက်ပါတယ်။ (နောက်ပိုင်း သွားပြန်ပေးတော့လည်း. . ပိုင်ရှင်မိသားစုက ခါးခါးသီးသီးငြင်းလို့ သေတ္တာလေးနဲ့တွဲရောင်းမယ့် ပစ္စည်းစာရင်းထဲ ထည့်ထားလိုက်ပါတယ်။)

ထိုကဲ့သို့ သေတ္တာလေးကိုဖွင့်ကြည့်ပြီးတဲ့နောက် ပြန်မသိမ်းဆုံးဖြတ်ခဲ့ပါတယ်။ သေတ္တာလေးကို သန့်ရှင်းရေးလုပ်ပြီး အရောင်တင်ဆီ သုတ်လိုက်ချိန်မှာပဲ အနောက်ဘက်မှာ ဟီးဘရူးဘာသာနဲ့ ရေးထားတဲ့စာတွေကို သတိထားမိပါတယ်။ ဘာတွေရေးထားတယ်၊ ဘယ်လောက်အရေးပါတယ်ဆိုတာတော့ မသိပါဘူး။ စာတွေကတော့ ပုံမှာပါတဲ့အတိုင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



(၂၀၀၁)ခုနှစ်၊ အောက်တိုဘာလ (၂၈)ရက်နေ့ မိခင်ရဲ့မွေးနေ့ရောက်တော့ အမေဖြစ်သူက ကျွန်ုပ်ညီမလေးနဲ့ တခြားမြို့ကို (၃)ရက်လောက် အလည်အပတ်သွားမှာဖြစ်ကြောင်း ဖုန်းဆက်ပြောပါတယ်။ ဒါနဲ့ပဲ မွေးနေ့ပွဲကို မိခင်ပြန်လာမှလုပ်ဖို့ ရွှေ့ဆိုင်းထားလိုက်ပါတယ်။

(၂၀၀၁)ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်နေ့မှာ မိခင်ကြီးက ကျွန်ုပ်ဆိုင်ကို လာပါတယ်၊ နေ့လယ်စာလည်း အတူတူစားကြပါတယ်။

ထိုအချိန်မှာပဲ ရည်ရွယ်ထားတဲ့အတိုင်း မိခင်ကြီးကို သေတ္တာလေးလက်ဆောင်ပေးလိုက်ပါတယ်။ (ထိုအချိန်အထိ ဝိုင်သေတ္တာလေးဟာ ခိုက်နေတယ်ဆိုတာ ကျွန်ုပ်သတိမထားမိသေးပါဘူး၊ ယခင်ပိုင်ရှင်တွေရဲ့ပြောဆိုနေမှုကိုလည်း အယူသည်းနေကြတာပါဟု ထင်ထားတာလည်းပါတာပေါ့။)

မိခင်ကြီးကလည်း သေတ္တာလေးကို သဘောကျပုံရပါတယ်။ မိခင်ဖြစ်သူက သေတ္တာလေးကို ကြည့်နေတုန်း. . အလုပ်ကိစ္စ ဖုန်းဝင်လာလို့ ကျွန်ုပ်ဖုန်းသွားဆက်ပါတယ်။ (၅)မိနစ်လောက်တောင် မရှိသေးဘူး. . ၊ ဝန်ထမ်းတစ်ယောက် ကျွန်ုပ်ဆီပြေးလာပြီး ကျွန်ုပ်ရဲ့ မိခင်ကြီး တစ်ခုခုဖြစ်နေကြောင်း လာပြောပါတယ်။

ဘာများဖြစ်လို့လဲလို့ အပြေးသွားကြည့်လိုက်တော့ မိခင်ကြီးက သေတ္တာလေးဘေးနားက ကုလားထိုင်ပေါ်မှာ ထိုင်နေတာကိုတွေ့လိုက်ရပါတယ်။ မျက်နှာပေါ်မှာ ဘာအမူအယာမှ မပေါ်ပေမဲ့ မျက်ရည်တွေက ပါးပြင်နှစ်ဖက်ပေါ် စီးကျလို့နေပါတယ်။

ဘာမျှလည်းမေးကြည့်လို့ မရတော့ပါဘူး၊ ဖြေလည်းမဖြေနိုင်တော့ပါဘူး။ မိခင်ကြီး လေဖြတ်သွားတာပါ။ ဒါနဲ့ ဆေးရုံကားနဲ့ ဆေးရုံ





ကိုပို့ကြရပါတယ်။ မိခင်ကြီးဟာ ကိုယ်တစ်ပိုင်းလေဖြတ်သွားပြီး စကားလည်းမပြောနိုင်ရှာတော့ပါဘူး။

သူများပြောတာကိုနားလည်ပေမယ့် သူကပြောချင်ရင် စာပဲ ရေးပြနိုင်ပါတော့တယ်။ နောက်တစ်နေ့မှာ သက်သာလားလို့မေးတော့ မိခင်ကြီးဟာ မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျလာပြီး "လက်ဆောင်မဟုတ်ဘူး"လို့ စာရေးပြရှာပါတယ်။

ကျွန်ုပ်ရဲ့မွေးနေ့လက်ဆောင်ကြောင့် မိခင်ကြီး ခုလိုဖြစ်သွားတာကို သတိမထားမိသေးတဲ့အတွက် မွေးနေ့လက်ဆောင်ပေးထားတာကို မမှတ်မိတော့ဘူးထင်လို့. . မွေးနေ့လက်ဆောင်ပေးထားတယ်လေလို့ပြောလိုက်တော့မှ မိခင်ကြီးဟာ ပိုပြီးဝမ်းနည်းသွားပုံရလာပြီး "လက်ဆောင်ကိုမုန်းတယ်"လို့ စာရေးပြီးပြောပါတယ်။

ကျွန်ုပ် တစ်ချက်ရယ်လိုက်ပြီး ဘာမျှမစိုးရိမ်ပါနဲ့လို့ နှစ်သိမ့်လိုက်မိပါတယ်။ အမေ သေတ္တာလေးကိုမကြိုက်လို့ စိတ်မကောင်းပါဘူးလို့ပြောပြီး. . နေကောင်းလာရင် လိုချင်တာဝယ်ပေးမယ်နော်လို့ ကတိပေးလိုက်ပါတယ်။

ကျွန်ုပ်ဟာ ငရဲပန်းကို ရွှေပန်းအမှတ်နဲ့ ဝယ်ယူမိလျက်သားဖြစ်နေပါပြီ. . ။

အဲဒီအထိအောင် ကျွန်ုပ်ကိုယ်တိုင် သေတ္တာလေးနဲ့ပတ်သက်တာတွေ၊ ထူးဆန်းတာတွေကို မကြုံရသေးပါဘူး။ ပွင့်ပွင့်လင်းလင်းဆိုရရင် ဒါတွေဟာ သဘာဝလွန်ဖြစ်ရပ်တွေဆိုတာကို အဲဒီနှစ်ကုန်အထိကို မသိသေးပါဘူး။


တိုတိုပြောရရင်. . အဲဒီသေတ္တာလေးကို ညီမဖြစ်သူကို ပေးလိုက်မိပြန်ပါတယ်။ သူကလည်း တစ်ပတ်အကြာမှာ ပြန်ပေးပါတယ်။ တံခါးတွေက ပိတ်လို့မရဘဲ အမြဲတမ်းပွင့်နေလို့ဟု ဆိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





သရဲစီးနေသည့်ဗိုင်သေတ္တာ

တံခါးမှာ စပရိန်လည်းမပါသလို၊ တံခါးက သူ့အလိုလိုပွင့်လာတာကိုလည်း ကျွန်ုပ် တစ်ခါမျှမတွေ့ဖူးပါဘူး။

ညီနဲ့သူ့မိန်းမကို ပေးလိုက်ပြန်တော့လည်း သုံးရက်ပဲခံတယ်၊ ပြန်ပေးပါတယ်။ ညီဖြစ်သူက စံပယ်ပန်းနံ့ရတယ်လို့ ပြောပေမဲ့ ခယ်မဖြစ်သူကတော့ ကြောင်သေးနံ့နံတယ်လို့ ဆိုပါတယ်။





ရည်းစားဖြစ်သူကို ပေးပြန်တော့လည်း နှစ်ရက်အကြာမှာ ပြန်ရောင်းခိုင်းပါတော့တယ်။ အဲဒီနေ့မှာပဲ ရုပ်ရည်သန့်သန့်၊ သက်သတ်ပိုင်းလင်မယားနှစ်ယောက်ကို ရောင်းလိုက်ပါတယ်။

နောက်(၃)ရက်အကြာ ဆိုင်ဖွင့်ဖို့သွားတော့ သေတ္တာလေးကို ဆိုင်ပေါက်ဝ လှေကားပေါ်မှာ လာတင်ထားတာကို တွေ့လိုက်ရပါတယ်။

ဘာတွေဘယ်လိုဖြစ်နေကြမှန်း မသိပါဘူးကွာဟု တစ်ကိုယ်တည်းညည်းတွားရင်း အလကားပြန်ရသော သေတ္တာလေးကို အိမ်မှာပဲယူထားလိုက်ပါတယ်။

ဒါပေမယ့် ဒီသေတ္တာမှာ မကောင်းဆိုးဝါးတစ်ကောင် စီးနေတယ်ဆိုတာတော့ အသေအချာပါပဲ။ အဲဒီနောက် အခြေအနေတွေဟာ ပိုဆိုးလာပါတော့တယ်။

အိမ်ပြန်ယူလာတဲ့နေ့ကစပြီး ညညအိပ်မက်ဆိုးတွေ မက်ပါတော့တယ်။ မက်တိုင်းလည်း ကျွန်ုပ်ဟာ သူငယ်ချင်းတစ်ယောက်နဲ့အတူ လမ်းလျှောက်နေတယ်၊ တစ်ခါတစ်ခါ ဘေးနားကလူရဲ့မျက်လုံးတွေကို ကြည့်နေတယ်လို့သာ မက်ပါတယ်။

ထိုသို့မက်နေရင်းနဲ့ . တစ်ခုခုထူးခြားလာတယ်၊ ကျိန်စာတွေက ကျွန်ုပ်ဘက်လှည့်လာနေတယ်လို့ အိပ်မက်ထဲမှာပဲ သဘောပေါက်လာပါတော့တယ်။

အိပ်မက်ထဲမှာ ဘေးနားမှာအတူတူရှိနေသူဟာ အလွန်ကြောက်မက်ဖွယ်ကောင်းသော မကောင်းဆိုးဝါး အဘွားအိုကြီးပုံသဏ္ဍာန်အဖြစ်ကို တဖြည်းဖြည်းပြောင်းသွားပါတယ်။ ကျွန်ုပ်မြင်ရတော့ အဘွားကြီးတစ်ယောက်နဲ့လည်း တူနေပါသေးတယ်။ နောက်တော့ အဘွားအိုကြီးဟာ ရှေ့တိုးလာပြီး ကျွန်ုပ်ကိုလှမ်းရိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ကျွန်ုပ် ထိုပုံစံမျိုးဖြင့် အိပ်ရာက အကြိမ်ကြိမ်လန့်နိုးခဲ့ပါတယ်။ မနက်ကျတော့ ညတုန်းကအိပ်မက်ထဲမှာ အဘွားအိုကြီးရိုက်တဲ့နေရာတွေမှာ အညိုမည်းစွဲနေတာတွေ၊ အမှတ်ကြီးတွေ. . တွေ့ရပါတော့တယ်။





အဲဒီအထိအောင်ကို အိပ်မက်ဆိုးကြီးတွေဟာ သေတ္တာလေးနဲ့ ဆက်စပ်နေတာကို မသိသေးသလို၊ ဆက်စပ်လာလိမ့်မယ်လို့လည်း ကျွန်ုပ်မထင်မိသေးပါဘူး။

လွန်ခဲ့တဲ့တစ်လလောက်က ကျွန်ုပ်ရဲ့ညီမ၊ ညီနဲ့ခယ်မဖြစ်သူတို့ အိမ်ကိုလာပြီး ညအိပ်ကြပါတယ်။ မိုးလင်းလို့ မနက်စာ စားနေတုန်းမှာ. . တလောက အိပ်မက်ဆိုးတွေမက်ကြောင်း၊ အဲဒီလို အိပ်မက်မျိုး နှစ်ကြိမ်လောက်မက်ခဲ့ကြောင်း. . . ညီမက အိပ်မက်ထဲက အကြောင်းကို အသေးစိတ်ရှင်းပြတော့ ကျွန်ုပ်ရဲ့အိပ်မက်ဆိုးနဲ့ ထူးထူးဆန်းဆန်းလာတူနေတာကို တွေ့လိုက်ရပါတယ်။

ညီနဲ့ခယ်မဖြစ်သူတို့လည်း နားထောင်ရင်း ကြက်သေသေသွားပါတယ်။ သူတို့အိပ်မက်ဆိုးတွေကလည်း အဲဒီအတိုင်းပဲလို့ ပြောရှာပါတယ်။ ဒီတော့. . ကျွန်ုပ်လည်း ခေါင်းနားပန်းကြီးသွားပြီး ကြက်သီးဖြန်းဖြန်းထသွားပါတယ်။

နောက်တော့. . . သေတ္တာလေး အိမ်မှာရောက်နေလို့ဖြစ်တယ်ဆိုတာ ရှင်းသွားပါတော့တယ်။

ဒါနဲ့ ရည်းစားဖြစ်သူကို ဖုန်းဆက်မေးကြည့်တော့ သူ့အိပ်မက်ဆိုးကလည်း ကျွန်ုပ်တို့အိပ်မက်ဆိုးနဲ့ ထပ်တူဖြစ်နေတာကို သိလိုက်ရပါတယ်။ ဘယ်နေ့တုန်းက မက်တာလဲလို့မေးကြည့်တော့ မမှတ်မိတော့ဘူးလို့ ပြန်ဖြေပါတယ်။ ဒါနဲ့ သေတ္တာလေးလက်ဆောင်ရတဲ့ညက ဟုတ်လားလို့မေးတော့. . . 'ဟုတ်တယ်၊ ဘယ်လိုလုပ်သိတာလဲ'လို့ ပြန်မေးပါတယ်။

မိသားစုဝင်တွေ တွေ့ဆုံဆွေးနွေးပြီးတဲ့နောက်ပိုင်းမှာတော့ ကောင်းဆိုးဝါးတစ်ကောင် အိမ်ထဲရောက်နေသလိုမျိုး ခံစားလာရပါတယ်။ ကျွန်ုပ်မျက်စိထဲမှာလည်း မထင်မရှားအရိပ်တွေ မြင်ရလာပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အိမ်ကိုလာတဲ့ သူတော်တော်များများကလည်း မထင်မရှား အရိပ်တွေ မြင်ရတယ်လို့ ဆိုလာကြပါတယ်။

ဒါနဲ့ ကျွန်ုပ်ဟာ သေတ္တာလေးကို စတိုခန်းအပြင်ဘက်က အခန်းတစ်ခန်းကို ပြောင်းထားကြည့်လိုက်တယ်။ ညဥ့်နက်တဲ့အချိန် ရောက်တော့ အဲဒီအခန်းမှာ မီးခိုးအချက်ပြစက်က မြည်လာလို့ လန့်နိုး သွားပါတယ်။ ဘာတွေမီးလောင်နေလဲလို့ ထကြည့်တော့လည်း အဲဒီ အခန်းထဲမှာ ဘာမီးခိုးမှ မတွေ့ရပါဘူး။ မီးခိုးအစား ကြောင်သေးနံ့ ကြီးကိုပဲ ရလိုက်ပါတယ်။

အိပ်ခန်းထဲပြန်ရောက်တော့လည်း ကြောင်သေးနံ့ ရနေပြန် ပါတယ်။ အိမ်မှာ ကြောင်လည်းမရှိဘူး၊ တစ်ခါမှလည်း မမွေးဖူးပါဘူး။ ထို့နောက် သေတ္တာလေးကိုသွားယူကာ အင်တာနက်မှာ ထိုသေတ္တာ အကြောင်း ရှာကြည့်နေတုန်း အိပ်ပျော်သွားပြီး မက်နေကြအိပ်မက် ဆိုးကြီးကို မက်ပြန်ပါတော့တယ်။

လေးနာရီခွဲလောက်မှာ လန့်နိုးသွားတော့ လည်ဂုတ်နားမှာ တစ်ယောက်ယောက် အသက်ရှူနေသလိုမျိုး ခံစားလိုက်ရပါတယ်။ အခုအခါမှာတော့ ထူးထူးခြားခြား တစ်အိမ်လုံး စံပယ်ပန်းနံ့တွေ လှိုင် နေပါတယ်။ ထိုစဉ်. . ကျွန်ုပ်နောက်နားလေးက အရိပ်မည်းကြီးဟာ အခန်းအပြင်ဘက်ကို ထွက်ပြေးပျောက်ကွယ်သွားပါတယ်။

ဘာတွေဖြစ်ပျက်နေတယ်ဆိုတာ လုံးလုံးနားမလည်နိုင်တော့ တာကြောင့် သေတ္တာလေးကို ဖျက်ဆီးပစ်ဖို့ အကြံရလိုက်ပါသေး တယ်။

စိုးရိမ်တာက တကယ်လို့ သေတ္တာလေးကို ကျွန်ုပ်ဖျက်ဆီးပစ် လိုက်ရင် သေတ္တာလေးထဲမှာရှိနေတဲ့ မကျွတ်မလွတ်သေးတဲ့ ဝိညာဉ် ဟာ အိမ်ထဲမှာ ဆက်ရှိနေဦးမှာလား. . . ။





ကျွန်ုပ်ဘာလုပ်ရမလဲ. . . ။

ပြောစရာတစ်ခု ကျန်နေတာကတော့ ကျွန်ုပ်မိခင်ကြီး လေ ဖြတ်တဲ့နေ့မှာပဲ. . ကျွန်ုပ်ရဲ့စတိုခန်းအငှားစာချုပ်ကို ပိုင်ရှင်က အ ကြောင်းထူးထူးထွေထွေမရှိဘဲ ဖြုန်းစားကြီး ရုပ်စဲပစ်လိုက်တယ်ဆိုတာ ပါပဲ။

ရှေးဟောင်းပစ္စည်း လေလံဆွဲတဲ့လူအချို့ဟာ. . ဒီလိုအဖြစ် အပျက်မျိုးတွေကို နားလည်တတ်ကြပြီး ဒီလိုပစ္စည်းမျိုးကို အထူးတ သည် လိုက်ရှာတတ်ကြတယ်လို့ ကျွန်ုပ်ကြားဖူးထားပါတယ်။

(၂၀၀၃)ခုနှစ်၊ ဇွန်လ(၁၂)ရက်နေ့၊ မနက်(၂)နာရီ(၁၅)မိနစ် မှာ ကျွန်ုပ်ဟာ အွန်လိုင်းလေလံ eBay မှာ အခုလိုတင်လိုက်ပါတယ်၊

*သင်ဟာ ဒီလိုထူးထူးဆန်းဆန်းပစ္စည်းမျိုးကို လိုက်ရှာနေသူဆို ရင် သင်လုပ်နေကျအတိုင်း ဒီသေတ္တာလေးကိုဝယ်ဖို့ မေတ္တာရပ်ခံပါ တယ်။ ကျွန်ုပ်ကို ကူညီပါ. . . ။*

*ကျွန်ုပ်. . ကြမ်းခင်းဈေး ဒါမှမဟုတ် အနိမ့်ဆုံးဈေးလည်း သတ်မှတ်ထားပါဘူး။ တကယ်လို့ အဆင်ပြေအောင် လုပ်နိုင်တဲ့နည်း လမ်းများရှိရင် ကျွန်ုပ်ကိုပြောပြစေချင်ပါတယ်။ ကျွန်ုပ်တတ်စွမ်းနိုင်သ လောက် လုပ်မှာပါ။*

*သေတ္တာလေးက အလျား(၁၂)လက်မခွဲ၊ အနံ(၇)လက်မခွဲနဲ့ အမြင့်(၁၆)လက်မနဲ့တစ်စိတ်ရှိပါတယ်။*

*သေတ္တာလေးထဲမှာ မူလကတွေ့ရှိခဲ့တဲ့ ပစ္စည်းလေးတွေကို လည်း လေလံတင်သွားမှာဖြစ်ပြီး သေတ္တာလေးနဲ့အတူ ထည့်ပေးလိုက် မှာပါ။*

ဒီကြော်ငြာကို အွန်လိုင်းမှာတင်လိုက်တဲ့အချိန်ကစပြီး လက် ခံရရှိလာတဲ့ အီးမေးလ်တွေကို ထူးဆန်းစွာပဲ အကြောင်းပြန်လို့မရ. .



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရပါသေးတယ်။ နောက်ပိုင်းမှ အကြောင်းပြန်ဖို့ အခွင့်အရေးရခဲ့ပါတယ်။

ကျွန်ုပ်လက်ခံရရှိခဲ့တဲ့. . လေလံဆွဲသူတို့ရဲ့ အမေးများတဲ့ မေးခွန်းတွေကို ဖြေပေးပါမယ်။

၁။ ဟုတ်ကဲ့၊ ကျွန်ုပ် ဘုရားတရား မလုပ်ဖြစ်ပါဘူး။

၂။ ကျွန်ုပ်အိမ်မှာ မကောင်းဆိုးဝါးနှင်ထုတ်တာတွေ၊ ဓာတ်ပုံစစ်ဆေးတာတွေ ဒါမှမဟုတ် အဖွဲ့အစည်းတွေကို လေ့လာခွင့်ပြုတာတွေလုပ်ဖို့ ဆန္ဒမရှိပါဘူး။

၃။ ကျွန်ုပ် ဟီးဘရူးလိုလည်း မပြောတတ်ပါဘူး။ ကီစီလမ် (Keselim)ဆိုတဲ့ စာလုံးရဲ့အဓိပ္ပာယ်ကိုလည်း မသိပါဘူး။ အဲဒီစာလုံးဟာ ဟီဘရူးစာလုံးဆိုတာကိုတောင် မသိပါဘူး။

၄။ အွန်လိုင်းလေလံပွဲပြီးသွားတဲ့နောက် လေလံဆွဲသွားတဲ့သူနဲ့ စကားပြောချင်ပါတယ်။ ပြောချင်တာက အကြောင်းနှစ်ခုရှိပါတယ်။ တစ်ခုက လေလံဆွဲ ဝယ်ယူတဲ့သူဟာ ဒီပစ္စည်းလေးဟာ ဘာပဲဖြစ်ဖြစ် ယူမယ်လို့ ဆုံးဖြတ်နိုင်လောက်တဲ့ စဉ်းစားနိုင်စွမ်းရှိတဲ့ လူကြီးတစ်ယောက် ဖြစ်နေစေဖို့ပါပဲ။ နောက်တစ်ခုကတော့ တွေ့ကြုံခဲ့ရသမျှကို ပြောပြပေးစေချင်တာပါပဲ။

ဒီနှစ်ခု သဘောတူပြီးပြီ၊ ငွေချေပြီးပြီဆိုရင်တော့ ကျွန်ုပ်ဟာ သေတ္တာလေးနဲ့ အထဲကပစ္စည်းတွေကို လေလံအောင်တဲ့သူဆီကို အမေရိကန်စာပို့လုပ်ငန်း ဒါမှမဟုတ်. . FED-EX UPS ပါဆယ်ပို့ဆောင်ရေး လုပ်ငန်းတွေကနေ ပို့ပေးမှာပါ

၅။ တကယ်လို့. . သင်ဟာ လေလံ အောင်ချင်တယ်၊ သင်က လှမ်းတဲ့ငွေပမာဏအနက် တချို့တစ်ဝက်ပဲ ရှိတယ်ဆိုရင်





လည်း လေလံဆွဲသာဆွဲလိုက်ပါ။

စသဖြင့်. . . အတတ်နိုင်ဆုံး လေလံဆွဲသူတို့ကို ရှင်းပြခဲ့ပါတယ်။

ဇွန်လ(၁၃)ရက်နေ့၊ သောကြာနေ့ ကျွန်ုပ်အိမ်ပြန်ရောက်တော့ ထူးဆန်းတာတွေ ဆက်ကြုံတွေ့ရပါတယ်။ ငါးအလှမွေးလှောင်ကန်ထဲက ငါး(၁၀)ကောင်စလုံး သေနေတာပါပဲ။

ကြုံတွေ့ခဲ့သမျှတွေအားလုံးဟာ တိုက်ဆိုင်မှုတွေသာ ဖြစ်ပါစေလို့ မျှော်လင့်နေမိဆဲပါ။

အော်ရီဂွန်ပြည်နယ် လေလံပွဲက စတင်ခဲ့တဲ့. . ဝိုင်သေတ္တာလေးဟာ ထူးဆန်းထွေလာဖြစ်ရပ်တွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်ပွားခဲ့ပါတယ်။

နောက်မကြာခင်. . အင်တာနက်လေလံကနေ အဆင့်ဆင့်ရောင်းချခဲ့ရာမှာ ဝယ်ယူသူတိုင်းဟာ. . ကျန်းမာရေးချို့ယွင်းလာလို့ ဆေးရုံတက်ရတော်တဆမှုတွေ. . သေဆုံးမှုတွေ ကြုံတွေ့ရလို့ စသည့်အကြောင်းပြချက်တွေဖြင့် သေတ္တာလေးကို ဝယ်ယူထားသူတွေဟာ အမြန်ဆုံးပြန်ရောင်းထုတ်ခဲ့ကြပါတယ်။

ကျွန်ုပ်ဟာ ဒီထူးဆန်းတဲ့သေတ္တာလေးကို လေ့လာစရာ ရှေးဟောင်းပစ္စည်းလေးအဖြစ် စိတ်ဝင်စားလာလို့ သုတေသနပြုခဲ့ပါတယ်။ ဂျူးတစ္ဆေ စီးထားတယ်ဆိုတဲ့ ဒီသေတ္တာလေးနဲ့ပတ်သက်ပြီး အားလုံးကိုတတ်နိုင်သမျှ သေသေချာချာစုံစမ်းတော့ ထင်ထားတာထက် ပိုသိလာရပါတယ်။


အမှန်ကတော့ ဒီဇာတ်လမ်းလေးဟာ ဂျူးလူမျိုးတွေ အစိုးရ ဆိုတ်အပြုံလိုက် အသတ်ခံရပြီးနောက် စတင်ခဲ့ပြီး လက်ဝယ်ထားသူတိုင်းဟာ တူညီတဲ့အဖြစ်အပျက်ဆိုးတွေကို တွေ့ကြုံခဲ့ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com






'The Possession' ဆိုတဲ့ ရုပ်ရှင်ကားဟာလည်း ကျွန်ုပ် ပြ
ပြောပြတာတွေကို အခြေခံရိုက်ကူးထားတာပါ။

သေတ္တာလေးနဲ့ ကျွန်ုပ်ရဲ့တွေ့ကြုံခဲ့ရတာတွေဟာ နာမည်





ကြီး သတင်းကားဇာတ်လမ်းတွဲတစ်တွဲရဲ့ အဓိကအကြောင်းအရာ ဖြစ်ခဲ့ပါသေးတယ်။ ဒီ. . ခိုက်တယ်ဆိုတဲ့ ဝိုင်သေတ္တာလေးဟာ သဘာဝလွန်ဖြစ်ရပ်တွေထဲက ခေါင်းခဲစရာအကောင်းဆုံး ပဟေဠိတစ်ခု ဖြစ်ပါတယ်။

ဒီသေတ္တာလေးက ကျိန်ဆဲတယ်ဆိုတာ တကယ်ဖြစ်လာနိုင်သလား။ တစ္ဆေသရဲတစ်ကောင်ဟာ သက်မဲ့ပစ္စည်းတစ်ခုမှာ ပူးကပ်နေနိုင်သလား။ ကမ္ဘာ့ရှေးဟောင်းဘာသာတွေထဲမှာ မှော်အတတ်ညာတွေ၊ ဆန်းကြယ်တာတွေ ထည့်ထားရစ်ခဲ့နိုင်သလား. . .။

စတဲ့ခေါင်းရှုပ်စရာမေးခွန်းတွေ သင့်ဆီမှာ တစ်သီကြီးပေါ်လာမှာတော့ မလွဲမသွေဘဲ ဖြစ်ပါတော့တယ်။

**Jason Haxton**



www.burmeseclassic.com

www.burmeseclassic.com






သတို့သမီးဝတ်စုံဆိုင်က လူသေအရုပ်



# သတို့သမီးဝတ်စုံဆိုင်က လူသေအရုပ်

# LA PASCUALITA

မက္ကဆီကိုနိုင်ငံ၊ ချီဟွာဟွာမြို့အလယ်မှာ နာမည်ကြီး သတို့သမီးဝတ်စုံဆိုင်တစ်ဆိုင် ရှိပါတယ်။ လူသိများပြီး နာမည်ကြီးနေတာက ဝတ်စုံတွေကောင်းလွန်းလို့ မဟုတ်ပါဘူး။ ဆိုင်ရှေ့ မှန်ပြတင်းထဲက သတို့သမီးဝတ်စုံ ဝတ်ဆင်ထားတဲ့ အရုပ်ကြောင့်ဖြစ်ပါတယ်။

လွန်ခဲ့တဲ့(၇၅)နှစ်လောက်ကတည်းက အဆိုပါ အသက်ပါလှတဲ့ လူပုံစံအရုပ်ကို ပြတင်းပေါက်နားမှာ ထားခဲ့တာပါ။ အဲဒီဆိုင်ဟာ ဒေသခံလူတွေကို ဦးနှောက်အစာ်စားစေခဲ့ပါတယ်။

ဒေသခံတွေပြောတဲ့ ဒဏ္ဍာရီအရ အဲဒီလူပုံစံအရုပ်ဟာ ဆိုင်ပိုင်ရှင်မိခင်က သူ့သမီးရဲ့ခန္ဓာကိုယ်ကို ဆေးစိမ်ထားတာလို့ ပြောကြတာပါပဲ။ မှန်မမှန်ဆိုတာကတော့ ဘယ်သူမှ အတိအကျမပြောနိုင်ပါဘူး။

သတို့သမီးဝတ်စုံဆိုင်က လူသေအရုပ်

www.burmeseclassic.com

www.burmeseclassic.com





သတ္တိုသမီးဝတ်စုံဆိုင်က လူသေအရုပ်



သတ္တိုသမီးရုပ်တုရဲ့ပုံကတော့ မယုံနိုင်စရာကောင်းအောင်ကို ပဲ အသက်ဝင်လှပါတယ်။

'လာပါစကူရာလီတာ'လို့အမည်ပေးထားတဲ့ ဒီအရုပ်ကို ပြသ ထားပြီး မကြာမီမှာပဲ အရုပ်ဟာ ပိုင်ရှင်သမီးရဲ့ ခန္ဓာကိုယ်ဟုတ်မဟုတ် ဒေသခံတွေ သံသယရှိလာခဲ့ကြတာပါ။




ဆိုင်ရှင်ပါစကူရာလာရဲ့ သမီးဖြစ်သူဟာ မင်္ဂလာဆောင်တဲ့ နေ့မှာပဲ ပင့်ကူနက်ကိုက်လို့ သေဆုံးသွားခဲ့ရပြီး သူမရဲ့ နာမည်အရင်း ဟာ သမိုင်းကြောင်းထဲမှာ နစ်မြုပ်သွားခဲ့ပါတယ်။

သတ္တိုသမီးဝတ်စုံဆိုင်က လူသေအရုပ်

www.burmeseclassic.com

www.burmeseclassic.com





ဆိုင်ရှင်ဖါးသမီးနှင့် လာပါစကူရာလီတာအရုပ်

ပုံစံတူအရုပ်ဟာ သူ့သမီးဖြစ်တယ်ဆိုတာတွေကို မိခင်ဖြစ်သူက ငြင်းဆိုခဲ့ပါတယ်။ ဒါပေမဲ့. . . ကောလာဟလတွေက ပျံ့နှံ့နေပြီး မိခင်ဖြစ်သူပြောတာတွေကို ဘယ်သူကမှ မယုံကြပါဘူး။

ညညဆိုရင် မှန်ပြတင်းထဲက လာပါစကူရာလီတာအရုပ်ဟာ ပုံစံအနေအထား ပြောင်းပြောင်းသွားတတ်တယ်လို့ ဆိုကြပါတယ်။

မျက်လုံးကလည်း လာသမျှလူတွေကို လိုက်ကြည့်နေတယ်လို့ ဆိုပါတယ်။

အဝတ်အစားကိုလည်း မကြာခဏ ပြောင်းဝတ်ပေးထားပါတယ်။ ဒါပေမဲ့. . အဝတ်အစားဝတ်တာ၊ ချွတ်တာကိုတော့ ပိုင်ရှင်နဲ့ ဝန်ထမ်းအချို့ကသာ သီးသန့်ပြုလုပ်ပေးကြပါတယ်။

အချို့သောဒေသခံတွေနဲ့ သတို့သမီးလောင်းတွေက လာပါ





စကူရာလီတာကို သူတော်စင်လို့ သတ်မှတ်ထားကြပြီး. . သူမအတွက် ဆုတွေတောင်းပေးကြ၊ ဆိုင်အလုပ်သမားတွေကနေ့တစ်ဆင့် လက်ဆောင်တွေပေးကြ. . စသဖြင့် ပြုလုပ်တတ်ပါတယ်။



လာပါစကူရာလီတာအရုပ်၏လက်



www.burmeseclassic.com

www.burmeseclassic.com













စိတ်ဝင်စားဖွယ်ကောင်းလှန်းလှသော လာပါစကူရာလီတာအရုပ်ဓါလက်

လာပါစကူရာလီတာအရုပ်ဟာ ဆေးစိမ်ထားတဲ့အလောင်းဆိုတာကို လူတိုင်းကတော့ မယုံကြည်ကြပါဘူး။ အချို့ကတော့. . . ပယောင်းရုပ်တုဖြစ်နိုင်တယ်လို့ သုံးသပ်ကြပါတယ်။

စာဖတ်သူကိုယ်တိုင်သာ ကြည့်ပြီးဆုံးဖြတ်ပါတော့. . .။

## La Pascualita



www.burmeseclassic.com

www.burmeseclassic.com









# သရဲအခြောက်ကြမ်းတဲ့ ထောင်ကြီး

## KILMAINHAM GAOL

သာမန်သရဲခြောက်ပါတယ်ဆိုတဲ့ ထောင်တွေဟာ. . ရွှေသရဲ အခြောက်ကြမ်းလှတဲ့ (Kilmainham Gaol) ကယ်မိန်းဖမ်ဂိုးထောင်ကြီးနဲ့ယှဉ်လိုက်ရင် အားလပ်ရက် အနားယူအပန်းဖြေနေရာသာသာလောက်သာ ဖြစ်သွားပါတော့တယ်။

အိုင်ယာလန်နိုင်ငံ၊ ဒူဘလင်မြို့မှာရှိတဲ့ ကယ်မိန်းဖမ်ဂိုးထောင်ကြီးဟာ. . . (၁၇၉၆)ခုနှစ်မှာ ရှိပြီးသား ထောင်အဟောင်းကို



www.burmeseclassic.com


www.burmeseclassic.com



အသစ်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အလွန်အဆင်မပြေလှတဲ့ မြေ
အောက်အကျဉ်းတိုက်တွေကို ထောင်းပူးဝကြီးနဲ့ ခပ်လှမ်းလှမ်းကို ရွှေ
ထားဖို့ပါ စီစဉ်ခဲ့ကြပါတယ်။ ပြင်ပအသွင်အပြင်တွေ ပြောင်းလည်းတိုး
တက်သွားသော်လည်း ထောင်ကြီးရဲ့ အတွင်းပိုင်းလုပ်ငန်းစဉ်တွေဟာ
တိုးတက်မှုသိပ်မရှိခဲ့ပါဘူး။

ထောင်ထဲမှာ စနစ်တကျမရှိဘဲ ယောက်ျားတွေ၊ မိန်းမတွေ
ကလေးတွေကို အကျဉ်းခန်းလေးတွေထဲမှာ ငါးယောက်လောက်အ
ထိကို ကြပ်ကြပ်တည်းတည်း ပေါင်းထည့်ထားပါတယ်။

ထောင်သားတွေဟာ နှစ်ပတ်တစ်ကြိမ်သာပေးတဲ့ ဖယောင်း
တိုင်တစ်တိုင်ရဲ့ မီးအလင်းရောင်နဲ့ အပူဓာတ်ကလေးကလွဲရင် ဘာ
မရခဲ့ကြပါဘူး၊ အေးပြီးမှောင်မိုက်နေတဲ့ အကျဉ်းခန်းထဲမှာ အချိန်
များစုကို ဖြတ်သန်းခဲ့ကြရပါတယ်။



ငါးယောက်အထိထည့်သွင်းထားခဲ့သော ထောင်အခန်းကျဉ်းလေးများ





ခိုးဝှက်လို့ မိထားတဲ့(၅)နှစ်သားအရွယ် ကလေးထောင်သား
လေးတွေကိုတောင်မှာ အဆိုးတကာ့ထိပ်ခေါင်ဆိုတဲ့ ထောင်မင်းသား
ကြီးတွေနဲ့ အတူထားပါတယ်။

သေဒဏ်ကျတဲ့ထောင်သားတွေကို ထောင်ဂိတ်ဝရှေ့ လူမြင်
ကွင်းရှေ့မှာပဲ ကြိုးပေးသတ်တာပါ။ ကြိုးဒဏ်ခံရတဲ့ထောင်သားတွေ
ကလည်း များလွန်းတဲ့အတွက် မြို့နေလူထုဟာ နေတိုင်းမြင်တွေ့နေရ
တဲ့ အခြေအနေတွေဟာ မယုံကြည်နိုင်လောက်အောင်ပါပဲ။



ထောင်ဗူးဝမှာ သေဒဏ်ပေးခံရသူကို လာကြည့်နေသည့် မြို့သူမြို့သားများ



www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းကျ အမျိုးသမီးတွေကို ကောက်ရိုးခြောက်တွေပေါ်မှာ အတင်းတက်အိပ်ခိုင်းသလို၊ ယောကျ်ားတွေကိုလည်း သံကုတင်ပေါ်မှာ အခင်းမပါဘဲ အိပ်ခိုင်းတတ်ပါတယ်။ ထိုအခြေအနေဟာ ယောကျ်ားတွေအတွက် ရေခဲတုံးပေါ်တက်နေနေရသလို ဖြစ်စေတာကြောင့်. . ကျန်းမာရေးချို့တဲ့ပြီး သေဆုံးသွားတဲ့ အကျဉ်းသားတွေဟာလည်း မနည်းမနောပါပဲ။ ဒါကြောင့် ဒီထောင်ကြီးကို ကမ္ဘာ့ပေါ်က ငရဲဘုံလို့ အမည်ပေးထားကြပါတယ်။

အသက်ပေါင်းမြောက်မြားစွာ စတေးနေတဲ့ထောင်ကြီးဟာ နောက်မကြာခင်မှာပဲ သွေးပျက်ဖွယ်အဖြစ်အပျက်တွေ၊ မဖြေရှင်းနိုင်တဲ့ ပုဏ္ဏကတိုက်တာတွေ ဖြစ်လာပါတော့တယ်။

ဝန်ထမ်းအစောင့်တွေကလည်း အခြားထောင်ကို ပြောင်းပေးဖို့၊ အလုပ်ထွက်ခွင့်ပေးဖို့. . စာတင်လာတာ ခဏခဏပါပဲ။

ထောင်အနီးအနားမှာ ကင်းလှည့်နေကြပေမယ့်လည်း သည်းခြေပျက်ဖို့ကောင်းတဲ့ အဖြစ်အပျက်တွေကို ရှောင်ရှားနိုင်ဖို့အတွက် အကျဉ်းခန်းတွေထဲ မဝင်ကြတော့ပါဘူး။

ထောင်ကြီးဟာ လုံခြုံရေးအလွန်ကောင်းပါတယ်။ ထောင်သား ထွက်ပြေးလွတ်မြောက်သွားတယ်ဆိုတာလည်း မရှိတတ်ပါဘူး။ ဒါပေမယ့်. . . ထောင်မှူးနဲ့ အဆင့်ဆင့်သော အရာရှိတို့ရဲ့ ဘယ်လိုအမိန့်မှလည်း အာဏာမသက်ရောက်တော့ပါဘူး။

ခဏနေပေါ်လာလိုက်၊ တော်ကြာ ပျောက်သွားလိုက် ဖြစ်နေတဲ့ သရဲထောင်သားတွေကို လိုက်ဖမ်းနေရခြင်းကြောင့်လည်းကောင်း၊ ဒီထက် ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့ ပြဿနာတွေကို ဖြေရှင်းနေရခြင်းကြောင့်လည်းကောင်း သူတို့ဟာ အမြဲတမ်း အလုပ်ရှုပ်နေတတ်ပါတယ်။

## သရဲအခြောက်ကြမ်းတဲ့ထောင်ကြီး





သရဲအလွန်ခြောက်သည့်မြေအောက်အကျဉ်းခန်းများ



သရဲအခြောက်ကြမ်းတဲ့ထောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် မမြင်ရတဲ့ဧွဲ့သရဲတွေကို သူတို့အကျဉ်းခန်းတွေထဲကနေ ဘယ်လိုမှနေရာရွှေ့ခိုင်းလို့ မရခြင်းပါပဲ။

ထောင်တစ်ခုလုံး သရဲတစ္ဆေများဖြင့် ပြည့်နှက်လာပြီး အလွန်ခြောက်လှန့်နှောက်ယှက်လာသောကြောင့်. . မည်သို့မျှ မထိန်းသိမ်းနိုင်တော့ဘဲ ကယ်မိန်းဟမ်ဂိုးထောင်ကြီးကို (၁၉၂၄)ခုနှစ်မှာ အပြီးပိတ်လိုက်ရပါတော့တယ်။

တစ္ဆေသရဲတွေ ခြောက်လွန်းလို့ပိတ်လိုက်ရတာလို့ အများကလည်း လက်ခံထားကြပါတယ်။

နှစ်ပေါင်း(၄၀)လောက် ပိတ်ထားပြီးခဲ့တဲ့နောက်မှာတော့ ပြန်လည်ပြုပြင်မွမ်းမံပြီး ပြတိုက်အဖြစ် ဖွင့်လှစ်ခဲ့ပါတယ်။ ပြုပြင်မွမ်းမံနေတုန်းမှာလည်း ဝန်ထမ်းတွေဟာ ဆံပင်မွေးညှင်းတွေ ထောင်လာလောက်တဲ့အထိ ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်တွေကို ကြုံတွေ့ခဲ့ကြရပါတယ်။

လျှပ်စစ်မီးတွေက ရှင်းမပြတတ်အောင် သူ့အလိုလို လင်းလာလိုက် မှိတ်သွားလိုက် ဖြစ်တတ်သလို၊ လူမရှိဘဲ ကိုယ့်ဆီကိုလျှောက်လာတဲ့ ခြေသံတွေ၊ အနားကနေ ဖြတ်လျှောက်သွားတဲ့ခြေသံတွေ တဖျတ်ဖျတ်ကြားနေရတတ်ပါသတဲ့။

မြေအောက်ခန်းကို ဆေးသုတ်တဲ့သူတွေထဲက တစ်ယောက်ကြုံတွေ့ခဲ့ရတာကတော့ သွေးပျက်ဖို့အကောင်းဆုံးပါ။

သူဟာ အလုပ်လုပ်နေတုန်း ကြောက်စရာအသံဗလံတွေ ကြားလိုက်ရပါတယ်။ ဒါကြောင့်. . အဆောက်အအုံထဲက မကောင်းဆိုးဝါးတွေရန်က လွတ်နိုင်မယ်လို့ထင်ရလောက်တဲ့ ဝတ်ပြုဆုတောင်းတဲ့နေရာကို သွားနေဖို့ ခြေလှမ်းပြင်လိုက်ပါတယ်။

ဒါပေမယ့် သူ မသွားနိုင်ခဲ့ပါဘူး. . .။







ထောင်တွင်းဝတ်ပြုဆုတောင်းရာနေရာ

မျက်မြင်ပုဂ္ဂိုလ်တွေရဲ့အဆိုအရ အဲဒီဆေးသုတ်သမားဟာ ...န်းထဲမှာ အပေါ်ကိုကြွတက်လာပြီး ပျံဝဲနေတာဟာ မမြင်ရတဲ့ ...ာတစ်ခုက သို့မဟုတ် တစ္ဆေသရဲတွေက ပင့်တင်ပြီး မြှောက်ထား ...ို့ပါပဲတဲ့။

အထူးပြောနေစရာတောင်မလိုပါဘူး. . အဲဒီဆေးသုတ်သ ...ဟာ နောက်နေ့ကစပြီး အလုပ်လာမဆင်းတော့ပါဘူး။

ယနေ့အထိလည်း ပြတိုက်လုပ်ထားတဲ့ ထောင်ကိုလာတဲ့ ...သည်တွေ၊ ဝန်ထမ်းတွေဟာ ထူးဆန်းတာတွေကို တွေ့နေရတုန်း




www.burmeseclassic.com

www.burmeseclassic.com

ပါပဲ။

ညည်းညူသံတွေ၊ မျက်နှာကျက်က တကျွိကျွိမြည်သံတွေ စကားပြောသံတွေ၊ အနံ့ဆိုးတွေ၊ တစ်ခါတစ်ခါ. . လာထိတာတွေ တောင်မှ ပါတတ်ပါတယ်။ ဒါတွေဟာ. . အဆောက်အအုံကြီးထဲမှာ ခဏလာလည်ပတ်သွားတဲ့သူအချို့ဆီက ပြန်ကြားရတာပါ။



ဝင်ရောက်လေ့လာနိုင်သောပြတိုက်ပြုလုပ်ထားသည့်ထောင်ကြီး၏အတွင်းပိုင်း

နေရာအချို့ကလွဲရင် မည်သူမဆို အကျဉ်းတိုက်တွေ၊ ကြိုး နေရာပါမကျန် လွတ်လွတ်လပ်လပ် ဝင်ကြည့်ခွင့်ရှိပါတယ်။ ဟောင်းအသုံးအဆောင်ပစ္စည်းတွေအပြင် သရုပ်ပြပစ္စည်းတွေ ထ





ပြထားတဲ့ မှန်ခန်းကြီးတွေကို လေ့လာကြည့်မယ်ဆိုရင် ထူးဆန်းအံ့သြဘွယ်ရာတွေကို တွေ့ကြုံရမှာပါ။

သင့်ကို အန္တရာယ်ပြုနိုင်တဲ့ ထောင်သားတွေမရှိတဲ့ အဆိုပါ ကယ်မိန်းဟမ်ဂိုးထောင်ကြီးထဲမှာ စိတ်အေးလက်အေး လှည့်ပတ်လေ့လာသင့်ပါတယ်. . ။ ကံကောင်းရင်ဖြင့် ထောင်စောင့်သရဲနှစ်ကောင်သုံးကောင်လောက်နဲ့လည်း ဆုံတွေ့ကောင်းဆုံတွေ့ပြီး မိတ်ဆွေတိုးပါလိမ့်မယ်။



**Kilmainham Gael**



www.burmeseclassic.com

www.burmeseclassic.com







# ငှက်ပျောပင်စောင့် သရဲမ



တစ်နေ့သ၌ ကျွန်ုပ်သည် ပိတောက်ပင်အရိပ်အောက်တွင် ထိုင်၍ ရေးလက်စဖြစ်သော "မှော်ဆရာနိဂုံး"အမည်ရှိ လုံးချင်းဝတ္ထုကြီးကို အဆုံးသတ်နေခိုက်ဖြစ်သည်။ ထိုအခိုက်. . တပည့်ကျော်မောင်ပေါ်တစ်ယောက် အမောတကောနှင့်ရောက်ရှိလာ၏။

"ဆရာ. . ဆရာ"

"ဟေ. . မောင်ပေါ် ဘာတွေဖြစ်လာတာတုန်း၊ ထိတ်ထိတ်ပျာပျာနဲ့ပါလား"

အပြေးအလွှားလာခဲ့ရ၍ နဖူးမှာသီးနေသောချွေးများကို မောင်ပေါ် မသုတ်အား. . ၊ အနီးရှိ ခွေးခြေတစ်လုံးတွင် ဝင်ထိုင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



အခုလိုရှင်းပြ၏။

"ဆရာရေ. . ရွာထိပ်က ငွေတိုးချေးစားတဲ့ ဒေါ်ပုမရဲ့သား အောင်ငွေကို ဆရာသိတယ်မဟုတ်လား"

"အေး. . သိတယ်လေ၊ အင်မတန်စပ်စုတဲ့ကောင်လေး၊ ဘာဖြစ်လို့လဲ"

ထို 'အောင်ငွေ'ဆိုတဲ့ကောင်လေးကို ကျွန်ုပ်ကောင်းစွာသိပါသည်။ အရွယ်က နှစ်ဆယ်စွန်းစွန်းသာ ရှိသေးသော်လည်း အင်မတန်စပ်စု၏။ ဟိုမေးသည်မေး မေးတတ်၏။ လွန်စွာမှလည်း စူးစမ်းတတ်သောညဏ်လည်း သူ့မှာရှိ၏။ အရာရာကို လက်တွေ့စမ်းသပ်လုပ်ကိုင်လိုသူလည်းဖြစ်၏။

"ပြောပါအုံး ငပေါ်၊ အဲ့ဒီအောင်ငွေက ဘာဖြစ်လို့တုန်း"

"ညက. . ညက ဆရာရေ၊ အောင်ငွေကို သရဲဝင်ပူးတယ်ဆိုလား၊ သရဲခြောက်ခံရတယ်ဆိုလားပဲ ဆရာ၊ အဲ့ဒီကောင် အကြောက်လွန်ပြီး သတိလစ်သွားတာ အခုထိပဲတဲ့၊ အခု ဘုန်းကြီးလူထွက် ဦးစံတိုးက ကုပေးနေရတယ်တဲ့"

"ဟေ. . . အဆန်းပဲ၊ စံတိုးက ဘာတတ်လို့ကုနေရတာလဲ အလကား. . လေလုံးသာထွားတာ ဘာမှဟုတ်သိပတ်သိ တတ်တာမဟုတ်ဘူး၊ ဟိုဟာနည်းနည်း ဒီဟာနည်းနည်း၊ ဟိုစပ်စပ် သည်စပ်စပ် သမားပါကွာ"

ဘုန်းကြီးလူထွက် ဦးစံတိုးအကြောင်းကို နောကြေအောင် သိနေသော ကျွန်ုပ်၏စကားကြောင့် တပည့်ကျော် မောင်ပေါ်လည်း ခေါင်းညိတ်နေရတော့သည်။ သို့သော် ငပေါ်လာပြောသောသတင်းကို ကျွန်ုပ်စိတ်ဝင်စားသွားမိသည်။

ကျွန်ုပ်သည် ပေတလောကသားများအပေါ် အထူးစိတ်ဝင်စားလှေ့လာ၍ သုတေသနပြုနေသူတစ်ဦးဖြစ်ပေရာ ယခုသတင်းက ကျွန်ုပ်အတွက် 'ရေဆာတုန်း ရေတွင်းထဲကျ' ဆိုသလိုဖြစ်နေရ၏၊ သို့သော် ရှုပ်ပြာပြာ မောင်ပေါ်စကားကိုတော့ အတည်ယူလို့မဖြစ်သေး. . ။

ဂဏနဏာသိရန် ကျွန်ုပ်ကိုယ်တိုင် စုံစမ်းရပေမည်။ ထို့ကြောင့်လည်း ရေးလက်စစာအုပ်ကို အဆုံးမသတ်နိုင်သေးဘဲ ခဏရပ်ကာ ရွာတန်းရှည်ဘက် တစ်ကိုယ်တည်း လျှောက်လာခဲ့မိသည်။

ကျွန်ုပ်သည် ဤရွာကလေး၏ အေးချမ်းသာယာမှုကို နှစ်သက်လှသော်လည်း ရွာသူရွာသားများ၏ အယူသည်းတတ်မှုကိုတော့ ကြောက်လှပါ။ အထူးသဖြင့် ရိုးရာဓလေ့ အစွဲလန်းများ စုန်း၊ နတ်သောကိစ္စများ၌ များစွာယုံကြည်ကိုးစားတတ်ကြ၏။

ထို့ကြောင့် အောင်ငွေ၏ကိစ္စကို စုံစမ်းရန်အတွက် ရွာထဲမှာ မေးတော့ဘဲ သူကြီးအိမ်သို့ ဦးတည်လျှောက်လာခဲ့တော့သည်

ကိုယ်ထင်ရာ ဆွဲပြောတတ်သော ရွာသားများထံမှ တိကျသောအဖြေ ရမည်မဟုတ်။

သူကြီးကတော့ ထိုသို့မဟုတ်၊ ချင့်ချိန်တွေးတောတတ်သည်ပိုင်းခြားဆုံးဖြတ်နိုင်သည်။ အခုလည်း ထိုကိစ္စကို သူကြီးက အောက်ပါအတိုင်း ရှင်းပြလေ၏။

"ဒီကောင် အောင်ငွေဆိုတဲ့ကလေးက လူငယ်စိတ်ဆိုတော့ စူးစမ်းလေ့လာချင်တယ်၊ လက်တည့်စမ်းချင်တယ်လေ. . .

ဖြစ်ပုံကဒီလို. . .

အောင်ငွေက စောသာထူးတို့ ကရင်လင်မယားအိမ်ကို ဟင်းစားသွားပို့ရင်းက သရဲတစ္ဆေအကြောင်းတွေ စကားစပ်မိပြီး ပြောဖြစ်ကြတယ်၊ ဒီမှာတင် စောသာထူးက ငှက်ပျောပင်စောင့်တဲ့သရဲမ ဇာတ်







www.burmeseclassic.com

www.burmeseclassic.com



လမ်းကို ပြောပြတယ်၊ အောင်ငွေက အရမ်းစိတ်ဝင်စားသွားပြီး လက်တည့်စမ်းတော့တာပဲ"

သူကြီးက ပြောလက်စ စကားကိုရပ်၍ ခံတွင်းချဥ်လာဟန်ဖြင့် ကြေးကွမ်းအစ်ကြီးကိုဖွင့်ကာ ကွမ်းတစ်ယာကို ကျကျနန ယာစားနေလေသည်။

"ရော့ . . ဆရာရဲမိုးလည်း ကွမ်းစားလေ"

သူကြီးကိုယ်တိုင်က ကြေးကွမ်းအစ်ကြီးကို ကျွန်ုပ်ရှေ့တွန်းထိုးပေးလိုက်၍ စားချင်စိတ်ရှိသည်နှင့် ကွမ်းတစ်ယာ ယာစားလိုက်တော့သည်။

"ဆက်ပြောပါအုံး သူကြီး၊ ဇာတ်လမ်းက စိတ်ဝင်စားစရာပဲ"

"ပြောပြပါမယ်ဗျာ၊ စောသာထူးဆိုတဲ့ အရှူးကောင်က ကလေးကို ငှက်ပျောပင်စောင့်သရဲမကိုခေါ်တဲ့နည်း သင်ပေးလိုက်တယ်လေ၊ ဘုန်းကြီးရှူးနဲ့လှေလူး တွေ့ပြီပေါ့ဗျာ"

"ဟုတ်ပ . . အောင်ငွေကလည်း စမ်းချင်တယ်၊ သိချင်တယ်ဆိုတဲ့အကောင်"

"ဒါပြောတာပေါ့၊ ကဲ . . ဆက်ပြောရရင်ဗျာ မနေ့ညက လပြည့်ညမဟုတ်လား၊ ဒီသရဲမကိုခေါ်ရတာက လပြည့်နေ့၊ လကွယ်နေ့ ဒီနှစ်ရက်ပဲ ခေါ်လို့ရတယ် ဆိုကလား၊ အောင်ငွေ ငတုံးကောင်ကလည်း ဘယ်နေမလဲ၊ စောသာထူး သင်ပေးလိုက်သလို လုပ်တော့တာပါပဲ၊ ငှက်ပျောပင်စောင့်တဲ့သရဲမကို ခေါ်တော့တာပဲလေ"

ကျွန်ုပ်စိတ်ထဲ တွေးမိသည်။ အောင်ငွေကိုလည်း အပြစ်မပြောချင်ပါ။ လူငယ်လူရွယ်တို့၏ စိတ်သဘောသဘာဝကို ကျွန်ုပ်ကောင်းစွာနားလည်ပါသည်၊ ကျွန်ုပ်ကိုယ်တိုင်လည်း တချိန်က ထိုသို့ပင် ဖြစ်ခဲ့သည်ကိုး . . .





"ဒီ . . နာမ်လောက၊ ပေတလောကတို့ဆိုတာ အင်မတန် နှင့်ထွေးတာကိုး၊ မပတ်သက်ရင် အကောင်းဆုံးပဲ၊ အခုတော့ အောင်ငွေက လက်တည့်စမ်းပြီး . . အဲဒီမှာတင် ဘယ်နေရာမှာ ဘာတွေလိုပြီး ဘာတွေမှားသွားတယ် မသိဘူး၊ တစ်ခုခုကို မြင်လိုက်ရပြီး ကြောက်အားကြီးပြီး သူ့ခမျာ သတိလစ်သွားတော့တာပဲ၊ အခုထိ သတိမလည်သေးဘူးတဲ့ . . "

"ဟူး"

သက်ပြင်းတစ်ချက်ကို ကျွန်ုပ်မှုတ်ထုတ်လိုက်မိသည်။ အောင်ငွေအစား ကျွန်ုပ် ရင်မောသွားရသည်။ စိတ်မခိုင် ဉာဏ်မပိုင်ဘဲ စမ်းခဲ့တဲ့ အောင်ငွေကိုပဲ အပြစ်တင်ရလေမလား၊ သင်ပေးတဲ့ စောသာထူးကိုပဲ စိတ်ဆိုးရမလား၊ သရဲမကိုပဲ အပြစ်ဖို့ရမလား၊ ကျွန်ုပ်မသိတော့ပါ။

သူကြီးကိုနှုတ်ဆက်၍ စောသာထူးတို့အိမ်ဘက် လျှောက်လာခဲ့မိတော့သည်။ ဤအဖြေ၏ ဖော်မြစ်ကို စောသာထူးတစ်ယောက်သာ အသိဆုံးဖြစ်ပေလိမ့်မည်။

စောသာထူးတို့ အိမ်ဝင်းတွင်းသို့ ရောက်သည်နှင့် ကျွန်ုပ်ကို ဝမ်းသာအားရ ကြိုဆိုပါသည်။

"ဟာ . . စာရေးဆရာကြီး၊ မလာစဖူး အလာထူးလို့ပါလား ကြွပါဗျာ ကြွပါ . . အိမ်ပေါ်တက်ပြီး အဖန်ရည်လေးသောက်ပါအုံး"

"နေပါစေ စောသာထူး . . ဒီကွပ်ပျစ်မှာပဲ ကောင်းပါတယ် ဒီမှာအရိပ်လည်းရတာပဲ"

ကျွန်ုပ်နှင့်စောသာထူးက ဝါးကွပ်ပျစ်လေးတွင် ထိုင်ရင်း . . စကားပြောဖြစ်ကြသည်။

"ဒေါ်ပုမရဲ့သား အောင်ငွေကိစ္စကို ခင်ဗျားသိပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏အမေးကြောင့် စောသာထူးမှာ မျက်နှာတစ်ချက်ပျက်သွား၏။ သို့သော် ချက်ချင်းပင်ပြုံး၍ လေသံတိုးတိုးဖြင့်ပြောသည်။

"အင်း. . . အောင်ငွေ အခုလိုဖြစ်တာ ကျွန်တော့်ပယောဂကြောင့်ဆိုပြီး တစ်ရွာလုံးက အပြစ်ဖို့နေကြတယ်လေ၊ အပြစ်တင်လည်း ခံရတော့မှာပါ၊ ကျွန်တော်ကိုယ်တိုင်က ဒီကောင်လေးကို ထုတ်ပြောမိတာကိုး"

"ခင်ဗျားဗျာ၊ လူငယ်လူရွယ်တွေရဲ့စိတ်ကိုလည်း သိရက်သားနဲ့၊ သူတို့က တစ်ခုခုဆို လက်တွေ့စမ်းချင်နေကြတာကလား၊ အခုတော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်ပြီ"

"ဟုတ်ပါတယ် ကျွန်တော်မှားတာပါ ဆရာရယ်"

"ခင်ဗျားကို အပြစ်ပြောနေတာ မဟုတ်ပါဘူး၊ နောင်. . ဆင်ခြင်ဖို့ သတိပေးတာပါ၊ ဒါနဲ့ မေးပါရစေအုံး စောသာထူး၊ ဒါတွေက တကယ်ပဲလား၊ အမှန်တွေပဲလားဗျာ"

ကျွန်ုပ်စကားကြောင့် စောသာထူးခဗျာ ကြောင်အမ်းအမ်းဖြစ်သွားရသည်။

"ဗျာ. . . ဘာကိုပြောတာလဲဆရာ"

"ဘာကိုပြောရမှာလဲ. . သရဲ. . သရဲမခေါ်တဲ့ကိစ္စပေါ့၊ ငှက်ပျောပင်စောင့်တဲ့ သရဲမကို ခေါ်တဲ့ကိစ္စပေါ့၊ နို့. . နေပါအုံး၊ ဒီသရဲမက ငှက်ပျောပင်မှာ နေသတဲ့လား"

သည်တစ်ခါတော့ စောသာထူးက ကွမ်းချေးတက်နေသောသွားမည်းမည်းကြီးများပေါ်အောင် ပြုံးရင်း တုန့်ပြန်၏။

"ဟီးဟီး. . ကျုပ်တော့ နောက်တစ်ယောက်ကို နောက်တစ်ကြိမ် ထပ်ပြောရတော့မယ်ထင်တယ်၊ မလုပ်ပါနဲ့ ဆရာရယ်. . ဒုတိယ





အောင်ငွေ မဖြစ်ပါစေနဲ့တော့"

"ဒီမယ် စောသာထူး၊ ကျုပ်က စာရေးဆရာဗျ၊ စာရေးဆရာဆိုတာ ကုန်ကြမ်းရှာရတယ်၊ အခု မေးတာကလည်း ကုန်ကြမ်းရှာရုံသက်သက်ဗျ၊ စိတ်ချ ဒုတိယအောင်ငွေ မဖြစ်စေရဘူး၊ ဘယ်သရဲမမှ မခေါ်ဘူး"

ဤသို့ ပိတ်ပြောလိုက်တော့မှ စောသာထူးလည်း ငှက်ပျောပင်စောင့်သရဲမဇာတ်လမ်းကို ရှင်းပြပါတော့သည်။

"ငှက်ပျောပင်စောင့်သရဲမ"ဟု အလွယ်ခေါ်နေကြသော်လည်း ထိုသရဲမမှာ ငှက်ပျောပင်တွင် နေခြင်းမဟုတ်။ သို့သော် ခေါ်ယူရာတွင် ငှက်ပျောပင်ကို အသုံးချပြီးခေါ်ရကြောင်း၊ ငှက်ပျောပင်သည် ကြားခံပစ္စည်းသာဖြစ်ကြောင်း၊ ထိုသရဲမကိုခေါ်ယူလိုလျှင် လပြည့်နေ့ည (သို့မဟုတ်) လကွယ်နေ့ညတွင်သာ ခေါ်ယူရကြောင်း စောသာထူးက ရှင်းပြ၏။

"ဟုတ်ပြီ. . ဒါကြောင့် အောင်ငွေက လပြည့်ညမှာခေါ်ခဲ့တာကိုး၊ ဒါနဲ့ ဘယ်လိုဘယ်ပုံ ခေါ်ရကြောင်း တဆိတ်ရှင်ပြစမ်းပါအုံးဗျာ"

ကျွန်ုပ်အသိချင်ဆုံးအရာကို စောသာထူးကလည်း တစ်ခုမချန် ရှင်းပြလေသည်။

"သွားတော့မစမ်းပါနဲ့ ဆရာသမားရယ်၊ ဒုတိယအောင်ငွေဖြစ်ရင် ရွာကလူတွေ ကျွန်တော့်ကို သတ်ကြလိမ့်မယ်ဗျ"

"စိတ်ချပါဗျာ ဗဟုသုတလိုချင်ရုံသက်သက်ပဲ"

ထို့ကြောင့်လည်း စောသာထူးက သူပိုင်နိုင်သော အကြောင်းအရာကို ဆက်ရှင်းပြပါတော့သည်။

လပြည့်ည (သို့မဟုတ်) လကွယ်ညတွင် ပြုလုပ်ရန် ရွေးချယ်ထားသော ငှက်ပျောပင်၌ လမြင့်အချိန် (ညဆယ့်နှစ်နာရီ)၌ အမွှေး



www.burmeseclassic.com

www.burmeseclassic.com









င်ဖြင့် ထွန်းညှိပူဇော်၍ ပင့်ဖိတ်ရန်ဖြစ်သည်။

"ငှက်ပျောပင်၌ စောင့်ထသောအရှင်မ" ဟူ၍သုံးနှုန်းပင့်ဖိတ်ည်ဖြစ်ပြီး "သရဲမ" ဟုမသုံးရပါ။

ထိုသို့မပင့်ဖိတ်မီ ထိုငှက်ပျောပင်စည်၌ အချွန်တစ်ခုခုဖြင့် းမရုပ်ပုံ ရေးဆွဲရမည်။ သနပ်ခါးလိမ်းပေးရမည်။ အခြားမိန်းမ သုံးအဆောင်များကို အဆင်ပြေသလို ထည့်သွင်းပေးနိုင်သည်။ ထားသော မိန်းမရုပ်၏ပါးတွင် သနပ်ခါးလိမ်းပြီးကာမှ ပင့်ဖိတ်ရ ည်ဖြစ်၏။

*(မှတ်ချက်။ ။ ဤနေရာတွင် ရွတ်ဆိုမန်းမှုတ်ရသော ဂါထာ ္တန်တစ်ပုဒ် ရှိပါသည်။ ဤခေါ်ဆိုသော ကိစ္စတစ်ခုလုံးအတွက် ိကကျသော ဂါထာမန္တန် ဖြစ်ပါ၏။ သို့သော် မဖြစ်သင့်တာ မဖြစ် ရန် ရည်ရွယ်၍ ဤဂါထာမန္တန်ကို ဤနေရာ၌ မဖော်ပြတော့ပါ)*

သိထားသင့်သော စည်းကမ်းချက်များလည်း ရှိသေးသည်။ သရဲမ"ဟု သုံးလိုက်၍ ရုပ်ပျက်ဆင်းပျက် ပုံဆိုးပန်းဆိုးကြီး ကြောက် ာမျက်နှာကြီးဟု ထင်ကောင်းထင်ကြမည်။

မဟုတ်ပါ။ လုံးဝမဟုတ်ပါ။

ချောချောမောမော လှလှပပပုံသာဖြစ်၏။ ထိုမိန်းမ၏ အ က်မှာလည်း နှစ်ဆယ့်ငါးဝန်းကျင်ခန့်သာ ရှိမည်ဖြစ်သည်။ ခေါင်း င် ပဝါတစ်ထည်စည်းထားပြီး ထိုပဝါသည် သူ၏အသက်ပင် ဖြစ် ည်ဟုဆို၏။

ငှက်ပျောပင်စောင့်သရဲမကိုခေါ်ကြသူ အများစုမှာ ထိုပဝါကို ိုရှိ၍ ခေါ်ကြခြင်းဖြစ်သည်။ ထိုပဝါသည် ပီယ၌ တစ်ဖက်ကမ်း ်စွမ်း၏။ ပီယအပွင့်၌ ပြိုင်ဘက်ကင်း၊ လိုသလိုသုံးနိုင်သော အစွမ်း ာ လိုချင်သူ များလှသည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ထိုပဝါကို ရအောင်ယူနိုင်ခဲ့သည်ရှိသော် ထိုသူသည် အိမ်အောက်သို့ပင်မဆင်းဘဲ တစ်ပတ်တိတိ အိမ်ထဲတွင် နေရပေမည်။ ပဝါပိုင်ရှင်သရဲမသည် ထိုပဝါပြန်ရရန် ကြိုးစားပေလိမ့်မည်။ သို့သော် သရဲမသည် အိမ်တံစက်မြိတ်ကို မကျော်နိုင်။ အတွင်းသို့မဝင်ရောက်နိုင်ပေ။

ပထမလေးရက်တွင် ပဝါပြန်ပေးရန် အနုနည်းနှင့်ကြိုးစား၏။ တောင်းပန်ငိုယို၍ တောင်း၏။ ဤပဝါမရှိလျှင် သူလည်း ပျက်စီးလွင့်မျောရမည်ဖြစ်ကြောင်း. . သနားသောအားဖြင့် ပြန်ပေးပါရန်. . ငိုယိုတောင်းလိမ့်မည်။

ဒုတိယသုံးရက်တွင်မူကား အကြမ်းနည်းသုံးလေပြီ။

အကြမ်းနည်းဆို၍ ကုပ်ကိုခွပြီး လည်ပင်းလာညှစ်သတ်ခြင်းတော့ မဟုတ်ပါ။ အိမ်အပြင်ပတ်လည်မှ ကြောက်စရာရုပ်၊ အသံ၊ အနံ့တို့ဖြင့် ခြောက်လှန့်ခြင်းမျိုးဖြစ်သည်။ ထိုခြောက်လှန့်မှုကိုလည်း အခြားအိမ်သားများမခံရဘဲ ကိုယ်တစ်ယောက်တည်း ကြုံနေရသည်။ အကြမ်းရမ်းဆုံး၊ နည်းပေါင်းစုံဖြင့် ခြောက်လှန့်ပေမည်။

အိမ်ပေါ်မှအိမ်အောက် လုံးဝဆင်းပါနှင့်၊ အပေါ့အလေးကိုပင် အိမ်ပေါ်တွင် တနည်းနည်းဖြင့် ဖြေရှင်းပါ။

ထိုသို့ဆိုလျှင် အန္တရာယ်မသက်ရောက်ပါ။

ထိုသို့ အနုနည်းဖြင့် လေးရက်၊ အကြမ်းနည်းဖြင့် သုံးရက်. . စုစုပေါင်း တစ်ပတ်တိတိကြံ့ကြံ့ခံနိုင်လျှင် ထိုပဝါကို သင်ပိုင်ဆိုင်သွားပါပြီ။ ဉာဏ်ရှိသလို အသုံးချပေတော့၊ မည်သည့်အနှောင့်အယှက်မှ မမြင်ရ၊ မကြုံရတော့ပါ။

ဤကား စောသာထူးပြောပြသော ဆောင်ရန်ရှောင်ရန်အချက်များသာတည်း။ ဤသို့ ပဝါရဖူးသူရှိပါသလားဟု မေးရာ သူကိုယ်





တွေ့အရ ရဖူးသူတစ်ဦးရှိကြောင်း သိရပြီး အသေးစိတ်သိလိုက မေးမြန်းနိုင်ရန် လိပ်စာအတိအကျပေးလေသည်။

ကျွန်ုပ်အနေဖြင့် သေသေချာချာဂဏာနဏာ သိလိုသော်လည်း သွားရမည့်ခရီးမှာ ဧရာဝတီတိုင်းအတွင်းရှိ ကျေးရွာကလေးတစ်ရွာတွင် ဖြစ်နေ၍ လောလောဆယ်သွားရန် အစီအစဉ်မရှိသေးပါ။

စောသာထူးပြောပြသော အတွေ့အကြုံတို့ကို မှတ်သား၍ ကျွန်ုပ်ပြန်လာခဲ့ပေသည်။ လမ်းတွင် အသိတစ်ယောက်နှင့်တွေ့၍. . အောင်ငွေ့သတင်းကိုလည်း ကြားလိုက်ရပေသည်။

"သူ့ခဗျာ သနားစရာပဲ၊ သတိပြန်ရတော့လည်း လူကောင်းစိတ် မဟုတ်တော့ဘူး၊ သည်းခြေပျက်သွားပြီလို့ ပြောတယ်၊ သူ့အမေတော့ ရင်ကျိုးလို့ပေါ့၊ လူငယ်တွေကလည်း ခက်တယ်၊ မစူးစမ်းသင့်တာကို စူးစမ်းမိရင် ဘာဖြစ်တတ်တယ်ဆိုတာကို အောင်ငွေတစ်ယောက်တော့ ဘဝနဲ့ရင်းပြီး သိလိုက်ရပြီလေ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အနှုံးဘဝ ရောက်သွားပြီလေ"

ထိုစကားတွေကြားတော့ ကျွန်ုပ်ရင်ထဲမကောင်း၊ အောင်ငွေ့အပေါ်မှာလည်း များစွာကရုဏာသက်နေမိသည်။ သင်ခန်းစာတစ်ခုအဖြစ်လည်း လူငယ်တို့ကို ဆုံးမကြရပေလိမ့်မည်။

ဤအဖြစ်ဆိုးကြောင့် ငှက်ပျောပင်စောင့်သရဲမကို စိတ်ဝင်စားကြသော်လည်း မည်သူမျှ ခေါ်ရန်မကြိုးစားကြပေ။ ရူးသွပ်သွားသော အောင်ငွေ၏အဖြစ်ဆိုးမျိုး မည်သူမျှ မလိုလားကြ၍ဖြစ်၏။

သို့သော်. . ကျွန်ုပ်ရင်ထဲမှာ လိပ်ခဲတည်းလည်းဖြစ်နေသည့် မေးခွန်းတာတွေ ရှိနေသည်။ အောင်ငွေတစ်ယောက် ဘာကိုဘယ်လိုတွေ့ခဲ့ပါသလဲ. . .

ထိုမေးခွန်း၏အဖြေကို ကျွန်ုပ်အတိအကျ သိလိုလှ၏။ ထို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူပြောငါပြော အခြေနေထက် မိမိကိုယ်တိုင် စမ်းသပ်ရန် ဆုံးဖြတ်လိုက်သည်။ ထို့အတွက် ကျွန်ုပ်အား ရူးသွပ်သူဟု ပြောချင် ပြောနိုင်သည်။ သို့သော် အဖြေတစ်ခုကို သိချင်လွန်းသောအကျင့်ရှိ သည့် ကျွန်ုပ်သည် ဘာကိုမျှဂရုမစိုက်ဘဲ လုပ်ဆောင်ရန် ဆုံးဖြတ်ချက် ချလိုက်တော့သည်။

ထိုနေ့သည်ကား လကွယ်နေ့ညပင်ဖြစ်၏။

ကျွန်ုပ်ရောက်ရှိနေသောနေရာကား မော်ဘီမြို့အစွန်ရှိ ခြံဝင်း ဘင်ခုအတွင်းဖြစ်သည်။ ထိုအိမ်သည် ကျွန်ုပ်လုပ်ဆောင်ရန် အထူး သင့်လျော်နေ၍ ရွေးချယ်လိုက်ရခြင်းဖြစ်သည်။

ထိုအိမ်၌ ကျွန်ုပ်၏အဒေါ်အရင်းဖြစ်သူ ဒေါ်နှင်းမှုံနှင့် သမီး ဖြစ်သူ မေမြတ်မွန်တို့လင်မယား၊ စုစုပေါင်း (၃)ယောက်သာရှိ၏။ မေမြတ်မွန်၏ ယောကျ်ားဖြစ်သူမှာလည်း လူရိုးလူအေးဖြစ်ကာ ကျွန်ုပ် အပေါ်တွင်လည်း ရိုသေလေးစားမှုရှိသူဖြစ်သည်။ ဝတ္ထုတစ်ပုဒ်ရေးရန် ဟူသော အကြောင်းပြချက်ဖြင့် ရောက်လာသော ကျွန်ုပ်အပေါ် မည် သူမျှ သံသယမဝင်ကြ။

ပျဉ်ထောင်အိမ်လေးမှာ သိပ်မကြီးလှသော်လည်း ခြံဝင်းကြီး ကား အတော်ကျယ်၏။ စားပင်သီးပင်၊ အရိပ်ရပင်များစွာ ရှိနေ၍ လည်း အေးမြစိမ်းစိုနေပေသည်။ အိမ်အနောက်ဘက်ထွင်ကား ငှက် ပျောပင်တစ်အုပ်ရှိပေရာ ကျွန်ုပ်အတွက် ရေကန်အသင့် ကြာအသင့် ဖြစ်သွားရသည်။ သစ်ပင်ကြီးများ အုံ့မှိုင်းကာဆီးနေ၍လည်း တစ်ခြံ နှင့်တစ်ခြံ အလွယ်တကူ မမြင်နိုင်ခြင်းသည် ကျွန်ုပ်လုပ်ငန်းအတွက် အားသာချက်ဖြစ်နေ၏။

"နေပါ. . တစ်ရက်မဟုတ်ဘူး၊ တစ်ပတ်ပဲနေနေ၊ တစ်လ နေနေ. . ဒါကိုယ့်အမျိုးအိမ်ပဲ ဘာအားနာစရာရှိလဲ မောင်ရဲမိုးရဲ့"





အဒေါ်ဖြစ်သူကတော့ သွေးသားရင်းပီသစွာ လိုလိုလားလား သက်ခံပါသည်။

"ဦးမိုး ဘာမှအားမနာနဲ့ နေတတ်သလိုနေ နေချင်သလိုနေ၊ ကိုယ့်ဦးလေး တစ်ခါတစ်ရံလာတုန်း မွန်လေးက ကောင်းကောင်းချက် ကျွေးမှာ၊ ပြီးတော့ ဒီခြံဝင်းက အေးချမ်းတယ်၊ ဦးမိုး စာရေးလို့ အ ကောင်းဆုံးနေရာပဲ"

တူမဖြစ်သူ မေမြတ်မွန်တို့ ဇနီးမောင်နှံကလည်း ငြိုငြင်မှု အလျဉ်းမရှိ။ ကျွန်ုပ်ရောက်လာ၍ ပျော်နေကြပုံရသည်။ ဦးလေးဖြစ် သူ ကျွန်ုပ်က စာရေးဆရာဖြစ်နေ၍ သူ့မှာ မေးချင်စရာတွေ တသီ ကြီးဖြစ်နေပုံပေါ်သည်။

"ဦးမိုး သမီးကိုပြောပြပါအုံး၊ ဥစ္စာစောင့်ဆိုတာ တကယ်ရှိ သလားဟင်"

မေမြတ်မွန်က အခုတော့ အိမ်ထောင်ရှင်မနဲ့မတူတော့၊ ချွဲနွဲ့ ဘတ်သော ကလေးဆိုးလေးတစ်ဦးပမာ ဖြစ်နေ၏။

"ရှိတာပေါ့ကွယ်၊ မမြင်ရတဲ့ လောကသားတွေအကြောင်းကို ဘုရားရှင်လည်း ဟောပြထားတာပဲမဟုတ်လား"

"ဒါဖြင့် ဒီဥစ္စာစောင့်ဆိုတာက သုံးဆယ့်တစ်ဘုံမှာ ဘယ်ဘုံ သဲစာရင်းဝင်လဲ ဦးမိုး"

"အင်. ."

ထိုမေးခွန်းက ကျွန်ုပ်ကို အငိုက်မိသွားစေသည်။ ချက်ချင်းမ ဖြေနိုင်ဘဲ အပြင်းအထန်စဉ်းစားလိုက်ရသည်။ တစ္ဆေသရဲလည်းမ ဟုတ်၊ နတ်လည်းမမြည်သော ဤဥစ္စာစောင့်သည် မည်သည့်ဘုံသား ဖြစ်ပါသနည်း။ မည်သည့်ဘုံတွင် စာရင်းဝင်ပါလေသနည်း။ ကြာကြာ တော့ မစဉ်းစားလိုက်ရပါ။ ပိုင်နိုင်သောလေသံဖြင့် အခုလိုပြန်ရှင်းပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။

"ဒီလိုရှိတယ် မေမြတ်မွန်ရဲ့. . .

ဥစ္စာစောင့်ဆိုတာ ဝေမာနိက ပြိတ္တာအနွယ်တွေပဲ၊ ပြိတ္တာဘုံသား တစ်မျိုးပဲကွဲ့၊ ဒါပေမယ့်. . ပြိတ္တာတွေဆိုတာ ပုံဆိုးပန်းဆိုး စားရမဲ့သောက်ရမဲ့ ဘဝတွေလို့သိထားကြတယ် မဟုတ်လား၊ ဥစ္စာစောင့်တွေကိုတော့ ချောချောလှလှတွေ တွေ့ကြရလို့ နားလည်ရခက်ကြလိမ့်မယ်၊ အမှန်က ဥစ္စာစောင့်တွေက ကုသိုလ်ကောင်းမှုအကျိုးဆက်တွေကို ခံစားခွင့်ရကြလို့ အခုလိုဖန်ဆင်းနိုင်တဲ့ ကမ္မဇဒ္ဓိ အစွမ်းသတ္တိတွေ ရနေကြတာကွဲ့၊ ဟိုအကောင်တွေလို ဒုက္ခခံဘဝမျိုးတော့ မဟုတ်ဘူး"

"ဒါနဲ့ ဦးမိုး. . သိုက်နဲ့ ဥစ္စာစောင့်ကကော အတူတူပဲလား"

ပြီးပြီထင်ထားတာ ထင်သလိုမပြီးခဲ့။ မေမြတ်မွန်သည် အင်မတန်မှ ကပ်သီးကပ်ဖဲ့ တွေးတတ်မေးတတ်သူပင်တည်း။ ကျွန်ုပ်လည်း အရှုံးမခံ ပြန်ဖြေလိုက်ရသည်။

"လူပြိန်းနားလည်လွယ်အောင် ဦးလေးရှင်းပြမယ်. . ."

"လူပြိန်း"ဟူသောဝေါဟာရကြောင့် မေမြတ်မွန်တစ်ယောက် နှုတ်ခမ်းတွန့်သွားသည်။ သို့သော်. . ဘာမှမတုန့်ပြန်ဘဲ ငြိမ်သက်စွာ နားထောင်နေ၍ ကျွန်ုပ်က ဆက်ရှင်းပြရ၏။

"ဒီလိုကွဲ့. . . ဥစ္စာစောင့်ရော သိုက်နန်းရှင်ဆိုတာတွေက ဝေမာနိကအနွယ်ဝင်တွေချည်းပဲ၊ ဒါပေမဲ့ သိုက်တွေက ပိုတန်ခိုးကြီးတယ်၊ ကမ္မဇဒ္ဓိအစွမ်း မြင့်မားကြတယ်၊ ဥစ္စာစောင့်ဆိုတာ တစ္ဆေသာသာအဆင့်ပါပဲ၊ ပစ္စည်းဥစ္စာ တစ်စုံတစ်ခုကို စွဲလန်းပြီး မကျွတ်မလွတ်ဘဝဖြစ်နေတာ၊ သူတို့မှာ အစွဲတစ်ခုကလွဲရင် ဘာခံယူချက်မှ မရှိဘူးအဲ. . သိုက်တွေက ဒီလိုမဟုတ်ဘူး၊ ဘုရားသိုက်၊ ပညာသိုက်၊ ပိုင်ရှင်မဲ့





ဥစ္စာသိုက်စသဖြင့် သိုက်တွေစောင့်ကြပ်နေတာက သူတို့ကိုယ်ကျိုးအတွက် မဟုတ်ဘူး၊ အရိမေတ္တယျဘုရားရှင်ပွင့်ရင် လှူဒါန်းပူဇော်ဖို့ စောင့်ရှောက်နေကြတာ၊ ဒီတော့ တန်ခိုးချင်းကွာတာပေါ့"

"ဩော်. . ဩော်. . "

မေမြတ်မွန်တစ်ယောက် ကျေနပ်သွားပုံရသည်။ သို့တိုင်အောင် ခဲရာခဲဆစ် အမေးပုစ္ဆာများကို ညကိုးနာရီအထိ တတွတ်တွတ်ဆက်မေးနေတော့၏။ သူအိပ်ယာဝင်တော့မှ ကျွန်ုပ်မှာ အသက်ရှူချောင်ခဲ့ရသည်။

အားလုံးအိပ်မောကျနေပြီ ထင်ရသောအချိန်ကျမှ ကျွန်ုပ်မှာ အသာထ၍ နာရီကိုကြည့်လိုက်သည်။ အချိန်က ညဆယ့်တစ်နာရီခွဲကျော်လေပြီ။

"အင်း. . . အချိန်ကျပြီ"

ကျွန်ုပ်သည် အိပ်ယာမှအသာထ၍ အသင့်ပြင်ဆင်ထားသော အိတ်လေးကိုယူကာ အနောက်ဘက်တံခါးသို့ ထွက်လာခဲ့သည်။ အိမ်သားများ၏ ဟောက်သံကိုကြားရ၍ ပိုစိတ်အေးသွား၏။ ခြေကိုဖော့နင်းကာ တံခါးကို အသံမကြားအောင် ဖွင့်ထွက်လာခဲ့သည်။

အကယ်၍ တစ်စုံတစ်ဦးက တွေ့လျှင်ပင် ကျွန်ုပ်ကို အပေါ့အပါးသွားရန်ဟု ထင်ကြပေလိမ့်မည်။

လကွယ်ညဟူသည့်အတိုင်း ပတ်ဝန်းကျင်က မှောင်မည်းနေ၏။ လမ်းပေါ်တွင် ခွေးလေခွေးလွင့်များ၏ ကိုက်ခဲမာန်ဖီသံမှအပ ပတ်ဝန်းကျင်သည် ငြိမ်သက်နေလေသည်။ ပုဇဉ်းရင်ကွဲတို့၏ အော်သံမျှပင် မကြားရ။

ကျွန်ုပ်သည် နဂိုကတည်းက ရွေးချယ်ထားသော အကြီးဆုံးငှက်ပျောပင်ကြီးဆီသို့ ဦးတည်လျှောက်လာခဲ့သည်။ ထိုအချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com





လေအေးတစ်ချက် ဝှေ့ခနဲတိုက်ခတ်လိုက်ရာ ကျွန်ုပ်တစ်ကိုယ်လုံ
ဖြန်းခနဲ ကြက်သီးထသွားမိသည်။

လေတစ်ချက်တိုက်ရုံနှင့် ဤသို့ကြက်သီးထစရာအကြောင်
မရှိ။ ကျွန်ုပ်သည် သူရဲကောင်းမဟုတ်သော်ငြား သရဲဘောကြောင်သူ
လည်း မဟုတ်ပေ။ သို့သော် အေးစိမ့်စိမ့်နှင့် မနှစ်မြို့ဖွယ်ခံစားမှုတစ်
ကိုတော့ ကျွန်ုပ်ခံစားနေမိသည်မှာ အမှန်ပင်။

ငှက်ပျောပင်ကြီးသည် ကျွန်ုပ်ရှေ့တွင် မားမားမတ်မတ်ရပ်
နေ၏။ အရွက်ဖားဖားကြီးများမှာလည်း ရုတ်တရက်ကြည့်လျှင် လက်
တံကြီးများနှင့် တူလှပေသည်။ မနှစ်မြို့သော မျက်လုံးများဖြင့် ကျွန်ုပ်







ကို စိမ်းစိမ်းကြည့်နေသည်ဟုလည်း ကြံဖန်၍ တွေးလိုက်မိသည်။

စိတ်ခြောက်ချားခြင်းက. . တကယ်ကြောက်စရာထက် ပို
ခြောက်လှန့်တတ်သည်ကို ကျွန်ုပ် ကောင်းစွာသိပါသည်။ ထို့ကြောင့်
စိတ်ကိုမာန်တင်း၍ ငှက်ပျောပင်ရှေ့တွင် ရပ်လိုက်၏။ အိပ်ထဲတွင်
အသင့်ပါလာသော အမွှေးတိုင်နှစ်တိုင်ကိုပူး၍ မီးထွန်းညှိကာ ငှက်
ပျောပင်စည်တွင် စိုက်ရင်းမှ ပါးစပ်မှလည်း ခပ်တိုးတိုးရေရွတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငှက်ပျောပင်စောင့်အရှင်မ ကျွန်ုပ် သင့်ကိုဒုက္ခပေးရန် မ ရည်ရွယ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့နှစ်ဦး မိတ်ရင်းဆွေရင်းပမာ တွေ့ နိုင်ပါစေသတည်း"

ဤသို့ပြောရမည် ဤသို့တိုင်တည်ရမည်ဟု ညွှန်ကြားချက် တွင် မပါရှိပါ။ သို့သော် ကျွန်ုပ်ရင်ထဲပြောချင်လာ၍ ယခုကဲ့သို့ ထုတ် ပြောရခြင်းသာ ဖြစ်ပေသည်။ ထို့နောက် ကျွန်ုပ်သည် အချိန်မဆိုင်းဘဲ သနပ်ခါး အခဲသေးသေးလေးများကိုထုတ်၍ အသင့်ပါလာသော ရေ ဘူးမှရေဖြင့် ရောလိုက်၏။

မထူမကျဲအနေအထားရလာသောအခါမှ သံချွန်ဖြင့် အပင် တွင် မိန်းမပုံရေးဆွဲလေတော့သည်။ ပန်းချီအခြေခံတတ်ကျွမ်းသူဖြစ် ၍ ဤပုံအတွက် အခက်အခဲတစ်စုံတစ်ရာမရှိ၊ ခန္ဓာကိုယ်အချိုးစား ကျသော မိန်းမပျိုတစ်ယောက်၏ ရုပ်ပုံသည် ငှက်ပျောပင်တွင် ပေါ် လာတော့သည်။

မိန်းမပျို၏ ပါးနှစ်ဘက်နေရာတွင် အသင့်ဖျော်ထားသော သနပ်ခါးကို ခပ်ထူထူလိမ်းကျံပေးလိုက်သည်။ ကျွန်ုပ်သည် ထိုသို့သ နပ်ခါးလိမ်းကျံပေးရာတွင် ပြီးရင်ပြီးရောသဘောဖြင့်မလုပ်ဘဲ အမှန် တကယ် စိတ်ပါလက်ပါ ဂရုစိုက်၍ လိမ်းကျံပေးနေမိခြင်းဖြစ်၏။ မိဘ က သားသမီးကို ဂရုစိုက်ပုံမျိုးနှင့်ပင်တူနေ၏။

အလုံးစုံပြီးစီးသောအခါ နောက်ဆုံးအဆင့်ဖြစ်သော ဂါထာ ရွတ်၍ ပင့်ခေါ်အသက်သွင်းရန်သာကျန်၏။ ဂါထာမှာလည်း အလွတ် ရနေပြီဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ဝဲကြည့်ပြီးနောက် ငှက်ပျောပင်တွင်ဆွဲထားသော မိန်းမရုပ်အား မမှိတ်မသုန်စူးစိုက်ကြည့်၍ ဂါထာရွတ်ရန် လည်ချောင်းရှင်းလိုက်၏။

"အဟမ်း"





ထိုစဉ်မှာပင် 'ဂျောက်'ဟူသော အသံနှင့်အတူ တဆက်တည်း ကျွီခနဲ အသံကို ရုတ်တရက်ကြားလိုက်ရသည်။ အသံက အိမ်၏ နောက်ဘက်တံခါး တစ်ချပ်ပွင့်လာ၍ ထွက်ပေါ်လာသော အသံပင် ဖြစ်၏။ ကျွန်ုပ်ရင်ထဲ ထိတ်ခနဲဖြစ်ကာ. . အနီးရှိ သရက်ပင်တစ်ပင် နောက် ဖတ်ခနဲကပ်၍ ကြည့်လိုက်ရာ. .

"ဟင်. . မေမြတ်မွန်"

ဟုတ်ပေသည်။ လွန်စွာမှစကားများ၍ လွန်စွာမှလည်း စပ်စု တတ်သော ကျွန်ုပ်တူမ မေမြတ်မွန်ပင်ဖြစ်ပါသည်။ အိပ်ရာမှ တရေး နိုး၍ အပေါ့အပါးသွားရန် ထလာခြင်းဖြစ်ဟန်တူ၏။ အိပ်မှုန်စုန်မွှား ဖြင့်၊ လက်ထဲတွင် လက်နှိပ်ဓါတ်မီးတစ်လက်လည်းပါသည်။

"ဟာ. . ပြဿနာပဲ"

မည်သို့ဆိုစေကာမူ ကျွန်ုပ်အတွက်တော့ အချိန်ကိုက်အ နှောင့်ယှက်ဝင်ခြင်းပင်ဖြစ်သည်။ ဆက်တိုက်လုပ်ဆောင်ရမည့် အစီ အစဉ်ထဲ၌ နောက်ဆုံးအဆင့်ဖြစ်သော ဂါထာရွတ်ရန်သာ ကျန်တော့ သည်။ ရွတ်ဆိုအံ့ဆဲဆဲ၌ မေမြတ်နိုးထွက်လာ၍ ကျွန်ုပ်ဝင်ပုန်းနေရ သည်။

အိမ်သာမှာ အိမ်နှင့် ခြေလှမ်းနှစ်ဆယ်မျှ လှမ်းရပေမည်။ ထို့ပြင် အိမ်သာနှင့် ကျွန်ုပ်ရှိသည့်ငှက်ပျောပင်သည် ခြေလှမ်းဆယ် လှမ်းမျှ လှမ်းရပေလိမ့်မည်။ မှောင်မိုက်သော အချိန်ဖြစ်၍လည်း ကောင်း၊ အိပ်ချင်စိတ်ကြီးစိုးနေသော အချိန်ဖြစ်၍လည်းကောင်း၊ မေမြတ်နိုးအဖို့ ကျွန်ုပ်ကို အလွယ်တကူ တွေ့မည်မဟုတ်။

ကျွန်ုပ်ထင်သည့်အတိုင်း တူမချောက အိမ်သာရှိရာသို့ ငိုက်စိုက်ငိုက်စိုက်ဖြင့် လျှောက်သွားနေပါသည်။ ထို့ကြောင့် ကျွန်ုပ်လည်း သရက်ပင်ခြေရင်းမှ ဆောင့်ကြောင့်ထိုင်လျက် ငှက်ပျောပင်ရှိရာ

www.burmeseclassic.com



မျက်နှာမူကာ ဂါထာ(၂၇)ခေါက်ကို ခပ်တိုးတိုးရွတ်ပါတော့၏။

"ဦး----------------

-------------------------------"

မေမြတ်မွန် အိမ်သာထဲကထွက်လာတော့ ဂါထာ(၁၈)ခေါက် ရွတ်ပြီးနေလေပြီ။ လာတုန်းကလိုပင် ငိုက်စိုက်စိုက်ဖြင့် လျှောက်သွားနေသည်။ ထိုသို့ လျှောက်နေရင်းမှ မေမြတ်မွန်သည် ရုတ်တရက် ရပ်လိုက်၏။ ထူးခြားသောအဖြစ်ကြောင့် ကျွန်ုပ်လည်း ရင်တထိတ်ထိတ်ဖြင့် သူမကိုကြည့်နေမိသည်။

မေမြတ်မွန် ခြေလှမ်းတွေရပ်လိုက်ပြီးနောက် ကျွန်ုပ်ပြုလုပ်နေသော ငှက်ပျောပင်ဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ ထို့နောက် မျက်လုံးကြီးပြူးကာ အာခေါင်ခြစ်၍ စူးစူးဝါးဝါး ဟစ်အော်လေတော့၏။

"အား. . သ. . သရဲ. . သရဲ. . လာကြပါအုံး"

တိတ်ဆိတ်သော ညဥ့်လယ်၌ သူ့အသံက စူးရှစွာထွက်ပေါ်လာသည်။ ထိုသို့အော်ဟစ်ရင်းက လက်ညှိုးထိုးကာ ပျော့ခွေလဲကျသွားပါတော့သည်။

"ဟိုက်. . ပြဿနာပဲ"

ထိုအချိန်တွင် ကျွန်ုပ်ကိုယ်ပေါ်သို့ ငှက်ပျောကိုင်းမှ ငှက်ပျောရွက်ကြီးများ ကျလာကာ လာရောက်ပွတ်သပ်လေတော့သည်။

တစ်ကိုယ်လုံး အကြောအချဉ်များ ယားယံသွားသလို ကြက်သီးမွေးညှင်းများလည်း ထသွားရသည်။

ကျွန်ုပ်လည်း ပုန်းနေရာမှ ချက်ခြင်းထကာ ပြေးထွက်ရတော့၏။ စောစောက ကျယ်လွန်းလှသည့်အော်သံကြောင့် အိမ်သားများသာမက ပတ်ဝန်းကျင်အိမ်များမှပါ လန့်နိုးကာ ပြေးထွက်လာကြ





သည်။

"ဟဲ့. . ဟဲ့. . ဘာဖြစ်တာလဲ"

"မေမြတ်မွန် ဘာဖြစ်လို့လဲ"

ခြံထဲမှာ လူဆယ်ယောက်လောက် ဖြစ်ကုန်သည်။ ကျွန်ုပ်သည် မေမြတ်မိုးကို ပွေ့ထူထားရင်းမှ မုသားသုံး၍ ရှင်းပြရတော့သည်။

"ကျွန်တော် အပေါ့သွားမလို့ ထွက်လာတာပါ၊ တူမလေးက အိမ်သာက ပြန်လာတယ်ထင်တယ်၊ လမ်းတစ်ဝက်မှာ ရုတ်တရက်ကြီး ထအော်ပြီး အခုလို ပုံလဲကျသွားတာပါပဲ"

"ဖြစ်မှဖြစ်ရလေသမီးရယ်၊ ဟဲ့. . ရှူဆေးသွားရှာကြ"

"ယပ်ခပ်ပေး"

"မျက်နှာကို ရေနဲ့တောက်"

မေမြတ်မိုး ထိုအိမ်ထဲသို့ ပွေ့ချ၍ ဝိုင်းဝန်းပြုစုကြ၍ 'တအင်းအင်း တအဲအဲ' ညည်းတွားရင်း သူ သတိရလာသည်။ သို့တိုင်အောင် ကြောက်လန့်နေသော အရိပ်အယောင်ကို သူ့မျက်ဝန်း၌ တွေ့နေရသေး၏။

"ကြောက်တယ်. . သမီးကြောက်တယ်၊ သရဲ. . သရဲမ လာနေတယ်"

"ဟဲ့. . သမီး ဘာတွေပေါက်ကရပြောနေတာလဲ သတိထားစမ်း. . ရေမန်းရှိလား၊ ရေမန်းရှိရင် နည်းနည်းတိုက်လိုက်ပါလား၊ မျက်နှာကိုလည်း ရေမန်းနဲ့တောက်ပေး"

ခပ်ဝဝမိန်းမကြီးတစ်ယောက်က သူ့လည်ပင်းမှာ စွပ်ထားတဲ့ ပုတီးကိုဖြုတ်၍ မေမြတ်မွန်တွင်စွပ်ပေးသည်။

"ဒါ နှယ်နှယ်ရရ ပုတီးမဟုတ်ဘူး၊ သိမ်ကိုးသိမ် ဖွင့်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပုတီး၊ အမှောင့်ပယောဂနိုင်တယ်၊ ရှမ်းပြည်ဘက်က သာသနာပြု ရသေ့တစ်ပါး ချီးမြှင့်ထားတာ"

ကျွန်ုပ်ကတော့ 'ဟင်း'ခနဲ သက်ပြင်းတစ်ချက်ကို ခိုးချလိုက်သည်။ စိတ်ထဲမှာလည်း ရှုပ်ထွေးနေသည်။ အနှောင့်အယှက်ဝင်တာပဲဟုလည်း သိနေ၏။ ငါဘာတွေမှားခဲ့လို့လဲ၊ ဘယ်နေရာလိုသွားတာလဲ စသဖြင့်တွေးနေမိသည်။

"သမီး သက်သာပြီလား. . ဘာမှမကြောက်နဲ့၊ နေပါအုံး ဘာတွေမြင်ပြီး ဘာတွေတွေ့လည်း ပြောပါဦးသမီး"

မေမြတ်မွန်က အသက်ကို ပြင်းပြင်းနှစ်ချက်ရှူလိုက်ပြီးမှ အခုလိုရှင်းပြ၏။

"သမီး အိမ်သာကအပြန်မှာ 'ဟဲ့. . ငါ့ကိုဘာလို့ပင့်တာလဲလို့' ပြောတဲ့မိန်းမအသံတစ်ခု ကြားလိုက်တယ်၊ သမီးရင်ထဲ ထိတ်ခနဲ ဖြစ်သွားပြီး အသံကြားတဲ့ဘက် လှည့်ကြည့်လိုက်တော့. . . . ."

"ဆက်ပြောလေသမီး ဘာတွေမြင်တာလဲ"

မေမြတ်မွန်က ရင်ကိုလက်ဖြင့်ဖိရင်း အသက်ကိုလုရှူလိုက်သည်။ မျက်စိအစုံကလည်း မဝံ့မရဲဖြင့် နောက်ဖေးတံခါးဘက် စောင်းငဲ့ကြည့်နေသည်။ ထိုနောက်တွင်မှ. .

"သမီး ငှက်ပျောပင်ဘက်ကို ကြည့်လိုက်တော့ ငှက်ပျောပင်ကြီးက လင်းထိန်သွားသလိုလို. . အလင်းတွေ ဖြာထွက်လာသလိုလို မြင်လိုက်ရတယ်၊ ပြီးတော့ ပင်စည်ကြီးက ဖောင်းကြွလာပြီး အထဲက အထဲက. . . . ."

"အထဲက. . ဘာဖြစ်လဲ တူမလေး"

"သရဲမ. . . ဟုတ်တယ်၊ အပင်ထဲကထွက်လာတာ. . တစ်လုံးချင်းထွက်လာတာ၊ ဒါပေမယ့် မျက်နှာက အရုပ်ဆိုးဆိုးတော့မ





ဟုတ်ဘူး၊ ချောချောလှလှလေးပဲ၊ ဆံပင်က ဖားလျားချထားတယ်၊ ကြက်သွေးရောင်ဝမ်းဆက်နဲ့. . ခေါင်းမှာ ပဝါနီတစ်ထည် စည်းထားတယ်"

မေမြတ်မွန်စကားကြောင့် ကျွန်ုပ်မှာအံ့ဩသွားသည်။ တိုက်ဆိုင်မှုလား၊ တကယ်ပဲလားတော့မသိ၊ စိတ်ထဲသိပ်မရှင်းတာတစ်ခုကိုလည်း ထုတ်မေးလိုက်မိသည်။

"နေပါအုံး ငါ့တူမရဲ့၊ ချောချောလှလှမိန်းကလေးကိုတွေ့တာ ဘာလို့ဒီလောက် ကြောက်သွားရတာတုန်း၊ ပြီးတော့ ဘာလို့ သရဲမလို့ ထင်ရတာလဲ တဆိတ်ရှင်းပြဦးကွယ်. . ."

မေမြတ်မွန် မဖြေခင်မှာပင် ခုနက ပုတီးစွပ်ပေးသည့် ခပ်ဝဝ အဒေါ်ကြီးက ဆရာကြီးလေသံဖြင့် ဝင်ပြောသည်။

"အိုကွယ်. . ညသန်းခေါင်အချိန်ကြီးဆိုတော့ အလိုလိုနေရင်းကြောက်နေတာ သဘာဝပဲလေ၊ ပြီးတော့. . ကြည့်အုံး၊ ထွက်လာတာက ငှက်ပျောပင်ထဲက၊ ဘယ်လောက်ချောချော ဘယ်လောက်လှလှ ဒီလိုတွေ့တာ ဘယ်သူမလန့်ဘဲ၊ မကြောက်ဘဲ နေမလဲကွဲ့"

ထိုမိန်းမကြီးပြောတာ သဘာဝကျသည်ဟု ကျွန်ုပ်ယူဆမိသည်။ အသုဘ အိမ်တစ်အိမ်ကိုပဲကြည့်လေ။ ကိုယ်ချစ်တဲ့ အဖွား၊ သို့မဟုတ် အမေ ဆုံးသွားသည်ပဲဆိုပါစို့။ သိပ်ချစ်ပါသည်ဆိုတဲ့ အဖွားကိုပင် ပြန်ကြောက်နေတတ်သည်။

မတော်တဆများ အိမ်သာသွားတုန်း ဆုံးသွားတဲ့အဖွားကို သစ်ပင်တစ်ပင်အနားမှာ ဘွားခနဲတွေ့လိုက်လျှင်ပဲ မည်သူမဆို လန့်ဖျပ်သွားကြပေလိမ့်မည်။ အဘယ်ကြောင့်ဆိုတာကို ကျွန်ုပ်လေ့လာယူဆချက်အရ အချက်နှစ်ချက်ကိုတွေ့ရသည်။

ပထမအချက်က ထိုသူကို 'သေပြီ' ဟုသိထားခြင်း၊ သိစိတ်က




www.burmeseclassic.com

www.burmeseclassic.com



ထိုသူကို မရှိတော့သူအဖြစ် လက်ခံထား၍ဖြစ်သည်။ ဒုတိယအချက်မှာမူ ပို၍ပဓာနကျ၏။ သိပ္ပံဆန်ဆန်ပြောရလျှင် သေပြီးသူ(တစ္ဆေသရဲ၊ ဝိညာဉ်)တို့မှ သာမန်လူတို့ ကြောက်လန့်စေသော လှိုင်းတစ်မျိုးဓာတ်တစ်မျိုးထွက်နေ၍ဖြစ်၏။





ထိုဒုတိယအယူအဆကို လူအများစုက လက်မခံချင်ကြသော်လည်း ထိုအချက်မှာမှန်ကန်ကြောင်း ပေတလောက သုတေသနပြုချက်များအရ ကျွန်ုပ်လက်ခံယုံကြည်ထားပေသည်။

ထို့ကြောင့်လည်း မေမြတ်မွန်တစ်ယောက် အသည်းအသန်ကြောက်လန့်၍ သတိလစ်လဲကျသွားခြင်းဖြစ်ပေမည်။ ဒေါ်ပုမ၏သားအောင်ငွေကဲ့သို့ သွက်သွက်ခါ ရူးသွပ်မသွားခြင်းကိုပင် ကံကောင်းသည်ဟု ဆိုရမည်။

မေမြတ်မွန်၏သည်းခြေက အောင်ငွေထက် ပိုကောင်း၍ဟုသာ ယေဘူယျ ကောက်ချက်ချရပါလိမ့်မည်။ သို့သော် ကျွန်ုပ်ရင်ထဲမှာ ရှုပ်ထွေးနေဆဲဖြစ်သည်။

ကျွန်ုပ်တွေ့ရမည့် ငှက်ပျောပင်အစောင့် အရှင်သခင်မကို ကျွန်ုပ်မတွေ့ရဘဲ မေမြတ်မွန်က အဘယ်ကြောင့် တွေ့သွားပါသနည်း။ ပင့်ဖိတ်ခဲ့သူက ကျွန်ုပ်ဖြစ်ပါလျက်နှင့် မည်သည့်လွဲချော်မှုတွေဖြစ်ခဲ့ပါသနည်း။

လူကြီးသူမများ ပြောဆိုစကားကြားဖူးပါသည်။ တစ္ဆေသရဲစသော ပေတလောကဆိုတာ ကံနိမ့်တဲ့သူတွေ မြင်ရ၊ ကြုံရတတ်သည်တဲ့။ ထိုသို့ဆိုလျှင် မေမြတ်မွန်သည် ကံနိမ့်၍လော၊ သို့တည်းမဟုတ် ကျွန်ုပ်ကပင် ကံမြင့်နေလေသလား၊ မဝေခွဲတတ်တော့ပါ။

နောက်နေ့တွင် မေမြတ်မွန်တစ်ယောက် အကောင်းပကတိပြန်ဖြစ်နေလေပြီ။ ကျွန်ုပ်လည်း ကိုယ်လုပ်ချင်ရာ လုပ်ပြီးပြီမို့ ပြန်ရန်အထုပ်အပိုးပြင်နေရသည်။ နှုတ်ဆက်ဖို့လုပ်တော့ တူမအမျိုးသားနှင့်အဒေါ်ကိုသာတွေ့သည်။ ပြန်ခါနီး မေမြတ်မွန်ကို လိုက်ရှာရသေးသည်။ တစ်အိမ်လုံးမတွေ့၍ အိမ်နောက်ဖက်သို့ ကျွန်ုပ် လျှောက်လာလိုက်သည်။ အိမ်နောက်ဖက်အရောက်. .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. ."

မနေ့ညက သူလုပ်ခဲ့သော ငှက်ပျောပင်ရှေ့တွင် မေမြတ်မွ ရပ်နေသည်ကို အံ့ဩစွာတွေ့လိုက်ရသည်။ အနားအရောက်. .

"မေမြတ်မွန်. . သမီး ဒီမှာဘာလာလုပ်နေတာလဲ"

"ဩော်. . ဦးမိုး ဒီမှာကြည့်ပါအုံး. . ပဝါနီလေး၊ ဒီငှက်ပျေ ပင်ရှေ့မှာ ကျနေတာတွေ့လို့ ညက သမီးတွေ့လိုက်တဲ့ မိန်းမခေါင်း စည်းထားတဲ့ ပဝါနီလေးများလားမသိဘူး ထူးဆန်းလိုက်တာဦးရယ်"

မေမြတ်မွန်လက်ထဲက ပုဝါနီလေးဆိုတာကို ကျွန်ုပ်သေချာ ကြည့်သည်။ မျက်မှောင်ကြုတ်ရင်း. .

"ဟဲ့. . ဘာတွေပြောနေတာလဲ၊ နင့်လက်ထဲ ကိုင်ထားတာ ငှက်ပျောဖတ်ကြီးလေ"

"မဟုတ်ပါဘူး. . ပဝါနီလေးပါ"

သူမက ထောင်ပြလာသဖြင့်. .

"ဦးမိုးပြောနေတယ် လွှင့်ပစ်လိုက်. ."

အသံခပ်ကျယ်ကျယ် ပြောလိုက်မှ မေမြတ်မွန် သူမ လက် ကအရာကို အဝေးသို့ လွှင့်ပစ်လိုက်၏။

"လာ. . လာ. . ဒီနေရာမှာမနေနဲ့"

ထိုနေရာမှ တူမလက်ကိုဆွဲခေါ်လာခဲ့ရသည်။ ခုလိုဖြစ်ရတာ ကျွန်ုပ်ပယောဂလည်း ပါခဲ့သည်မဟုတ်ပါလား။ ထိုနေရာသို့မသွားရ အတန်တန်မှာပြီးမှ ကျွန်ုပ်လည်း ပြန်လာနိုင်တော့သည်။

သို့သော် "ငှက်ပျောပင်စောင့်သရဲမ"နှင့်ပတ်သက်၍ ကိုယ် တိုင်ကိုယ်ကျ မမြင်လိုက်ရသော်ငြား ယုံကြည်လက်ခံရသော စာရင်း တွင် ထည့်သွင်းလိုက်ရပေသည်။

ကျွန်ုပ်၏ မှတ်တမ်းစာအုပ်တွင် ထည့်သွင်းရေးမှတ်ရန် ဆန္





သော်ငြား တစ်ချိန်ချိန်တွင် တစ်စုံတစ်ယောက်က တွေ့မြင်ပြီး စမ်း သပ်မည်စိုး၍ မရေးမှတ်ထားတော့ပါ။ မရေးမှတ်ရခြင်းမှာလည်း ထို ကိစ္စသည် အန္တရာယ်ရှိသောကိစ္စတစ်ရပ်ဖြစ်နေ၍လည်း ဖြစ်ပါသည်။

လူငယ်လူရွယ်များအနေဖြင့်လည်း ဗဟုသုတဖြစ်ဖွယ်တစ်ခု အဖြစ်သာ မှတ်သားစေလိုပြီး လက်တွေ့မလုပ်မိ၊ မစမ်းသပ်မိစေရန် ကျွန်ုပ်တားမြစ်ရပေလိမ့်မည်။

မည်သည့်မှတ်စုတွင်မှ ရေးမှတ်မထားသော်လည်း ထိုဖြစ်ရပ် ဆန်းကား ကျွန်ုပ်ရင်ထဲတွင် ထာဝရမှတ်တမ်းတင် ကျန်ရှိနေမည်မှာ မှား အသေအချာပင်ဖြစ်ပါတော့၏သတည်း။

ပြီး




www.burmeseclassic.com

www.burmeseclassic.com

# Unbelievable facts

# မယုံနိုင်ဖွယ်ရာ အချက်များ

အပြည်ပြည်ဆိုင်ရာ အာကာသထိန်းချုပ်ရေးစခန်းဟာဆိုရင် လူသားတွေ တည်ဆောက်ခဲ့သမျှထဲမှာ တန်ဖိုးအကြီးဆုံးဖြစ်ပါတယ်။ ဒေါ်လာဘီလီယံပေါင်း(၁၆၀) ကုန်ကျခဲ့ပါသတဲ့။



ခရီးသည်အများဆုံးတင်တဲ့ လေယာဉ်ခရီးစဉ် စံချိန်ကို (၁၉၉၁) ခုနှစ်မှာ တင်ခဲ့ပါတယ်။ အီသီယိုးပီးယန်းဂျူးတွေကို ဂျေရုဆလင်မြို့ကို ဘိုးရင်း (၇၄၇) လေယာဉ်နဲ့ သယ်ပို့ပေးခဲ့တာပါ။ ခရီးသည်(၁၀၈၆)ယောက်ပါရှိခဲ့ပါတယ်။ လေယာဉ်ပေါ်မှာ ကလေး(၂)ယောက်မွေးခဲ့လို့ ခရီးသည် (၁၀၈၈)ယောက် ဖြစ်သွားပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com

Microsoft ကြောင့် ဘီလီယံနာသူဌေး(၃)ဦးနဲ့ ခန့်မှန်းခြေ မီလီယံနာသူဌေး(၁၂,၀၀၀)ဦး ပေါ်ထွက်လာခဲ့ပါသတဲ့။



စားသုံးသူတွေအသုံးပြုရတာ လွယ်ကူစေခဲ့တဲ့ ဇောက်ထိုးထောင်ထား လို့ရတဲ့ ငရုတ်ရည်ပုလင်းကြောင့် ပုလင်းဒီဇိုင်းကို တီထွင်ခဲ့သူဟာ မူပိုင်ခွင့်မှ ဒေါ်လာ(၁၃)သန်း ရရှိခဲ့ပါတယ်။




အာရှရန်ဂူတန် မျောက်ဝံအထီးကြီးတွေဟာ ဆံပင်အနီရောင်ရှိတဲ့ အမျိုးသမီးတွေကို စိတ်ဝင်စားကြပါတယ်။ "ဆင်းဆင်း" လို့အမည်ပေးထားတဲ့ မျောက်ဝံအထီးကြီးတစ်ကောင်ကတော့ ဆံပင်နီရောင်ရှိတဲ့ မင်းသမီးနစ်ကိုးကစ်မင်းရဲ့ဓာတ်ပုံတွေကို မဂ္ဂဇင်းကနေဖြဲယူပြီး တိရိစ္ဆာန်ရုံထဲက သူ့အခန်းထဲမှာ ကပ်ထားပါသတဲ့။



ရှေးခေတ်အမေရိကန်လူမျိုးတွေဟာ ကားအရွယ်အစားလောက်ရှိတဲ့ အမာဒီလိုကောင်ကြီးတွေကို သတ်ဖြတ်ပြီး သူတို့ရဲ့အခွံတွေကို အိမ်အဖြစ် အသုံးပြုခဲ့ကြပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

(၁၈)ရာစုရဲ့အမေရိကန်ပင်လယ်ဓားပြကြီး "ဂျင်းလာဖစ်တဲလ်" ဟာ *သူ့ကိုဖမ်းမိရင်ဆုတော်ငွေ(ဒေါ်လာ-၅၀၀)*ပေးမယ်လို့ကြေညာထားတဲ့ မြို့တော်ဝန်ရဲ့ကြေညာချက်ကိုတွေ့တဲ့အခါ၊ သူကလည်း မြို့တော်ဝန်ကို ဖမ်းမိရင်ဆုတော်ငွေ(ဒေါ်လာ-၅၀၀၀)ပေးမယ်လို့ပြန်ကြေညာခဲ့ပါသတဲ့။



အင်္ဂလန်နိုင်ငံမှာ (၁၈)ရာစုကာလတုန်းက နာနတ်သီးဟာ အလွန်ရှားပါတဲ့အတွက် ပါတီပွဲတွေမှာတောင် အဆင့်အတန်းကိုပြသတဲ့သင်္ကေတအဖြစ် နာနတ်သီးတစ်လုံးကို တစ်ညနေအတွက် ငှားရမ်းခဲ့ကြရပါတယ်။ ထိုစဉ်က နာနတ်သီးဟာ ဈေးအရမ်းကြီးလွန်းလို့ ဒီနေ့ဈေးနဲ့တွက်မယ်ဆိုရင် တစ်လုံးကို (ပေါင်-၅၀၀၀) လောက် တန်ပါသတဲ့။



လီနိုဗိုရဲ့အမှုဆောင်အရာရှိချုပ် ယန်ဟာ အမြတ်ငွေစံချိန်တင်ရှာပေးနိုင်လို့ ဆုကြေးငွေဒေါ်လာ (၃)သန်းရရှိခဲ့ဖူးပါတယ်။ ဒါပေမယ့် သူက လီနိုဗိုဝန်ထမ်းတစ်သောင်းကိုပြန်ပေးလှူခဲ့ပါတယ်။ (၂၀၁၃)ခုနှစ်မှာလည်း နောက်ထပ်တစ်ကြိမ် လှူခဲ့ပြန်ပါသေးတယ်။




အသက်(၂၁)နှစ်သာရှိသေးတဲ့လူငယ်လေးဟာ ဒေါ်လာ(၉)သန်းတန် ကုမ္ပဏီတစ်ခုကို အမှုဆောင်အရာရှိချုပ်အဖြစ် အုပ်ချုပ်ခွင့်ရတဲ့အခါမှာ ကုမ္ပဏီက မန်နေဂျာတွေအားလုံးရဲ့သုံးပုံနှစ်ပုံကို ဖယ်ရှားလိုက်ပါတယ်။ ပြီးတော့...ဝန်ထမ်းတွေကို ရာထူးတိုးပေးပြီး လုပ်ပိုင်ခွင့်ပေးပါတယ်။ ယခု သူ့ကုမ္ပဏီဟာ ဒေါ်လာသန်း(၂၀၀)အထိ ကြီးပွားတိုးတက်နေပါပြီ။




www.burmeseclassic.com

www.burmeseclassic.com

Prairie dogs လို့ခေါ်တဲ့ တွင်းအောင်းသတ္တဝါလေးတွေဟာ မိသားစုဝင်အချင်းချင်းတွေကိုသာ နမ်းပါသတဲ့။ အခြားမိသားစုဝင်တွေကိုတော့ မနမ်းရှုံကြပါဘူးတဲ့။



ဆင်တွေဟာ သူတို့ချစ်တဲ့သူတွေ သေဆုံးသွားတာ နှစ်ပေါင်းများစွာကြာတဲ့အထိ သတိတရရှိနေတတ်ကြပါတယ်။ ဆင်တစ်ကောင်ဟာလမ်းလျှောက်သွားရင်း သူချစ်ရတဲ့ဆင်တစ်ကောင်သေထားတဲ့နေရာနား ရောက်ပြီဆိုရင် မိနစ်အနည်းငယ်အကြာ တိတ်တိတ်ဆိတ်ဆိတ် ရပ်နေတတ်ပါသတဲ့။



ကမ္ဘာ့ပေါ်မှာရှိတဲ့ရွှေစုစုပေါင်းရဲ့ (၉၉) ရာခိုင်နှုန်းဟာ ကမ္ဘာ့အလယ်ဗဟိုမှာရှိပါတယ်။ ဒီရွှေတွေအားလုံးကို တူးဖော်နိုင်ရင် တစ်ပေခွဲထုတဲ့ရွှေလွှာကြီးကို ကမ္ဘာ့မျက်နှာပြင်အနှံ့ဖြန့်ခင်းနိုင်မှာ ဖြစ်ပါတယ်။




ကမ္ဘာကြီးနဲ့ အနီးဆုံးကိုရောက်ရှိလာတဲ့ *(34.4×11.2×11.2)* ကီလိုမီတာအရွယ်အစားသာရှိတဲ့ *Eros* လို့ အမည်ပေးထားတဲ့ ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုမှာပင် ဒေါ်လာ ထြီလီယံ (၂၀) တန်တဲ့ အဖိုးတန်ဓာတ်သတ္တုတွေ ပါဝင်ပါသတဲ့။



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဟောလီးဝုဒ်က သရုပ်ဆောင်တွေဟာ ကိုကင်းရှူရတဲ့အခန်းတွေ ရိုက်ကူးတဲ့အခါမှာ ဘီတာမင် "ဘီ" အမှုန့်တွေကို အစားထိုးပြီး ရှူသွင်းနေကြတာ ဖြစ်ပါတယ်။



ဒေလာ်ရစ်ဂစ်ဆွန်းဆိုတဲ့ အမျိုးသမီးဟာ လူဆိုးတစ်ဦးရဲ့အတိုက်ခိုက်ခံခဲ့ရတဲ့အတွက်ကြောင့် သေလုမြောပါး ခံစားခဲ့ရပါတယ်။ ထို့နောက် သူမဟာ ခဲ့ဗြာနတွေက အလိုရှိတဲ့ရာဇဝတ်သားတွေရဲ့ပုံကြမ်းကို လုပ်အားပေးအဖြစ် ဝတင်ရေးဆွဲပေးခဲ့ပါတယ်။ ယနေ့အခါမှာတော့ သူမဟာ လုပ်သက်အနှစ် (၃၀)အတွင်း ရာဇဝတ်သားပုံကြမ်း(၁၀၀၀)ကျော်ဆွဲပေးခဲ့ပြီး အအောင်မြင်ဆုံး ပုံကြမ်းရေးဆွဲသူအဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန်တင်ထားပြီ ဖြစ်ပါတယ်။





နော်ဝေနိုင်ငံမှာ လျှပ်စစ်ကားတစ်စီး ပိုင်ဆိုင်မယ်ဆိုရင်...အခမဲ့ယာဉ်ရပ်နားခွင့်၊ အခမဲ့အပို့အကြို ပြုလုပ်ခွင့်၊ သီးသန့်ဘတ်စ်ကားလမ်းမတွေပေါ်မှာ တက်မောင်းနှင်ခွင့်...စတဲ့ အခွင့်အရေးတွေ ရရှိပါသတဲ့။




(၁၉၀၂)ခုနှစ်မှာ ကြာယန်ဘူယာဆိုတဲ့ ရိုမေးနီးယန်းအင်ဂျင်နီယာဟာ သူ့ရဲ့ပထမဆုံးလေယာဉ်ပျံကို ဒီဇိုင်းရေးဆွဲ တည်ဆောက်ခဲ့ပါတယ်။ (၁၉၀၃)ခုနှစ်ရောက်တော့ သူ့စမ်းသပ်တီထွင်မှုတွေကို ပဲရစ်မြို့က သိပ္ပံပညာတော်သင်ကျောင်းမှာ တင်ပြဖို့အတွက် ကမ်းလှမ်းခဲ့ပေမဲ့ ပယ်ချခံခဲ့ရပါတယ်။ "လေထက်လေးတဲ့ စက်ကိရိယာတွေနဲ့လုပ်ထားတဲ့ယာဉ်က လေထဲပျံသန်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ ဒါဟာ စိတ်ကူးယဉ်တာသာ ဖြစ်တယ်" လို့...ထိုကျောင်းကပညာရှင်တွေက မှတ်ချက်ပေးခဲ့ကြပါတယ်။






www.burmeseclassic.com

www.burmeseclassic.com







# တစ္ဆေသစ်ပင်

## Devil Tree

အမေရိကန်နိုင်ငံ၊ ဖလော်ရီဒါက စိန့်လူစီဆိပ်ကမ်းမှာရှိတဲ့ ဘ တူးမြောင်းအမှတ်(၂၄)နားမှာ ဝက်သစ်ချပင်ကြီးတစ်ပင် ရှိပါတယ်။ ဒီအပင်ကြီးကို တစ္ဆေသစ်ပင်ကြီးလို့ ခေါ်ဝေါ်ကြပါတယ်။ ဒီဝက်သစ်ချပင်အိုကြီးက ဟမ်းမောက်ဝက်သစ်ချပန်းခြံထဲမှာ ရှိနေတာပါ။ ထိုနေရာလေးမှာ ဒေသခံတံငါသည်တွေက သင်္ဘောရေချတဲ့ အဆောက်အအုံတွေလည်း ဆောက်လုပ်ထားပါတယ်။

လူသိနည်းလှတဲ့ ဒဏ္ဍာရီလေးဟာ. . အပြင်ဘန်းကြည့်ရင် အေးချမ်းတယ်လို့ထင်ရတဲ့ ဒီဝက်သစ်ချသစ်ပင်ကြီးနဲ့ ပြောင်းပြန်ဖြစ်နေပါတယ်။ မြို့ကြီးပြကြီးက ကြားဖူးနေကျ ဒဏ္ဍာရီတွေနဲ့ မတူတာကတော့ ဒီဝက်သစ်ချပင်ကြီးဟာ သက်တမ်းဆယ်စုနှစ်အနည်းငယ်ပဲ ရှိသေးတာပါပဲ။

တစ္ဆေသစ်ပင်

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၃ (၁၉၇၃)ခုနှစ်၊ ဇန်နဝါရီလ(၈)ရက်နေ့မှာ ဟမ်းမောက်ပန်းခြံလေးကို တည်ဆောက်ခဲ့ပါတယ်။ ထို့နောက်မကြာမီမှာပဲ ပန်းခြံထဲမှာ စိတ္တဇလူသတ်သမားတစ်ယောက်က ကလေးမလေးနှစ်ယောက်ကို လိင်အကြမ်းဖက်ခဲ့ပါတယ်။ ဝက်သစ်ချပင်ကြီးမှာချည်နှောင်ပြီး လိင်အကြမ်းဖက်ခံတဲ့ ဆယ်ကျော်သက်မိန်းကလေး(၂)ယောက်ကို လူသတ်သမားက သတ်ပစ်လိုက်ပါတယ်။




ဟမ်းမောက်ဝက်သစ်ချပန်းခြံ

ပြီးတော့. . အလောင်းတွေကို ဝက်သစ်ချပင်ကြီးအောက်မှာ မြှုပ်ထားခဲ့ပါတယ်။ ထိုစိတ္တဇလူသတ်သမားနာမည်က ဂျရတ်ဂျွန်ရှဖာ ဖြစ်ပြီး. . ဖလော်ရီဒါပြည်နယ်၊ ဘရိုဝ့်ဒ်မြို့က ရဲအမှုထမ်းဟောင်း တစ်ယောက်ဖြစ်တယ်လို့ သိရပါတယ်။ လူနှစ်ယောက် သတ်ပြီးပေမဲ့





သူဟာ နောက်ထပ်အနည်းဆုံး အယောက်(၃၀) သတ်ရဦးမယ်လို့ ယူဆထားပါတယ်။

အဲဒီရက်စက်ကြမ်းကြုတ်တဲ့ မုဒိမ်းလူသတ်သမားဟာ လမ်းပေါ်မှာတွေ့တဲ့ မိန်းကလေးငယ်လေးတွေကို ရဲတံဆိပ်ပြဖြားယောင်းပြီး မုဒိမ်းကျင့်၊ ညှင်းပန်းနှိပ်စက်၊ ခြေလက်တွေဖြတ်တောက်. . စသဖြင့် ညှင်းပမ်းနှိပ်စက်ပြီးတော့မှ သတ်လေ့ရှိပါတယ်။ သူ့မှတ်တမ်းတွေထဲက တစ်စောင်မှာတော့ ပန်းခြံထဲက အမျိုးငယ်သမီးနှစ်ယောက်ကို တစ်ခဏတွင်း သတ်ပစ်လိုက်တယ်လို့ ရေးထားပါတယ်။

"နှစ်ယောက်ကို တစ်ပြိုင်တည်းသတ်ရတာ တစ်ယောက်ချင်းစီကိုသတ်ရတာထက် ပိုခက်ပါတယ်၊ ဒါပေမဲ့ နှစ်ယောက်ကို တစ်ပြိုင်တည်းသတ်ရတော့ နှစ်ဆပိုပျော်ရတာပေါ့၊ နှစ်ယောက်အနက် ဘယ်သူ့ကိုအရင်သတ်ရမလဲဆိုတာကို ဆွေးနွေးရတာ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပါတယ်၊

လက်တွေခြေတွေတုပ်ထားပြီး. . သားလှီးဓားနဲ့ သတ်ဖို့အဆင်သင့်ဖြစ်နေချိန်မှာ ဘယ်သူမှ အရင်မသေချင်ကြပါဘူး၊ သူသာ အရင်သေသင့်ကြောင်းကို သူငယ်ချင်းအချင်းချင်း အလုအယက် ပြောကြမှာပါ"လို့ ရေးထားပါသေးတယ်။

လူသတ်သမားဟာ ကော်လက်တီဂွတ်ဒီနေ့ခ်နဲ့ ဘာဘရာအန်းဝီကော့စ်ဆိုတဲ့ (၁၉)နှစ်အရွယ် မိန်းကလေးနှစ်ဦးကို ကြိုးနဲ့တုပ်၊ ပါးစပ်တွေကိုပိတ်၊ မုဒိမ်းကျင့်၊ ကြိုးနဲ့တွဲလောင်းဆွဲ၊ နောက်တော့ မြေမြှုပ်ခဲ့ပါတယ်။ လူသတ်သမားဟာ အဲဒီနေရာကို အကြိမ်ပေါင်းများစွာပြန်လာပြီး ပုပ်သိုးဆွေးမြေ့နေတဲ့ အလောင်းတွေကို လာကြည့်ပါသေးတယ်။

နှစ်ပေါင်းအတော်ကြာတဲ့အခါမှာတော့ မိန်းကလေးတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



အရိုးတွေနဲ့ ဆွေးမြေ့နေတဲ့ ကြိုးနှစ်ချောင်းကို တွေ့ရှိခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး အဝတ်နက်ကြီးတွေ ခေါင်းမြီးခြုံထားတဲ့ မကောင်းဆိုးဝါးကိုးကွယ်သူတွေဟာ ဝက်သစ်ချပင်ကြီးကို လှည့်ပတ်ကခုန်ပြီး၊ ယဇ်ပူဇော်နေတာကို တွေ့ရတယ်ဆိုပြီး သတင်းပေးသူတွေ များလာပါတယ်။ တချို့ကလည်း အုံ့မှိုင်းမှောင်မည်းနေတဲ့ ညတွေမှာဆို အသံနက်ကြီးနဲ့အော်ဟစ်နေတဲ့ မိန်းကလေးတွေရဲ့အသံတွေကို ကြားရတယ်လို့ ဆိုပါတယ်။

အချို့က ဝက်သစ်ချပင်ကြီးကို ခုတ်လှဲဖို့လုပ်တော့ သစ်ပင်နားရောက်တိုင်း လွှစက်တွေ ရပ်ရပ်ကုန်ပါတယ်။ လက်ဆွဲလွှနဲ့ဖြတ်တော့လည်း အသွားတွေ ပွဲ့ထွက်ကုန်ပါတယ်။ ဒီဝက်သစ်ချပင်ကြီးဟာ ယနေ့အထိ ရှိနေသေးပါတယ်။

အချို့ကလည်း ဟမ်းမောက်ပန်းခြံထဲက အမျိုးသမီးနားနေခန်းထဲမှာလည်း သေသွားမိန်းကလေးနှစ်ယောက် ခြောက်လှန့်တတ်တယ်လို့ ဆိုပါတယ်။ ထူးဆန်းပြီး ကြက်သီးထဖို့ကောင်းတဲ့ အသံနက်ကြီးတွေ နားနေဆောင်တွေထဲကနေ ထွက်လာတတ်ပါတယ်။ ဘယ်သူမှမရှိဘဲ တံခါးဆောင့်ပိတ်သံတွေ ကြားရပါတယ်။

ပန်းခြံထဲက တစ္ဆေသစ်ပင်ကြီး ပတ်ဝန်းကျင်မှာ လေစိမ်းတွေတိုက်နေပုံကလည်း တစ္ဆေသရဲတွေရှိနေတဲ့ သင်္ကေတတစ်ခုပါပဲ။ (၁၉၉၃)ခုနှစ်မှာ တစ္ဆေသစ်ပင်ကြီးနားကဖြတ်သွားတဲ့ ကောင်လေးနှစ်ယောက်နောက်ကနေ ထူးဆန်းတဲ့ခေါင်းမြီးခြုံလူတွေ ထက်ချပ်မကွာလိုက်လာကြဖူးပါတယ်။ ကလေးနှစ်ယောက် လမ်းမဆီကိုလည်း ရောက်ရော နောက်ကလိုက်လာတဲ့ လူတွေဟာ ထူးထူးဆန်းဆန်း ပျောက်ကွယ်သွားခဲ့ကြပါတယ်။

တကယ်တော့ ထိုနှစ်တွေမှာ ဝက်သစ်ချပင်ကြီးအနီးတစ်ဝိုက်





BURMESE CLASSIC

## မည်သို့မျှခုတ်လှဲ၍မရသည့် တစ္ဆေသစ်ပင်ကြီး

ထူးဆန်းတဲ့အဖြစ်အပျက်တွေကို ကြုံတွေ့ခဲ့ရတယ်လို့ သတင်းပေးခဲ့တာတွေ အများကြီးပါပဲ။ ဘုန်းတော်ကြီးတစ်ပါးက မကောင်းဆိုးဝါးတွေကိုနှင်ထုတ်ဖို့ သစ်ပင်အောက်ခြေမှာ လက်ဝါးကပ်တိုင်တစ်ခု ရိုက်ထားခဲ့ပါတယ်။

(၁၉၉၅)ခုနှစ်မှာ ဂျရတ်ဂျွန်ရှဖာဟာ ထောင်ထဲမှာ ဓားထိုးခံရလို့သေသွားခဲ့ပါတယ်။ ဒါပေမဲ့ သူသတ်ခဲ့တဲ့ မိန်းကလေးနှစ်ယောက်ကတော့ တစ္ဆေဝက်သစ်ချကြီးမှာ ယနေ့အထိ မကျွတ်လွတ်သေးဘဲ ခြောက်လှန့်နေဆဲပါ။



www.burmeseclassic.com

www.burmeseclassic.com









# ကြိတဏ

# ဝိညာဉ်လိပ်ပြာ

[၁]

မိုး သည် အဆက်မပြတ် ရွာသွန်းနေသည်မှာ ရက်အတန်ကြာပြီ။ စဲသွားလိုက်၊ ဖွဲလာလိုက်၊ သဲလာလိုက်နှင့် နေရောင်ခြည် မမြင်ရသည်မှာ အတော်ကြာပြီ။ တစ်လောက မုန်တိုင်းတစ်ခု တိုက်ခတ်သွားပြီးနောက် ရာသီဥတုက သာယာသည်ဟုပင် မရှိပေ။

လေပြင်းများ တိုက်ခတ်နေမှုကြောင့် သစ်ပင်ကြီးများ ယိမ်းထိုးလှုပ်ရှားနေသည်။ သစ်ရွက်များပေါ်သို့ မိုးစက်မိုးပေါက်များ



www.burmeseclassic.com

www.burmeseclassic.com



တဖြောက်ဖြောက် ကျနေသံများက လေပြင်းတိုက်ခတ်သံနှင့် ရောနှောပေါ်ထွက်နေ၏။

ယခုလို ရာသီဥတု ကြမ်းတမ်းသောကာလတွင် တောတက်သမားများ၊ ပင်လယ်ထွက်သူများ၊ မုဆိုးများ မည်သူတစ်ဦးတစ်ယောက်မှ အပြင်မထွက်ကြပေ။ တောခုတ်သူများအဖို့ လေမိုးထန်သောကြောင့် သစ်လှဲ့မရပေ။ တောလိုက်သူများကတော့ ဒီလိုရာသီမျိုး သားကောင်များ အပြင်မထွက်သောကြောင့် တောမတက်ကြပေ။

ပင်လယ်ထွက်သူများကတော့ လေမိုးထန်နေသောကြောင့် ကမ်းစပ်တွင် လှေကို ခိုင်အောင်ချည်ကာ စားလိုက်အိပ်လိုက်နှင့် အိမ်တွင်းအောင်းနေသောအချိန်ဖြစ်သည်။ ထိုအချိန်တွင် ပျဉ်ဒရယ်သစ်တောထဲသို့ ပင်လယ်ရေများ တက်လာသောကြောင့် အချို့နေရာများ ရေမြုပ်သွားရာ မြွေ၊ ဖွတ်၊ သင်းခွေချပ် စသောသတ္တဝါများ ဟိုမှသည်မှ ကူးလူးလှုပ်ရှားလျက် ရှိနေတော့သည်။

ရာသီဥတု ဆိုးရွားနေသောကြောင့် သားကောင်ရယ် မုဆိုးရယ် မခွဲခြားနိုင်တော့ဘဲ အသက်ဘေးလွတ်ရာသို့ အတူတူ ကူးခတ်နေကြရတော့သည်။

ထိုသို့ရှိနေစဉ် ရေတောထဲသို့ လူနှစ်ယောက် ဖြတ်ဆင်းလာသည်။ နီမောင်နှင့် သူ၏ဖခင် ဦးထွန်းတို့ ဖြစ်ကြသည်။ သူတို့သားအဖနှစ်ယောက်သည် ပျဉ်ဒရယ်တောနက်ထဲတွင် စခန်းချ၍ ပျားလိုက်နေကြသူများဖြစ်ကြသည်။ မုန်တိုင်းတိုက်စဉ်က ရွာသို့မပြန်ဟု ဖွတ်ပေနေကြသော်လည်း နီမောင်မှာ ငှက်ဖျားရောဂါအခံ ရှိသဖြင့် ရာသီဥတု ရုတ်တရက် ဆိုးဝါးလာသောအခါ ငှက်ဖျားရောဂါ ပြန်ထလာသဖြင့် ရွာသို့ပြန်ရန် မိုးထဲလေထဲမှာ ဖွတ်ပေဆင်းလာခြင်းဖြစ်သည်။

"နီမောင်. . . သက်သာရဲ့လား လူလေး"





"ငှက်ဖျားက ပြန်တက်ချင်နေတယ်၊ မိုးထဲလေထဲမှာ အကြာကြီး သွားလို့မရဘူး၊ ကျောထဲက စိမ့်တက်လာတယ် အဖေ"

"အားတင်းထားကွာ. . . ကမ်းစပ်ရောက်ရင် တဲတစ်လုံးမှာ ခဏဝင်နားကြတာပေါ့၊ ပြီးရင် အဖေ ဟိုဘက်ကမ်းကူးပြီး ဆေးဆရာတစ်ယောက် သွားခေါ်ပေးမယ်'

ဦးထွန်းက ထိုသို့ဆိုကာ နီမောင် နဖူးပြင်ကို တစ်ချက်စမ်းကြည့်သည်။ အေးနေသော ရာသီဥတုတွင် နီမောင် နဖူးပြင်မှာ မီးခဲတမျှ ပူပြင်းနေသည်။

ဦးထွန်း စိုးရိမ်သွားသည်။ သည်ရာသီဥတုနှင့် သည်ရောဂါ အခြေအနေမျိုးနှင့် ဆက်သွားနေရင် အခြေအနေ ကောင်းနိုင်စရာ သိပ်မရှိပေ။

သို့ကြောင့် သားဖြစ်သူကို ဖေးမတွဲခေါ်သွားပြီး မိုးလေလုံသော တဲတစ်လုံး ရှာကာ ဝင်ရောက်ခိုနားရန် ဆုံးဖြတ်လိုက်သည်။

"လူလေး. . . အဖေ့ကိုတွဲပြီး အားတင်းလျှောက်နော်၊ ကမ်းစပ် ရောက်တော့မယ်၊ ဖောင်ဝင်ကမ်းစပ်ဘက်မှာ ထင်းဖြတ်တဲ့သူတွေ ယာယီနေသွားတဲ့ တဲအဟောင်းတွေ ရှိတယ်၊ အဲဒီရောက်ရင် အဖေ မီးရအောင်မွှေးပေးမယ်၊ နောက်. . ဆေးဆရာလဲ ရအောင် သွားခေါ်ပေးမယ်. . . အားတင်းထားနော်"

"ဟုတ်. . . ဟုတ်ကဲ့"

ဦးထွန်းက ပြောပြောဆိုဆို နီမောင်ကို ဖေးမတွဲကာ မိုးထဲလေထဲမှ ဖြတ်ဆင်းလာကြသည်။

မိုးက သည်းလိုက်. . . လေက ထန်လိုက်နှင့် ရာသီဥတုဆိုး ပြင်းထန်နေသဖြင့် အားတင်းထားသည့်ကြားမှ နီမောင့်တစ်ကိုယ်လုံး ခိုက်ခိုက်တုန်အောင် ချမ်းတက်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တောထဲမှာ အမှောင်ရိပ်က သမ်းလာပြီ။

အချိန်စောသေးသော်လည်း တောရိပ်များကြောင့်သော်လည်းကောင်း၊ လေမိုးပြင်းထန်သောကြောင့်လည်းကောင်း. . ချက်ချင်းမှောင်တက်လာခြင်းဖြစ်သည်။

သားအဖနှစ်ယောက် ငွဲတင်းလျှောက်လာရာ မကြာမီ ဖောင်ဝင်ကမ်းစပ်ဘက်သို့ ရောက်လာသည်။ ထိုကမ်းစပ်ဘက်တွင် တံငါတဲများ၊ သစ်ခုတ်သမားတို့၏တဲများ ရှိသည်။ ဖောင်ဝင်မြစ် တစ်ဘက်ကမ်းတွင် စက်စုရွာရှိသဖြင့် ထိုရွာသို့ လှေဖြင့်ကူးကာ ဆေးဆရာတစ်ယောက် အမြန်သွားခေါ်နိုင်လျှင် နီမောင် အသက်ချမ်းသာရာရမည်။

ဦးထွန်းစိတ်ထဲမှာ သားဇောဖြင့် ဆေးဆရာ အမြန်သွားခေါ်ရန်သာ ဇောကပ်နေတော့သည်။ ထိုအချိန်တွင် ဦးထွန်း ခြေမျက်စိနားတစ်ဝိုက်မှ 'ပူ'ခနဲ ဖြစ်သွားသဖြင့် အလန့်တကြား ကြည့်လိုက်ရာ မည်းမည်းရှည်ရှည် သတ္တဝါတစ်ကောင် ရေထဲမှာ ကူးသွားသည်ကို မြင်လိုက်ရသည်။

ဦးထွန်းရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။

"ငါ့ကို ပိုးထိတာများလား. . . မဟုတ်နိုင်ပါဘူးလေ၊ ခြေထောက်ကို သစ်ငုပ်တစ်ခုခုနှင့် တိုက်မိတာဖြစ်မှာပါ၊ ဒါက အရေးမကြီးပါဘူး၊ ငါ့သားကို ဆေးကုဖို့က အရေးကြီးတယ်"

သားအတွက် ဇောကပ်နေသဖြင့် မိမိခြေထောက်မှ ဒဏ်ရာကို ဂရုမစိုက်နိုင်အားဘဲ ခရီးဆက်ခဲ့ရာ မကြာမီ ကမ်းစပ်ဘက်သို့ ရောက်လာတော့သည်။

ပတ်ဝန်းကျင်ဝယ် အမှောင်ရိပ်က ကြီးစိုးနေပြီ။

၅ ၅ ၅ ၅





[၂]

အရှေ့ဘက်မှာ မိုးကမစဲသေး။ ညဉ့်အတော်နက်လှပြီဖြစ်သောကြောင့် ဆေးဆရာကြီး ဦးစံပျော အိပ်ယာဝင်ရန်အတွက် ဘုရားဝတ်ပြုနေသည်။ ဦးစံပျောသည် စက်စုရွာတွင် တစ်ကိုယ်တည်းနေသော တိုင်းရင်းဆေးဆရာကြီးတစ်ဦး ဖြစ်သည်။

စက်စုရွာမှာ ရွာကြီးတစ်ရွာဖြစ်သောကြောင့် သဘော်ဆိပ်၊ ရဲစခန်း၊ ဆန်စက်များပင် ရှိသည်။ ဦးစံပျောမှာ သမ္မာရင့် ဆေးဆရာကြီးတစ်ဦး ဖြစ်သောကြောင့် စက်စုရွာသာမက အနီးဝန်းကျင်မှရွာများကပါ အားကိုးအားထားပြုကြသည်။

ဦးစံပျော ဘုရားရှိခိုးပြီး၍ အမျှဝေနေစဉ် အိမ်ရှေ့ဘက်မှ ခေါ်သံသဲ့သဲ့ကို ကြားလိုက်ရသည်။

"ဆရာကြီး. . . ဆရာကြီး"

မိုးသံလေသံကြောင့် ခေါ်သံက မသဲကွဲလှပေ။

"ဟေ. . . ဘယ်သူလဲကွ၊ အချိန်မတော်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပါ ဆရာကြီး၊ အရေးကြီးလို့ တဆိတ်လောက် တံခါးဖွင့်ပေးပါဦး"

ဦးစံဗျော ကြေးစည်ကိုချပြီး တံခါးဖွင့်ပေးလိုက်ရာ အိမ်ဝတွင် မိုးရေတွေ ရွှဲရွှဲစိုနေသော အသက်ငါးဆယ်ခန့် လူတစ်ယောက်ကို တွေ့ရသည်။

"ကျ. . . ကျွန်တော့်နာမည် ကိုထွန်းလို့ ခေါ်ပါတယ် ဆရာကြီး၊ ထော်ပိုင်ဘက်မှာ နေပါတယ်၊ အခု ကျွန်တော့်သားလေး အတော်နေမကောင်းဖြစ်နေလို့ ဆရာကြီးကို လာပင့်တာပါ"

"ဟင်. . . ကျုပ် ဒီလောက်မှောင်ပြီး မိုးတွေလေတွေ ဒီလောက်ကောင်းနေတဲ့အချိန်မှာ ထော်ပိုင်အထိအောင် လိုက်ရမှာလား"

စက်စုနှင့်ထော်ပိုင်မှာ တစ်ရေတည်း၊ တစ်မြေတည်းဖြစ်သော်လည်း ခရီးအတော်ဝေးလှသည်။

"မ. . မဟုတ်ပါဘူး ဆရာ၊ လူနာက ဟိုဘက်ကမ်းမှာ ထားခဲ့တာပါ၊ ရောဂါအခြေအနေ ဆိုးနေလို့. . လိုက်. . လိုက်ကြည့်ပေးပါ ဆရာကြီးရယ်"

"ဒီလောက် ရာသီဥတုဆိုးပြီး ညဉ့်အတော်နက်နေတာ သွားလို့လာလို့ မကောင်းတော့ဘူး ထင်တယ်၊ မနက်စောစောမှ လာခေါ်ပါလားဗျာ"

"လိုက်ခဲ့ပါ ဆရာကြီးရယ်၊ ကျွန်တော့်သားလေးက ရောဂါတော်တော်သည်းနေလို့ ဒီညမှ ဆေးမကုနိုင်ရင် စိုးရိမ်ရတဲ့ အခြေအနေဖြစ်လို့ တဆိတ်လိုက်ခဲ့ပေးပါ ဆရာကြီးရယ်"

"ဒီလောက်ဖြစ်နေရင်. . နေမကောင်းတဲ့လူကို ကျုပ်ဆီကို ဘာဖြစ်လို့ တပါတည်း ခေါ်မလာခဲ့တာလဲ"





ခဏတော့ ဦးထွန်း ကြောင်အအ ဖြစ်သွားသည်။

"သူက မလိုက်နိုင်တော့တဲ့ အခြေအနေမို့ပါ"

ဦးစံဗျော သက်ပြင်းတစ်ချက် ချလိုက်သည်။ ဆေးဆရာဆိုတော့လည်း လူနာအရေးကြီးလို့ လာပင့်ပြန်တော့ မလိုက်လို့ကလဲ မဖြစ်၊ အချိန်မီ ဆေးကုသနိုင်လျှင် လူတစ်ယောက် အသက်ချမ်းသာရာရမည်ကို မိမိလိုက်မသွားလို့ တစ်စုံတစ်ရာဖြစ်သွားလျှင် စိတ်မကောင်းစရာဖြစ်တော့မည်။ သမားဆိုတာ အချိန်မရွေး၊ ရောဂါမရွေး၊ လူမျိုးမရွေး ကုသပေးနိုင်မှ မေတ္တာထားနိုင်မှ သမားလို့ ခေါ်ထိုက်မှာပေ့။ ဒီလိုဆိုပြန်တော့လည်း. . .။

"ကိုင်း. . . မထူးပါဘူးလေ၊ ကျုပ်လိုက်ခဲ့ပါမယ်၊ ခင်ဗျားမှာ လှေပါလာတယ်မဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့. . . ပါပါတယ်"


ဦးစံဗျော ယူဆောင်စရာရှိသော မိုးကာ၊ ထီး၊ ဆေး၊ လွယ်အိတ် စသည်တို့ကို ယူဆောင်ကာ ဦးထွန်းခေါ်ရာနောက်သို့ လိုက်ခဲ့လေသည်။ အပြင်မှာ မိုးက တဖွဲဖွဲရွာသွန်းဆဲ။



www.burmeseclassic.com

www.burmeseclassic.com





(၅)

ဦးစံဗျောရောက်သွားတော့ တဲတစ်လုံးပေါ်တွင် လူနာက ကိုယ်တွေ ခြစ်ခြစ်တောက်ပူကာ အဖျားတက်နေသည်။ သတိက မရ တစ်ချက် ရတစ်ချက် ဖြစ်နေသည်။

မနီးမဝေးတွင် မီးဖိုတစ်ဖို ရှိသည်။ ရေနွေးတစ်အိုး အလျင် အမြန်တည်ကာ ငန်းဆေးတစ်ခွက်တိုက်ပြီး တဲထဲမှာ တွေ့နေရသော ဂုန်နီအိတ်ဟောင်းတစ်လုံးနှင့် ပတ်ထားလိုက်ရာ ခဏကြာသောအခါ အဖျားကျသွားပြီး ငြိမ်၍အိပ်ပျော်သွားသည်။

စိတ်ချရတော့မှ ဦးစံဗျော စက်စုသို့ ပြန်လာခဲ့သည်။ အပြန်တွင် မိုးလေကင်းသွားပြီး လရောင်ကလေးပင် ထွက်နေပြီ။ ဦးထွန်းက လှေဖြင့် ပြန်ပို့သည်။ မြစ်လယ်ရောက်သောအခါ ဦးစံဗျောက. . .

"ခင်ဗျားသား ကံကောင်းတယ်၊ ဒီည ကျုပ်မရောက်ရင် မနက် ထိတောင် မခံဘူး။ ခုတော့ စိတ်ချရပါပြီ"





"ဟုတ်. . . ဟုတ်ကဲ့၊ ဆရာ့ကို ကျေးဇူးတင်ပါတယ် ဆရာ ရယ်"

"ကျေးဇူးတင်စရာ မလိုပါဘူးဗျာ၊ ဆေးဆရာဆိုတာ ကယ်ခွင့် ကယ်ထိုက်ရှိရင် ဘယ်သူ့ကိုမဆို ကယ်ရတာပါပဲ၊ ဒါထက် ခင်ဗျား သားကို မနက်လင်းတော့ ကျုပ်ဆီခေါ်လာခဲ့၊ အိမ်မှာ တစ်ရက်နှစ်ရက် ကုပေးမှ စိတ်ချရမှာဗျ"

"ဟုတ်. . . ဟုတ်ကဲ့ ဆရာ၊ ဆရာ့ကို တစ်ခုပြောပါရစေ"

"ဘာလဲဗျ"

ဦးစံဗျောက နောက်သို့ လှည့်ကြည့်လိုက်သည်။

နောက်ဘက်မှ လှေကို အားစိုက်လှော်နေသော ဦးထွန်း၏ မျက်နှာကို မြင်ရသောအခါ သူဇဝေဇဝါဖြစ်သွားသည်။ ဦးထွန်း၏ မျက်နှာ တစ်စုံတစ်ခု ထူးခြားနေသည်ကို ဦးစံဗျော သတိပြုမိလိုက် သည်။

"ခင်ဗျားဘာဖြစ်နေတာလဲ. . . နေမကောင်းဘူးလား၊ ခင် ဗျားကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲ"

"ကျွန်တော် နေကောင်းပါတယ် ဆရာ၊ ဆရာ့ကို ပြောစရာ တစ်ခုရှိလို့ပါ"

"ဘာများပါလိမ့်"

"ဒီလိုပါ ဆရာ၊ မနက်ဖြန်ကျရင် အရေးတကြီး ခရီးထွက် စရာရှိလို့ သွားရပါ့မယ်၊ အဲဒါ ဆရာ့ဆီကို လာပို့မပေးနိုင်ရင် ဆရာက ပဲ ကျွန်တော့်သားလေးကို သွားကြည့်ပေးဖို့ တောင်းပန်ပါရစေဆရာ"

ဦးထွန်းက အသံကတုန်ကယင်ဖြင့် ပြောသည်။

"ခင်ဗျားကလဲဗျာ. . . ကိုယ့်သားသမီး ဒီလောက် အသည်း အသန်ဖြစ်ပြီး နေမကောင်းနေတာ ဘာကိစ္စတွေ အရေးကြီးနေလို့



www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်မှာလဲ”

“ရွာပြန်ပြီး ရွာက သူ့အမေကို အကြောင်းကြားရမှာမို့ပါ”

“ခင်ဗျားသားကို တစ်ခါတည်း ခေါ်သွားရင် ပြီးတဲ့ဟာ”

“ကျွန်တော် ခေါ်သွားလို့ မရတော့လို့ပါ”

“ဟင်”

ထိုစကားကြောင့် ဦးစံပျောက ဦးထွန်းမျက်နှာကို တစ်ချက်ကြည့်လိုက်သည်။ လရောင်ဖြင့် မှုန်ဝါးဝါး မြင်နေရသော ဦးထွန်းမျက်နှာမှာ သွေးမရှိတော့သလို ဖြူဖတ်ဖြူရော်နှင့် တစ်မျိုးဖြစ်နေသည်ဟု ထင်ရသည်။


“အေးလေ. . . လူနာကုမိမှတော့ ခင်ဗျားလာမပို့နိုင်လဲ ကျုပ်သွားကြည့်လိုက်ပါ့မယ်. . . စိတ်မပူပါနဲ့၊ ခင်ဗျားလည်း နေကောင်းအောင်နေဗျာ၊ ခင်ဗျားကြည့်ရတာ တစ်မျိုးဖြစ်နေသလိုပဲ”

“ဟုတ်. . . ဟုတ်ကဲ့ ဆရာ”

ထိုညက ဦးစံပျောအား စက်စုဘက်ကမ်း ပြန်ပို့ပေးပြီးနောက် ဦးထွန်းပြန်သွားသောအခါ ဦးစံပျောရင်ထဲမှာ ဇဝေဇဝါ ဖြစ်ကျန်ခဲ့သည်။

၅ ၅ ၅ ၅





## (၄)

**နောက်**တစ်နေ့မနက်စောစောမှာပင် ဦးစံပျောသည် လှေသမားတစ်ယောက်ကိုခေါ်ကာ ဖောင်ဝင်ဘက်ကမ်းသို့ ကူးလာခဲ့သည်။ ညကရောက်ခဲ့သော တဲအတွင်းသို့ ရောက်သောအခါ နီမောင် ထူထူထောင်ထောင်ဖြစ်နေသည်ကို တွေ့ရသည်။ နီမောင်က ဦးစံပျောကို မြင်သောအခါ တအံ့အသြဖြစ်နေသည်။

“မင်း သက်သာသွားပြီ မဟုတ်လား”

“ဟုတ်. . . ဟုတ်ကဲ့. . . နည်းနည်းသက်သာသွားပါပြီ၊ ဒါထက် အဘတို့က ဘယ်သူတွေလဲ”

ဦးစံပျောက ဆေးအိတ်ကိုချပြီး နီမောင်အနီးတွင် ဝင်ထိုင်လိုက်သည်။

“အဘက ဆေးဆရာပေါ့ကွယ်၊ ညက မင်းကို ဆေးလာကု



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့တာလေ”

နီမောင် တအံ့တသြဖြင့်. . .

“အဘက ဒီကို ဘယ်လိုသိလို့ ရောက်လာတာလဲဟင်”

“ညက မင်းအဖေ ထင်ပါတယ်၊ ဦးထွန်း လာခေါ်လို့ ရောက်လာတာ”

“အဖေလာခေါ်တယ် ဟုတ်လား ဆရာကြီး၊ အခု အဖေ ဘယ်မှာလဲဟင်”

“ညက မင်းဆီကို ပြန်မလာဘူးလား”

“ဟင့်အင်း. . . အဖေပြန်မလာတာ အတော်ကြာပြီ”

“ဟာ. . . မဖြစ်နိုင်ဘူး၊ မင်းအဖေကိုယ်တိုင် ညက ငါ့ကို လှေနဲ့လာခေါ်ပြီး လှေနဲ့ပြန်ပို့ပေးသွားတာပဲ၊ မင်း သတိလစ်နေလို့ မသိတာ ဖြစ်ပါလိမ့်မယ်ကွာ”

“အဖေ လှေနဲ့လာတာ မဖြစ်နိုင်ဘူး ဆရာကြီး”

“ဟေ. . . ဘာဖြစ်လို့လဲကွ”

“ဒီတောထဲမှာ ဘယ်လှေမှ မရနိုင်ဘူး”

“ဟုတ်တယ် ဆရာကြီး၊ ဒီနေရာက နွေတုန်းက ဂါးထောင်တဲ့ လူတွေ စခန်းချတဲ့နေရာ၊ မိုးရွာလာတော့ ဘယ်သူမှ မနေကြတော့ဘူး ရွာပြန်ကုန်ကြပြီ၊ ဒီနေရာမှာ တဲပျက်တွေပဲ ရှိတာ”

ဟု လှေသမားကပါ ဝင်ပြောသည်။ ဦးစံဗျော နီမောင်ကို တစ်ချက်ကြည့်လိုက်သည်။ မျက်လုံးကို ကြည့်သည်။ ပုံမှန်ရှိသည်။ ကိုယ်အပူချိန် စမ်းကြည့်သည်။ ပုံမှန်သာသာလေးပဲရှိသည်။ လက်ကောက်ဝတ်ကို ကိုင်ပြီးသွေးစမ်းကြည့်သည်။ အဖျားသွေး မရှိတော့ နီမောင်အခြေအနေကိုကြည့်ပြီး ငှက်ဖျားပိုး ခေါင်းထဲရောက်ကာ ကယောင်ကတမ်း ပြောနေသလားဟုထင်ကာ စမ်းကြည့်ခြင်းဖြစ်





သည်။ နီမောင့်အခြေအနေ ပုံမှန်ဖြစ်နေမှန်း သိရသောအခါ တစ်စုံတစ်ခုတော့ လွဲမှားနေပြီဖြစ်ကြောင်း ဦးစံဗျော သိလိုက်သည်။

“အေး. . . မင်းအဖေ လှေကြုံရလို့ ရွာပြန်သွားတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့ကွာ၊ မင်း ဆေးတစ်ခွက်သောက်လိုက်ဦး”

ဦးစံဗျောက ဆေးတစ်ခွက်စပ်ပြီး နီမောင်ကို တိုက်လိုက်သည်။ ပြီးနောက် ညကခြုံပေးထားခဲ့သော ဂုန်နီအိတ်စကိုပင် အပေါ်မှ ခြုံပေးလိုက်ရာ မကြာမီ အိပ်ပျော်သွားလေတော့သည်။ နီမောင် အိပ်ပျော်သွားသောအခါ ဦးစံဗျောနှင့် လှေသမားတို့ အပြင်ထွက်လာပြီး ပတ်ဝန်းကျင်တဝိုက် လိုက်ကြည့်ကြသည်။ ဟုတ်သည်။

ကမ်းစပ်တစ်လျှောက် တဲပျက်များသာရှိပြီး လူတစ်ယောက် လှေတစ်စင်းတလေမျှ မတွေ့ရပေ။ ခဏကြာလျှောက်လာသောအခါ ကမ်းစပ်တစ်နေရာရှိ လဗပင်ကြီးတစ်ပင်အောက်တွင် ထူးခြားသော သင်္ချိုင်းကျင်း… 

“ဟင်”

“သူက ဘယ်သူလဲ ဆရာကြီး”

“ညက ငါ့ကို လှေနဲ့လာခေါ်တာ သူပေါ့”

“ဗျာ. . . သူက သေတာ ကြာပြီထင်တယ်၊ ပြာတောင်နေတယ်၊ ဟုတ်ရဲ့လား ဆရာကြီး”

“ဟုတ်တယ်. . . ဒါ ဟိုကလေးရဲ့အဖေ ဦးထွန်းဆိုတာ သူပဲ၊ သူသေတာ နှစ်ရက်လောက် ရှိနေပြီ၊ ဒါပေမယ့် ညက သူ လှေတစ်စင်းနဲ့ ငါ့ဆီကို ရောက်လာခဲ့တာ သေချာတယ်၊ ဒါကြောင့် ဒီကလေးရဲ့ အသက်ကို ငါ အချိန်မီ ကယ်နိုင်ခဲ့တာပဲ၊ ငါတော့ နားမလည်နိုင်လောက်အောင် ဖြစ်သွားပြီ၊ စိတ်မကောင်းစရာ ကောင်းလိုက်တာ”

www.burmeseclassic.com



ဦးစံဗျောက စိတ်မကောင်းစွာ ပြောနေစဉ် ဘေးနားမှာ နားထောင်နေသော လှေသမားခမျာ နားမလည်နိုင်အောင် ဖြစ်နေတော့သည်။

ဦးစံဗျောအနေဖြင့် ဝိညာဉ်လောကသည် လူ့လောကနှင့် သည်မျှလောက် နီးစပ်မှု ရှိသည်ဟူသောအချက်ကို ကိုယ်တွေ့မကြုံဖူးခဲ့သဖြင့် ယုံကြည်လက်ခံခြင်း မရှိခဲ့သော်လည်း ယခုအခါ သူကိုယ်တိုင် မယုံကြည်နိုင်လောက်အောင် ဆန်းကြယ်သောအကြောင်းများနှင့် ကြုံခဲ့ရသောကြောင့် အံ့ဩစွာ လက်ခံရတော့သည်။

"မိဘမေတ္တာဟူသည်. . တမလွန် ရောက်သည့်တိုင်အောင် သားသမီးတို့အပေါ် စောင့်ရှောက်ကြပါလား"

ဟူသောအတွေးသည် ဦးစံဗျောရင်ထဲမှာ ပဲ့တင်ထပ်နေသည်။ ထိုအချိန်တွင် ဆိပ်ကမ်းသို့ လှေတစ်စင်း ဆိုက်ကပ်လာသည်။ လှေပေါ်တွင် လူအချို့ပါလာပြီး. . ရှေ့ဆုံးမှတက်လာသူ အမျိုးသမီးက. .

"ဒီတဲထဲမှာ နေမကောင်းနေတဲ့ ကလေးတစ်ယောက်များ ရှိပါသလား ဘကြီး"

ဦးစံဗျော ခေါင်းညိတ်ပြရင်း. . .

"မင်းတို့က ဘယ်သူတွေလဲ၊ ဘယ်က လာကြတာလဲ"

ဟု မေးလိုက်သည်။

"ကျွန်မတို့က ထော်ပိုင်ရွာကပါ၊ ကျွန်မသားလေး အတော်နေမကောင်းဖြစ်နေတယ်ဆိုပြီး ညက သူ့အဖေ လာပြောလို့ပါ၊ သူတို့ ဘယ်မှာလဲဟင်"

ဦးစံဗျောက စိတ်မကောင်းစွာဖြင့်. . .

"နေမကောင်းနေတဲ့ကလေးကတော့ ဟိုတဲအတွင်းမှာ ရှိပါ







တယ်၊ ကျုပ်ဆေးတိုက်ထားလို့ အိပ်ပျော်နေတယ်၊ သူ့အဖေကတော့ ဟိုကမ်းစပ်က လဗပင်ကြီးအောက်မှာ ရှိပါတယ်ကွယ်"

ထိုသို့ပြောကာ ဦးစံဗျောသည် မြစ်ကမ်းမှ မိမိလှေရှိရာသို့ ဆင်းလာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com





# ထူးဆန်းသော အသံရှင်

## လျှမ်းထက်

အာမေရိကန်နိုင်ငံ၊ ရောချက်စတာမြို့က အသက်(၁၅)နှ အရွယ် အာသာစတီးဝဲလ်(Arthur stilwell)ဟာ အိပ်စက်၍မရနိုင် ဖြစ်နေသည်။ အပြင်တွင်မူ ၊ လဆုတ်ညတစ်ည ဖြစ်သဖြင့် ပိန်းပိတ် အောင် မှောင်နေ၏။ သူ့ဖခင်၏ဟောက်သံနှင့် နံရံကပ် ရှေးဟောင်း နာရီကြီး၏ ချိန်သီးမှ တချက်ချက် မြည်သည့်အသံကိုသာ ကြားနေ သည်။ သူတို့ယာတောအိမ်အပြင်မှ ပုရစ်မြည်သံ၊ ဖားအော်သံ၊ ည ငှက်တို့၏အော်သံသည် ကွဲအက်နေသော မှန်ပြတင်းများမှ တိုးဝေ့ လာသည့် လေနှင့်အတူ ပါလာသည်။ ပိုးစုန်းကြူးတစ်ကောင်နှ ကောင်သည် အာသာစတီးဝဲလ် အိပ်ယာကုတင်အနီးတွင် ဝဲပျံလျက် ရှိ၏။ ခပ်လှမ်းလှမ်း ယာတောဆီမှ ခွေးဟောင်သံနှင့် ကလေးငိုသံများ ကိုလည်း လေသင့်သည့်အခါတိုင်း ကြားနေရသည်။

အာသာစတီးဝဲလ်သည် အထက်တန်းကျောင်းသားတစ်ဦး ဖြစ်ပြီး သူသည် ဉာဏ်ရည်ထက်သော ကျောင်းသားတစ်ဦးမဟုတ်ဘဲ သာမန်အဆင့်သာရှိသဖြင့် ဖခင်ဖြစ်သူက ယခုစာသင်နှစ်ကုန်ဆုံး လျှင် ကျောင်းမှထွက်စေပြီး နယူးယောက်မြို့နှင့် ချီကာဂိုသွား ကုန်





Arthur stilwell

ကားနောက်လိုက်အဖြစ် အလုပ်သွင်းမည်ဟု ပြောထားသည်။ ကုန် ကားနောက်လိုက်မှ ရိုးရိုးသားသားကြိုးစားလျှင် ကုန်ကားမောင်း ဒရိုင် ဘာအလုပ် လုပ်ခွင့်ရမည်ဖြစ်သည်။

အာသာစတီးဝဲလ်သည် သူ့ အဘယ်ကြောင့် အိပ်စက်မရ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်ကို စဉ်းစားမရ။ ကျောင်းဆင်းချိန်ကလည်း သူငယ်ချင်းများနှင့် ဘော်လီဘော ကစားခဲ့သဖြင့် ပင်ပန်းနွမ်းနယ်နေသည်။ ခါတိုင်းဆိုလျှင် ဤအချိန်တွင် သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပြီဖြစ်သည်။

လေပြင်းပြင်းတစ်ချက် တိုက်လိုက်သဖြင့် တံခါးမင်းတုံး ပြုတ်နေသော ပြတင်းပေါက်တစ်ပေါက်ကလည်း တတောက်တောက် ဖြစ်လာပြန်သည်။ သူ့အိမ်ရှေ့ရှိ ဝက်သစ်ချပင်အိုကြီးကလည်း တရှိုးရှိုး မြည်လာပြန်သည်။

ထိုစဉ်. . . ထိုအသံများကို မသိမသာ ဖောက်ထွင်းလာသည့် အသံတစ်သံကို ကြားနေရသည်ဟု သူ့စိတ်တွင် ထင်လာခဲ့ပြန်သည်။

ပထမတွင် ဟုတ်မှဟုတ်ပါ့မလားဟု ထင်မိ၏။

လူတို့မည်သည် မသိရသောအရာကို သိလိုသည်။ မမြင်ရသည့်အရာကို ပိုမို၍မြင်လိုကြသည်။ မကြားရသည့်အရာကို ပိုမိုကြားလိုသောဆန္ဒ ပြင်းစွာပေါ်လေ့ရှိကြသည်မှာ ဓမ္မတာဖြစ်ပါသည်။

အာသာစတီးဝဲလ်မှာ လူထဲကလူတစ်ယောက်သာ ဖြစ်သည့်အတွက် အိပ်နေရာမှ အသာခေါင်းထောင်ထမိသည်။ သူ့အမည်ကို ခပ်တိုးတိုး ခပ်အုပ်အုပ် ခေါ်နေသည့်အသံဖြစ်၏။ သူ့မိခင်နှင့် ဖခင်တို့၏အသံ မဟုတ်သည်ကသေချာသည်။ သူ့ညီငယ်၏အသံ မဟုတ်သည်ကိုလည်း သိသာသည်။

"ဟေ့. . အာသာစတီးဝဲလ်၊ ငါပြောတာ သေသေချာချာ မှတ်ထား၊ မင်း. . ဂျင်းနီဝုဒ်ဆိုတဲ့ ကလေးမကလေးကို တစ်နေ့မှာ လက်ထပ်ရမယ်၊ မင်းတို့နေတဲ့ ကန်းဆက်မြို့တွင်းသာမက အမေရိကန်ပြည်ထောင်စုတလွှားမှာ ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်တဲ့ သန်းကြွယ်သူဌေးကြီးတစ်ယောက် ဖြစ်ရမယ်"





ဟု အသံကို ပီပီသသ ကြားရသည်။ သူအိပ်မက်မက်နေခြင်းလော။ သေသေချာချာ အာရုံကြောများ တင်းလာသည်အထိ နားစိုက်ထောင်မိသည်။

အိမ်အပြင်မှ လေတိုးသံများကိုထွင်းဖောက်၍ ပေါ်လာသည့်အသံဆိုသည်မှာ သေချာသည်။ အာသာစတီးဝဲလ်သည် သူ့အိပ်ယာဘေးမှ မှန်အိမ်ကို မီးထွန်းလိုက်သည်။ သူ့အိပ်ခန်းအတွင်းမှာလည်း မည်သူမျှ မတွေ့ရ။ အိမ်တစ်အိမ်လုံးမှာလည်း ကျောချမ်းဖွယ် ကောင်းလောက်အောင် ငြိမ်သက်နေသည်။ သူ့အိပ်ခန်းအပြင် ထွက်ကြည့်တော့လည်း မည်သူမျှ မတွေ့ရ။

ထိုအသံရှင်ပြောသည့် ဂျင်းနီဝုဒ်ဆိုသူ အမျိုးသမီးကို သူမသိ၊ သူကျောင်းတက်နေသည့် အထက်တန်းကျောင်းရှိ မိန်းကလေးသူငယ်ချင်းများတွင်လည်း ထိုနာမည်ရှင် မရှိသဖြင့် တအံ့တသြဖြစ်နေသည်။

အာသာစတီးဝဲလ်သည် ဆက်လက်၍ အိပ်စက်ခဲ့သော်လည်း အိပ်မပျော်ဘဲ မိုးစင်စင်လင်းခဲ့ရတော့သည်။

ထိုအသံရှင်သည် မည်သူနည်း၊ သူကဲ့သို့ အထက်တန်းပညာတတ်မြောက်ရုံ လူငယ်တစ်ဦးသည် မည်ကဲ့သို့ သန်းကြွယ်သူဌေးတစ်ယောက် ဖြစ်နိုင်မည်နည်း။ မိဘများမှာလည်း သာမန်လက်လုပ်လက်စားများသာဖြစ်သည်။ သူ့အဖို့ ယခုစာသင်နှစ်ကုန်ဆုံးရလျှင် ကျောင်းမှထွက်၍ ကုန်တင်ကားနောက်လိုက် လုပ်ရတော့ပေမည်။ ဤဖြစ်ရပ်ကို နောက်နေ့များတွင် ဆက်စဉ်းစားရင်းဖြင့် အချိန်ကုန်လာခဲ့သည်။

သို့သော် ထိုအသံရှင်၏ ထူးဆန်းသောအသံကိုမူ ကြားနေရဆဲဖြစ်၏။ တစ်ခါတစ်ရံ. . . အိပ်မောကျနေစဉ် ကြားရခြင်းဖြစ်ပြီး တစ်ခါတစ်ရံတွင် စာကြည့်နေစဉ် စားပွဲဘေးမှ ကြားရခြင်းဖြစ်သည်။

www.burmeseclassic.com



သူ့မိဘများနှင့် ညီငယ်တို့အား အကဲခတ်ကြည့်သောအခါ ထိုအသံရှင်၏အသံကို ကြားရပုံမပေါ်။ သူတစ်ဦးတည်းသာ ကြားရခြင်းဖြစ်နေသည်ကို အံ့ဩဖွယ်တွေ့ရတော့၏။

ပထမတွင်. . သူ့အဖို့ ထူးထူးခြားခြား အထိတ်တလန့် ဖြစ်မိသော်လည်း ထိုအသံကို ကြားရဖန်များလာသောအခါ ရိုးလာတော့၏။

တစ်ညပြီးတစ်ည ထူးဆန်းသောအသံရှင်၏ အသံများကို ကြားလာရသောအခါ ထိုအသံရှင်သည် သူနှင့်ပတ်သက်သည့် ရှေ့အနာဂတ်ကို ကြိုတင်ပြောသည့် အသံရှင်ဟု သိလာသည်။ ထိုအသံရှင်က ဟောကိန်းထုတ်သည့်အတိုင်း အချက်အလက်အချို့ မှန်ကန်လာသည်ကို တွေ့ရ၏။ သာဓကအားဖြင့် သူ့ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက် တစ်စုံတစ်ရာ ဖြစ်ပျက်တော့မည်ကို ထိုအသံရှင်က သူ့အား ကြိုတင်ပြောပြသည်။ ပြောပြသည့်အတိုင်း သူ့သူငယ်ချင်း ကြုံတွေ့လာရ၏။

ပထမတွင် တိုက်ဆိုင်မှုဟု ထင်သည်။ သို့သော် မကြာခဏ တိုက်ဆိုင်မှု များလာသောအခါ တိုက်ဆိုင်မှုဟုဆိုရန် မသင့်တော့။ သို့သော်. . အာသာစတီးဝဲလ်ကမူ ယင်းထူးဆန်းသော အသံရှင်အကြောင်းကို မည်သူ့ကိုမျှ ပြောမပြခဲ့၊ ပြောပြခဲ့လျှင်လည်း သူ့အား စိတ်ရောဂါဝေဒနာ စွဲကပ်သူဟု ထင်ကြမည်ကို စိုးရိမ်သည်။

အသက်(၁၆)နှစ်တွင် ကျောင်းမှထွက်ခဲ့ပြီး ကန်းဆက်မြို့နှင့် နယူးယောက်မြို့အကြား ပြေးဆွဲနေသည့်ကုန်ကားတွင် ယာဉ်နောက်လိုက်အဖြစ် အလုပ်လုပ်ခဲ့သည်။ သူ၏ကြိုးစားရိုးသားမှုကြောင့် ကုန်ကားမောင်းသူ ဖြစ်လာသည်။

ကုန်ကားမောင်းနေစဉ်တွင်လည်း သူ ကျောင်းသားဘဝကတည်းက ထူးထူးဆန်းဆန်း ကြားနေရသည့်အသံကို ကြားနေရသည်။





သူ၏ရှေ့ရေးနှင့်ပတ်သက်သောကိစ္စများကို ထိုအသံရှင်က ဟောကိန်းထုတ်လေ့ရှိ၏။

သူ့အသက်(၁၉)နှစ်တွင် အသံရှင် ဟောကိန်းထုတ်ခဲ့သည့်အတိုင်း ဂျင်းနီဝုဒ်ဟူသော ရိုးသားဖြောင့်မတ်သည့် မိန်းကလေးကို တိုက်တိုက်ဆိုင်ဆိုင် တွေ့ရာမှ လက်ထပ်ဖြစ်ခဲ့သည်။ အသံရှင် ဟောကိန်းထုတ်ခဲ့သည့်အတိုင်း ထူးထူးခြားခြား မှန်ကန်သည်ဟု ဆိုရတော့ပေမည်။

အာသာသည် သူငယ်စဉ်က မကြာခဏကြားရသည့် အသံရှင်၏ဟောကိန်းများအကြောင်း ဇနီးဖြစ်သူကို ပြောပြခဲ့သည်။ သူတို့ဇနီးမောင်နှံသည် အသံရှင်၏ဟောကိန်းများအပေါ် ယုံမှားသံသယ မရှိကြပေ။

တစ်နေ့. . သူ ကုန်ကားမောင်းနေစဉ် အသံရှင်၏အသံကို ရုတ်တရက် ကြားလာရပြန်သည်။ သူ့အား မကြာမီ ရာထူးသစ် တိုးမြှင့်ခြင်းပေးလိမ့်မည်ဟု ဟောကိန်းထုတ်သည်။ ဤဟောကိန်းအတိုင်း ကုန်ကားများထောင်ထားသောကုမ္ပဏီတွင် စာရေးအဖြစ် ခန့်ထားခြင်းခံရသည်။

ဤကဲ့သို့ စာရေးအဖြစ် အမှုထမ်းနေစဉ် စတီးဝဲလ်သည် အသံရှင်၏အသံကို မကြာခဏကြားရသည်။ ထိုအသံရှင်က သူ့အား လက်ရှိစာရေးရာထူးမှထွက်၍ ကန်းဆမြို့သို့ပြောင်းရွှေ့ရန် အကြံပေးသည်။ အမေရိကန်ပြည်ထောင်စု အနောက်ဘက်ပြည်နယ်သို့သွား၍ မီးရထားလမ်းများတည်ဆောက်ရန် အကြံပေး၏။

ထိုအချိန်တွင် အမေရိကန်ပြည်ထောင်စု Wild West ခေါ် အနောက်ပိုင်းဒေသများတွင် မီးရထားလမ်းများ စတင်တိုးချဲ့ဖောက်လုပ်နေသည့် အချိန်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အာသာစတီးဝဲလ်တို့ ဇနီးမောင်နှံသည် အသံရှင် အကြံပေးသည့်အတိုင်း လက်ရှိစာရေးအလုပ်မှ နုတ်ထွက်ကာ ကန်းဆက်မြို့သို့ ပြောင်းရွှေ့လာခဲ့၏။ အသံရှင်ဟောကိန်းအတိုင်း စတီးဝဲလ်သည် ပွဲရုံတစ်ရုံတွင် စာရေးအဖြစ် အလုပ်ရသည်။ ပွဲရုံလုပ်ငန်းများကိုဆောင်ရွက်ရင်း စတီးဝဲလ်သည် ကန်းဆက်ဘဏ်သူဌေးများနှင့် ခင်မင်ရင်းနှီးလာခဲ့သည်။ သူ၏အလုပ်ကြိုးစားမှု၊ ရိုးသားမှုတို့ကို ဘဏ်သူဌေးများက သဘောကျသည်။

ထိုနှစ်ပိုင်းအတွင်း အသံရှင်သည် ပျောက်ချင်းမလှ ပျောက်သွားလေသည်။ အာသာစတီးဝဲလ်ကမူ တစ်နေ့တွင် သူ့အသံရှင်သည် ပြန်ပေါ်လာလိမ့်မည်ဟု မျှော်လင့်နေခဲ့သည်။

သူမျှော်လင့်သည့်အတိုင်း သူ့စာရေးစားပွဲတွင် ထိုင်နေစဉ် အသံရှင်၏အသံကို ပြန်ကြားလာရသည်။ အသံရှင်ကမူ သူ မကြာမြင့်မီ အမေရိကန်ပြည်ထောင်စုတွင် ချမ်းသာကြွယ်ဝသည့် သူဌေးကြီးဖြစ်လာမည်။ သို့ဖြစ်၍ မီးရထားလမ်းများ တည်ဆောက်ရေးလုပ်ငန်းကိုပြုလုပ်ရန် တိုက်တွန်းသည်။

အာသာစတီးဝဲလ်မှာ ရက်သတ္တပတ် တစ်ပတ်လျှင် ဒေါ်လာ (၄၀)သာ ဝင်ငွေရရှိသော စာရေးတစ်ယောက်ဖြစ်၏။ ဤဝင်ငွေဖြင့် မည်ကဲ့သို့ မီးရထားလမ်းတည်ဆောက်ရေး လုပ်နိုင်မည်နည်း။ ဤအချိန်တွင် အမေရိကန်ပြည်ထောင်စု တန်တလျား မီးရထားလမ်းများသည် ကွန်ယက်သဖွယ် တည်ဆောက်စပြုနေပြီဖြစ်သည်။

ဤမီးရထားလမ်းသစ်ဖောက်ရေးအတွက် စိတ်ဝင်စားနေစဉ် သူ့မိတ်ဆွေဘဏ်သူဌေးများက အာသာစတီးဝဲလ်အား ယုံကြည်သဖြင့် ငွေကြေးအကူအညီများပေးမည်ဟု ဆိုလာလေသည်။

အာသာဝတီးဝဲလ်သည် သူ့အသံရှင် အကြံပြုချက်အတိုင်း





မိတ်ဆွေဘဏ်သူဌေးများထံမှ ငွေများကို ချေးငှားယူကာ တင်ဆပြည်နယ် ယာခင်းများကိုဖြတ်၍ အမေရိကန် ပြည်ထောင်စု ပင်လယ်ကွေ့ကို ဆက်သွယ်သော မီးရထားလမ်းကို ဖောက်ခဲ့သည်။

သူ၏ကြိုးစားမှု၊ အလုပ်ကို စိတ်ဝင်စားမှု၊ အသံရှင်၏တိုက်တွန်းမှုကြောင့် စတီးဝဲလ်၏မီးရထားလမ်းဖောက်လုပ်မှုများ မျှော်လင့်ထားသည်ထက် အောင်မြင်သည်။ ကန်းဆက်ပြည်နယ် ဂျုံခင်းများနှင့် ဤပင်လယ်ကွေ့ကို ဆက်သွယ်သော မီးရထားလမ်းမှာ အမေရိကန်ပြည်ထောင်စု မီးရထားလမ်းသစ်ဖောက်လုပ်ရေးလုပ်ငန်းတွင် အထူးခြားဆုံးဖြစ်သဖြင့် လူတိုင်း အာသာစတီးဝဲလ်ကို အံ့သြကြသည်။

မီးရထားလမ်း ဖောက်လုပ်ရာတွင် အခက်အခဲ ကြုံလာသည်နှင့် စတီးဝဲလ်သည် သူ့ရုံးခန်းထဲသို့ သွား၍အနားယူကာ ထာဝစဉ်အကူအညီပေးခဲ့သည့် မမြင်ရသော အသံရှင်ကို မျှော်သည်။ သူမျှော်သည့်အသံရှင်ကလည်း ပေါ်လာသည်။ လေလှိုင်းသံဖြင့်ပင် သူ့အားမည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို အကြံပေးသည်။

သူ့အကြံပေးချက်များအတိုင်း စတီးဝဲလ်က ဆောင်ရွက်သည်။ ထိုအကြံပေးချက်များကို မီးရထားလမ်းဖောက်သည့် အင်ဂျင်နီယာများက ဖြစ်နိုင်ပါ့မလားဟု သံသယရှိကြသည်။ သို့သော် ဆောင်ရွက်သည့်အခါ အောင်မြင်လာသည်ကို တွေ့ရသည်။

သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စု၏ မီးရထားလမ်းဖောက်မှုလုပ်ငန်းတွင် နိုင်ငံ၏ဘဏ္ဍာရေးကို ဆုပ်ကိုင်ထားသော သန်းကြွယ်သူဌေးကြီးများကိုယ်တိုင် တအံ့တသြ ဖြစ်ကြပြီး မီးရထားလမ်း ဖောက်လုပ်ရေးကို မောင်ပိုင်မစီးနိုင်ကြတော့ပေ။

ဤသို့အတွင်း အထူးခြားအဆန်းကြယ်ဆုံး ဖြစ်ရပ်ဆန်းနှင့် ကြုံရတော့သည်။ ကင်ဆမြို့မှ ဖောက်လုပ်ခဲ့သော မီးရထားလမ်းသည်



www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ကွေ့ရှိ ဂယ်ဗက်စတုံမြို့သို့ရောက်ရန် မိုင်(၅၀)အကွာ၊ ကျေးရွာတစ်ရွာသို့ ရောက်ရှိလာခဲ့၏။ ဆက်လက်၍ ဖောက်သင့်မဖောက်သင့် ကြံရွယ်နေချိန်ဖြစ်သည်။

တစ်နေ့တွင် အသံရှင်၏အသံကို စတီးဝဲလ်က ကြားရသည်။ 'ဆက်လက်ဖောက်မည့် မီးရထားလမ်းကို ဂယ်ဗက်စတုံမြို့သို့ ဆက်ဖောက်ခြင်းမပြုရန်၊ ဂယ်ဗက်စတုံမြို့သည် မကြာမီအတွင်း မမျှော်လင့်သော သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးရမည်' ဟူသော အသံရှင်၏ဟောကိန်းကို ကြားရတော့ စတီးဝဲလ်မှာ အံ့ဩသွားသည်။

သူ့အသံရှင်၏ တင်ကြိုဟောကိန်းများသည် မည်သည့်အခါမှ လွဲမှားခဲ့ခြင်းမရှိ။ ဂယ်ဗတ်စတုံမြို့သို့ ဆက်လက်ဖောက်လုပ်ခြင်းမပြုလျှင် သူ့မီးရထားလမ်း ဖောက်လုပ်ရေးကုမ္ပဏီတွင် အစုရှယ်ယာပါဝင်သူများက ကျေနပ်ကြပါမည်လော။ စတီးဝဲလ်အဖို့ မည်သို့ဆုံးဖြတ်ရမည်ကို မသိဖြစ်နေတော့၏။

နောက်ဆုံးတွင် စတီးဝဲလ်သည် မီးရထားလမ်းအား ဂက်ဗက်စတုံမြို့အစား လူသူကင်းဝေးသော ပင်လယ်ကွေ့သို့ ဦးတည်ဖောက်လုပ်စေသဖြင့် အစုရှယ်ယာ ပါဝင်သူများနှင့် ဂယ်ဗက်စတုံမြို့သားတို့က ပြင်းပြင်းထန်ထန် ဝေဖန်ကန့်ကွက်ကြသည်။ ဤသို့ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေစဉ်အတွင်း အမေရိကန်ပြည်ထောင်စုသမိုင်းတွင် အဆိုးဝါး အပြင်းထန်ဆုံး လေပြင်းမုန်တိုင်းကြီး တိုက်ခတ်ခဲ့သည်။ ထိုစဉ်က မှတ်တမ်းများအရ . . လေပြင်းမုန်တိုင်းသည် တစ်နာရီ မိုင်(၂၀၀)နှုန်း တိုက်ခတ်ခဲ့သည်ဟု ဆိုသည်။

ဂယ်ဗက်စတုံမြို့မှာ စိစိညက်ညက် ကြေခဲ့ရပြီး မြင့်မားသော ဒီရေလှိုင်းကြီးများ တက်လာခဲ့သဖြင့် လူအမြောက်အများ သေကြေပျက်စီးခဲ့ရလေ၏။ စတီးဝဲလ်၏ မီးရထားလမ်းဖောက်လုပ်ရေးမှာ ထိ







ခိုက်ခြင်းမရှိခဲ့။

ပြိုင်ဘက်လုပ်ငန်းရှင်ကြီးများကိုယ်တိုင် အာသာစတီးဝဲလ်၏ လုပ်ရပ်ကို တအံ့တဩ ဖြစ်ခဲ့ရသည်။ သူ့မီးရထားလမ်း အဆုံးသတ်ခဲ့သော မက်ဆီကိုပင်လယ်ကွေ့ရှိနေရာတွင် မြို့ကလေးတစ်မြို့ တည်ထောင်၍ အာသာစတီးဝဲလ်ကို ဂုဏ်ပြုသည့်အနေဖြင့် . . ယင်းမြို့၏ အမည်ကို ပို့အာသာဟု ခေါ်တွင်စေခဲ့၏။


www.burmeseclassic.com

www.burmeseclassic.com

သူသည် အသံရှင်၏အကြံပေးချက်ဖြင့် အမေရိကန်ပြည်ထောင်စုတွင် မီးရထားလမ်း ခြောက်ခုကိုလည်းကောင်း၊ သင်္ဘောကြီးများ သွားလာနိုင်သည့် တူးမြောင်းကိုလည်းကောင်း ဖောက်လုပ်ခဲ့သဖြင့် အမေရိကန်ပြည်ထောင်စုသမိုင်းတွင် အထူးထင်ရှားကျော်ကြားခဲ့သူဖြစ်၏။

မီးရထားလမ်းမြို့ပေါင်း(၄၀)ကျော်ကိုလည်း တည်ထောင်ပေးခဲ့၏။ အမေရိကန်ပြည်ထောင်စုတွင် အာသာစတီးဝဲလ်၏ဖြစ်ရပ်သည် ဒဏ္ဍာရီတစ်ပုဒ် ဖြစ်ခဲ့တော့သည်။ ငွေကြေးအမြောက်အမြားချမ်းသာကြွယ်ဝ၍ သူ့လက်နှင့်ထိသမျှ ရွှေဖြစ်သည်ဟု ဆိုလောက်အောင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့ရ၏။ သူ ဤသို့ အောင်မြင်မှုရခဲ့ခြင်းသည် ထူးဆန်းသော အသံရှင်ကြောင့် ဖြစ်သည်ဟု နောင်အခါ အာသာစတီးဝဲလ်က သူ့ကိုယ်ရေးအတ္ထုပတ္တိတွင် ရေးသားဖော်ပြခဲ့သည်။

သူသည် စီးပွားရေးလောကတွင် အောင်မြင်ပေါက်ရောက်သော သန်းကြွယ်သူဌေး ဖြစ်ခဲ့သည်သာမက စာနယ်ဇင်းလောကတွင်လည်း အရောင်းရအသွက်ဆုံး ဝတ္ထုစာအုပ်များ ရေးသားခဲ့သော စာရေးဆရာတစ်ဦးလည်း ဖြစ်ခဲ့၏။

သူ၏အသံရှင် အကူအညီနှင့် (၁၉၁၄)ခုနှစ်ဦးပိုင်းတွင် "To All The World Except Germany" ဂျာမနီနိုင်ငံမှလွဲ၍ တစ်ကမ္ဘာလုံးသို့ ဟူသောစာအုပ် ထုတ်ဝေခဲ့ရာ အောင်မြင်ကျော်ကြားသော စာအုပ်တစ်အုပ်ဖြစ်ခဲ့၏။ ယင်းစာအုပ်တွင် ပထမကမ္ဘာစစ်ကြီး မလွဲမသွေ ဖြစ်ပွားရမည်ဟူ၍လည်းကောင်း၊ ဂျာမနီနိုင်ငံသည် မလွဲမသွေ ရှုံးနိမ့်ရမည်ဟု ဟောကိန်းထုတ် ရေးသားခဲ့သည်။ သူ၏ ကြိုတင်ဟောကိန်းများမှာ တိတိကျကျ မှန်ခဲ့သည်ဟု ဆိုသည်။







အာသာစတီးဝဲလ်၏ဇနီး ဂျင်းနီဂုဒ်

(၁၉၂၈)ခုနှစ် အသက်(၆၈)နှစ်တွင် အာသာစတီးဝဲလ် ကွယ်လွန်သွားခဲ့သည်။ သူကွယ်လွန်ပြီး (၁၃)ရက်အကြာမှာတော့ ဇနီးဖြစ်သူ ဂျင်းနီသည် အမေရိကန်ပြည်ထောင်စု မဟက်တန်မြို့ရှိ မိုးမျှော်အဆောက်အဦးကြီးပေါ်မှ ခုန်ချ၍ မိမိကိုယ်မိမိ အဆုံးစီရင်ကာ အာသာစတီးဝဲလ်နောက် လိုက်သွားလေတော့သည်။

အာသာစတီးဝဲလ်၏ ဘဝတစ်ခုလုံးကို ထူးဆန်းသောအသံရှင်က ဇာတ်ညွှန်းရေးသွားခဲ့လေသလား ဆိုတာကိုတော့. . . .။

ချမ်းသာ

www.burmeseclassic.com



# ထောင့်ငါးရာနဲ့ သရဲ





## အခန်း(တစ်)

"ထောင်းရာသီတောင် ကုန်တော့မှာပါလား"

ကိုမြမောင်တစ်ယောက်တည်း ခေါင်းရင်းဘက် မြေကွက် ပ်ထဲ ပက်လက်ထိုင်ခုံနှင့် ဆင်းထိုင်ရင်း တစ်ကိုယ်တည်း ညည်းတွား လို အသံပြုလိုက်သည်။ ထို့နောက် လက်ကြားထဲမှာ မီးသေနေ ာ ဆေးပေါ့လိပ်အား. . နှုတ်ခမ်းတော့ကာ မီးညှိရှိုက်ဖွာပစ်လိုက် ည်။ ပြီးမှ ခြံထဲကနေလှမ်းကြည့်လျှင် မျက်စိတဆုံး မြင်တွေ့နေရ ာလယ်ကွင်းထဲရှိ ထိန်ပင်ကြီးဆီ ဘာရယ်မဟုတ်ဘဲ အကြည့်ပို့ တ်လိုက်လေသည်။

ထိန်ပင်ကား အရွက်ရယ်လို့ မရှိတော့ဘဲ ပင်စည်ကိုင်း ြာက်သက်သက် ကွေးကိုင်းညွတ်တွားကာ ရှိနေသည်။ သူ ဒီခြံကွက် လေးဝယ်ပြီး အိမ်ဆောက်သည့်နှစ်ကမှ အခက်အလက် ဝေဝေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တတ်ချင်ဖွယ်ရာ ရှိသေးသည်။ ယခုမူ လယ်ယာမီးရှို့ရင်း ထိန်[illegible] ပါ မီးထဲပါသွား၍ ပင်ခြောက်သက်သက်သာ ကျန်တော့သည်။

ညနေစောင်းချိန်မှ ဝိုးတဝါးလေး အုံ့ဆင်းလာသော ဆောင်း နှောင်းမြူရိပ်တွေကြား ပင်ခြောက်ကြီးအတိုင်း ကွေးကွေးကိုင်းကိုင်း ရှိနေပုံက တိတ်ဆိတ်သောဝန်းကျင်နှင့် ထင်ဟပ်စွာ စိတ်ထဲ သရိုးသ[illegible] နိုင်လှသည်။

ကိုမြမောင်နေရာမှာ တစ္ဆေအကြောင်း တွေးတတ်သူ (သို့[illegible] ဟုတ်) ကြောက်တတ်သူ တစ်ဦးဦးသာ ရှိနေပါလျှင် ထိုမြင်ကွင်း[illegible] အကြည့်လွဲကာ ဂုဏ်တော်တစ်ခုခုကို ရွတ်ပွား၍ ကြောက်စိတ်ဖြေ[illegible] တော့မှာ သေချာလှပေသည်။

သို့သော် ကိုမြမောင်တို့ ဇနီးမောင်နှံက လက်တွေ့ကျသော သဘာဝအခြေအနေမဟုတ်လျှင် သိပ်ပြီးအယူအစွဲမရှိကြချေ။ အမှ[illegible] တော့. . ယခု သူဝယ်ယူကာ အိမ်ဆောက်နေထိုင်သော ခြံကိုပင် ရပ်ကွက်တွင်း တစ်ဆက်တစ်စပ်တည်း နေထိုင်သူများက ကြောက်[illegible] ရင်းစွဲ ရှိကြသည်။ ရပ်ကွက်အစွန်ဆုံးလည်းဖြစ်၊ ထောင့်ကွက်လည်း ဖြစ်ကာ ဆိတ်ငြိမ်အေးချမ်းသောရှုခင်း၊ မြင်ကွင်းကောင်းသောနေရာ လေး ဖြစ်လင့်ကစား ဝယ်သူစိတ်မဝင်စားသည့်အပြင် အိမ်ခြံမြေပွဲစား များပင်လျှင် လက်ထဲကိုင်မရောင်းချင်သော မြေကွက်ဖြစ်လေသည်။

ထိုသတင်းကို ကြားသိရသော ကိုမြမောင်တစ်ယောက် အ[illegible] လွန်မှ ဝမ်းသာကာသွားသည်။ မိဘများဘက်မှ ရထားသော အမွေ[illegible] လေးနှင့် အိမ်ဌားဘဝမှလွတ်အောင် ကြံစည်ချင်သော်လည်း ရှိသည့် ငွေက မြေဝယ်လျှင် အိမ်ဆောက်စရာ တစ်ပြားမှမကျန်၍ ခြံထဲ ပု[illegible] ခြုံကွေးရမည့် အခြေအနေဖြစ်၍ ရှိတဲ့ငွေလေး မပျောက်ပျက်အောင် ထိန်းနေရခိုက် သူငယ်ချင်းလင်းခိုင်ဆီမှ သူတို့ရပ်ကွက်ထဲမှာ ထို[illegible]





သော အချိုးအချောင်မြေစျေးလေး ကြားသိရ၍ တွေဝေမနေဘဲ အ ပြေးအလွှားစုံစမ်းကာ ဝယ်ယူပစ်လိုက်သည်။

မြေဝယ်ပြီး တစ်လအတွင်းမှာပင် ကျန်သည့်ငွေလေးနှင့် သွပ် မိုးပျဉ်ထောင် အိမ်ခပ်ကျစ်ကျစ်ကလေးဆောက်ကာ လင်မယားနှစ် ယောက် အေးချမ်းစွာနေထိုင်လာကြခြင်းဖြစ်သည်။

သို့သော် မအေးချမ်းစရာ အခြေအနေက သူတို့ဇနီးမောင်နှံ အိမ်သစ်ကလေးဆီ ရွှေ့ပြောင်းလာသည့် ပထမညမှာပင် စတင်ကြုံ တွေ့ရတော့သည်။



"ဝူ. . အူး. . "

"ဟာ. . ဒီခွေး. . ၊ ငါ့နှယ် ကျက်သရေ မရှိလိုက်တာ"

ဘယ်ကမှန်းမသိ ခြံထဲဝင်ပြီး ဆွဲဆွဲငင်ငင်အူလိုက်သောခွေး အား ဦးနိုင်ကြီး ထကာ မောင်းမဲပစ်လိုက်သည်။ ဦးနိုင်ကြီး၊ ဦးစိန်ဝင်း တို့က ဤရပ်ကွက်တွင်နေထိုင်သောလူများဖြစ်ကြပြီး လက်သမား ဆရာလည်းဖြစ်ရကာ. . ကိုမြမောင်တို့အိမ်ကိုလည်း ထိုသူနှစ်ဦးပင် ဆောက်လုပ်ပေးကြသည်။ ကိုမြမောင်က လင်းခိုင်၏ သူငယ်ချင်းဟု



www.burmeseclassic.com

www.burmeseclassic.com



သောအသိနှင့် လင်းခိုင်နှင့်ပတ်သက်ကာ ခင်မင်ကြပြီး အိမ်ပြောင်းလာသည့်ညက ညဥ့်ဦးပိုင်း သူတို့သုံးယောက် ရောက်လာကြ စကားပြော အဖော်ပြုပေးကြခြင်း ဖြစ်လေသည်။

"ဘာမှန်းမသိ ခြံထဲလာပြီး အူနေတယ်"

"သိလို့အူတာနေမှာပေါ့ကွာ၊ ခွေးတွေက နာနာဘာဝကို မြင်တဲ့သဘာဝ ရှိတယ်ကွ"

ဦးစိန်ဝင်း စကားကြောင့် လင်းခိုင် ကြက်သီးထသွားသည်။ ပုခုံးလေး တွန့်ကြုံ့ကာ ဦးစိန်ဝင်းဘေးကို ကပ်သွားသည်။

ထို့နောက် ဦးစိန်ဝင်းက. . .

"ကဲ. . မင်းတို့လင်မယားလည်း အခုမှ ပြောင်းလာကြတော့ ဒီခြံရဲ့ရာဇဝင်ကို သိထားမှ ကိုယ် ဘယ်လိုနေသင့်တယ်ဆိုတာ သိမှာ"

"ဟာ. . ဦးစိန်ဝင်းကလည်း အဲ့ဒါတွေလျှောက်မပြောနဲ့လေ"

ဦးနိုင်ကြီးက ကိုမြမောင်တို့လင်မယားကို အားနာပြီး ဦးစိန်ဝင်းစကားကို ဟန့်ဖို့ကြိုးစားသည်။ သို့သော်. . .

"အဲ့ဒါ မှားတယ်ကွ၊ ငါက စစ်သားလူထွက်ဆိုတော့ စစ်သုံးစကားပဲ ဥပမာပေးရမယ်၊ မှတ်ထား. . မြေပိုင်မှ စစ်နိုင်တယ်တဲ့"

ထိုအခါ လင်းခိုင်က အူတီးအူကြောင်နှင့်. . .

"ဗျာ. . ဒါဆို အခု စစ်တိုက်နေကြတာ၊ မြေကြီးဝယ်ပြီး တိုက်နေကြတာပေါ့၊ ဒီလိုလား. . ."

"မင်းကွီးဒေါ်ဝယ်ရမလား. . မသိရင်နားထောင်၊ မြေပိုင်မှဆိုတာ ဝယ်ပြီးပိုင်တာကို ပြောတာမဟုတ်ဘူး၊ မြေအနေအထားကို ကျွမ်းကျင်ပိုင်နိုင်မှလို့ ပြောတာ၊ အခုလည်း သူတို့လင်မယား ကိုယ့်အိမ်ကိုယ့်ယာကို ပိုင်ပိုင်နိုင်နိုင်ရှိပြီး အေးအေးချမ်းချမ်း နေသွားနိုင်ဖို့ ဒီခြံမြေရဲ့ ရာဇဝင်ကို သိထားရမယ်၊ ဒါမှ ဘယ်လိုကာကွယ်တားဆီး





ရမယ်ဆိုတာ ကြိုသိပြီး ကြိုစီစဥ်နိုင်မှာလေကွာ"

"အဲ့ဒါ အိမ်မဆောက်ခင်က ပြောပါလား ဦးစိန်ဝင်းရဲ့ ဥပမာ မောင်မြမောင်ရေ မင်းအိမ်ဆောက်ချင်တာတော့ ဟုတ်ပါရဲ့. . မင်းဝယ်ထားတဲ့မြေကြီးက ဘယ့်နှယ်က ဘာညာပေါ့"

ဆိုတော့ကာ ဦးစိန်ဝင်း မျက်ထောင့်နီကြီးနဲ့ လှမ်းကြည့်ပြီး ခါးကြားထိုးထားတဲ့ ကွမ်းထုပ်ကို ယူလိုက်သည်။ လင်းခိုင် ခံတွင်းစိုသွားပြီး ကွမ်းထုပ်ဆီ အကြည့်ရောက်သွားခိုက် ဦးစိန်ဝင်းက ကွမ်းတစ်ယာ ထုတ်ယူကာ ဘယ်ဘက်ပါးစောင်ထဲ ထိုးထည့်သည်။ နောက်တစ်ယာ ယူပြီး ညာဘက်ပါးစောင်မှာ ထည့်ငုံသည်။ အိတ်ထဲမှာ တစ်ယာသာ ကျန်တော့သဖြင့် လင်းခိုင်လှမ်းယူမည်အပြု ထိုတစ်ယာကိုပါ ပါးစပ်ထဲ ထိုးထည့်၍ အိတ်ခွံသာ လင်းခိုင်လက်ထဲ ထည့်ပေးလိုက်သေး၏။

"ဟာ. . အကုန်စားပစ်တာလား"

"ဒါတောင် တစ်ယာလိုသေးတယ်ကွ၊ ငါက ကွမ်းငုံရင် ပါးစပ်တစ်ခုလုံး ပြည့်မှ"

ဦးနိုင်ကြီး ရယ်လျက်နှင့် စကားဆက်လေသည်။

"အဲ့ဒါ. . ထားပါ၊ စောစောကကိစ္စ ဆက်ပါဦး"

"ဟေ. . မင်းမသိလို့လား"

"သိတော့သိတာပေါ့၊ ဦးစိန်ဝင်းက ရှေ့မှီနောက်မှီဆိုတော့ ပိုသိမှာပေါ့"

ဒီတော့မှ ဦးစိန်ဝင်းက ကိုမြမောင်တို့ ဇနီးမောင်နှံကို လှမ်းအကဲခတ်ရင်း. . .

"ပြောသာပြောရမှာ သူတို့လင်မယားက သိပ်ဖြူပုံမရဘူးကွ သရဲအကြောင်းပြောရတာ ကြောက်တတ်မှ ပြောလို့ကောင်းတာ"

"ပြော. . ပြော. . ကျွန်တော် ကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါဆို မင်းနောက်မှာ ငုတ်တုတ်ကြီး"

"မလေးဗျ. . ၊ ဟာ. . . ကျွန်တော် တစ်ကယ်ကြောက်တာ နော်"

အားလုံး လင်းခိုင်ကိုကြည့်ကာ ရယ်ကြသည်။ ထိုစဉ်. . အိမ်နောက်ဖေး မီးခိုခန်းမှ ထမင်းအိုးဟင်းအိုး ဖွင့်သံလိုလို ကြားရ၍ အားလုံးအသံတိတ်ကာ နားစွင့်ကြသည်။ နောက်ထပ် ဘာမှမထူးခြားတော့မှ ဦးစိန်ဝင်းက ကွမ်းသွေးကို ကြမ်းကြားထဲ ငုံ့ထွေးကာ စကားဆက်လေသည်။

"ဒီခြံက ရာဇဝင်နဲ့ကွ၊ ငါတို့ ဒီရပ်ကွက်စတည်လို့ ပြောင်းလာတော့ ခုလို အိမ်ခြံမြေရယ်လို့ မရှိသေးဘူး. . ၊ ဘယ်ကြည့်ကြည့် ရိုးပြတ်တောနဲ့ ကိုင်းခြုံနဲ့ လယ်ကွင်းတွေပဲ ရှိသေးတယ်၊ မှတ်မှတ်ရရ ဒီခြံရဲ့ အလယ်ခေါင်လောက်မှာ ကျိုးပင်ကြီးတစ်ပင်ရှိတယ်၊ ငါ ဘာလို့သိလဲဆိုတော့ ဒီခြံပိုင်ရှင် မုဆိုးမသားအမိက သူတို့အိမ်ဆောက်ဖို့ ခြံအလယ်ခေါင်တည့်တည့်မှာ ကျိုးပင်ကြီးရှိနေလို့ ဘယ်လိုလုပ်ရမလဲ ဆိုပြီး ငါ့ကိုလာမေးတာလေ၊ အဲ့ဒါ. . ငါလိုက်ကြည့်တော့ ကျိုးပင်ကြီးက လူတစ်ဖက်စာမှမကတဲ့ အပင်ကြီးဖြစ်နေတော့၊ ဟာ. . ခုတ်လှဲပြီး သစ်ခွဲပစ်လိုက် ကာပျဉ်ရတာပေါ့. . လို့ပြောပြီး ပြန်လာခဲ့တာ၊ နောက်နှစ်ရက်လောက်နေတော့ အဲ့ဒီမုဆိုးမသားအမိ ဆုံးပြီလို့ အသံကြားရတာပဲကွ"

"ဟာ. . ဘာဖြစ်လို့တုန်း"

"သားအမိနှစ်ယောက် ကျိုးပင်လှဲဖို့ လွှဆွဲနေတုန်း အပင်ပေါ်က မြွေတွေပြုတ်ကျလာပြီး ပေါက်သတ်လိုက်တာ. . ၊ သေရောပေါ့"

"အိုဗျာ. . . ဖြစ်မှဖြစ်ရလေ၊ ဦးစိန်ဝင်းက ကသမ်းကရမ်း လျှောက်ပြောတာကိုးဗျ"





လင်းခိုင်က အပြစ်တင်သံတစ်ဝက် ဂရုဏာသံတစ်ဝက်နှင့် ပြော၍. . .

"ဟေ. . အပင်ပေါ် မြွေရှိမရှိ ငါသိမလားကွ၊ ငါလည်း အိမ်ဆောက်ဖို့ မလွတ်လို့ ငါ့ခြံထဲက ကုက္ကိုလ်ပင်နှစ်ပင် လှဲပစ်တာ ငါ ဘာဖြစ်လို့လဲ"

"အင်းလေ. . ထားပါတော့၊ အဲ့ဒါနဲ့ ပြောပါဦး"

ဦးစိန်ဝင်း ကွမ်းသွေးငုံ့ထွေးပြီး နှုတ်ခမ်းကို လက်ခုံနှင့် တင်းချက်ပွတ်သိမ်းပြီး ဆက်ပြောသည်။

"အဲ့ဒါနဲ့ အဲ့ဒီခြံပိုင်ရှင်ပျောက်ပြီး အိမ်မဆောက်သေး ကွက်လပ် ကျန်နေတာ (၅)နှစ်လောက်နေတော့. . ရပ်ကွက်ဥက္ကဋ္ဌက ကျွဲနွားတဲ့ ကုလားတစ်ယောက်ကို အသာလက်တို့ပြီး ရောင်းစားလိုက်တယ် ကျွဲကုလားကလည်း သဘောကျတယ်ကွ၊ ထောင့်ကွက်လည်းဖြစ် ခြံရှေ့ နံဘေးမှာ မြက်ခင်းကွင်းကြီးဆိုတော့ ကျွဲမွေး၊ ဘဲမွေး. . အတော်ပဲ ဆိုပြီး ခြံထဲမှာ ကျွဲတဲလာဆောက်တာ အဲ့ဒီဆောက်တဲ့နေ့ပဲ ကျွဲကုလားလည်း သရဲစားတာ ခံလိုက်ရသကွ"

"ဗျာ. . "

"ဒီလို. . ၊ ကုလားက အဲ့ဒီကျိုးပင်အောက်မှာထိုင်ပြီး သူခေါ်လာတဲ့ အလုပ်သမားတွေကို တဲဆောက်ခိုင်းတယ်၊ ဟိုကောင် ဟိုဟာလုပ်၊ ဒီကောင် ဒီဟာလုပ်နဲ့ ပြောနေတုန်း. . . ကျိုးပင်ပေါ်ကနေ ကုလားထက်မည်းတဲ့အကောင်ကြီးတစ်ကောင် ဆင်းလာပြီး ကုလားလည်ပင်းကို လိမ်ချိုးပစ်လိုက်တယ်တဲ့ကွ"

"နေ့ခင်းကြောင်တောင်ကြီးလား"

"အာ. . . နေ့ခင်းတော့ ဘယ်ဟုတ်မလဲ၊ ညနေ ညိုစစ်တို့ မသိတသိ အချိန်ပေါ့၊ တစ်နေကုန် အလုပ်ခိုင်းပြီး ဆဲလိုက်ဆိုလိုက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မမှောင်မချင်း အလုပ်ခိုင်းနေလို့ သူခေါ်လာတဲ့ အလုပ်သမားတွေလည်း ပူကျိုပူကျို ဖြစ်နေကြပြီ၊ အဲ့ဒီအချိန်မှာ အဲ့သလိုလည်း ဖြစ်ရော အလုပ်သမားတွေ လန့်ပြီး. . တစ်ချိုးတည်း လစ်ပြေးတာ အလောင်းကိုတောင် မနက်မိုးလင်းမှ သွားကောက်ကြတယ်လေ၊ အလုပ်သမားတွေထဲမှာ ငါ့ယောက်ဖ မောင်ကိုတောင်ပါသေး၊ မင်း မယုံရင် မေးကြည့်ပါလား"

"ဟာ. . တစ်ကယ်ကြမ်းပါလား၊ မငီး. . ကြက်သီးတောင်ထလာပြီ"

လင်းခိုင် ညည်းတွားသလိုပြောရင်း ဦးစိန်ဝင်းဘက် နည်းနည်းတိုးပြန်၍ ဦးစိန်ဝင်း တွန်းခွာထုတ်ပစ်သည်။

ထိုအခိုက်မှာ အိမ်ခန်းထဲက လူတစ်ယောက် ထွက်လာသလို ရှပ်ရှပ်,ရှပ်ရှပ်နှင့် ခြေသံကြားရသဖြင့် လှည့်ကာကြည့်ကြသည်။ ဘာမှ မတွေ့သဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ သရိုးသရီဖြစ်ကုန်လေသည်။

ထိုအခါ ဦးနိုင်ကြီးက. . .

"တော်ပြီ. . တော်ပြီ. . ဦးစိန်ဝင်း၊ မပြောနဲ့တော့. . သူတို့အကြောင်းပြောတာ ကြိုက်ပုံမရဘူး ထင်တယ်ဗျ"

"မကြိုက်လည်း မတတ်နိုင်ဘူးကွာ၊ ခုမှတော့ အကုန်ပြောရတော့မှာပဲ၊ အဲ့ဒီကုလားသေပြီး အဲဒီခြံနား ဘယ်သူမှ မကပ်ရဲကြတော့ဘူးကွ၊ ကုလားမိန်းမကလည်း ဒီခြံကို ပြန်ရောင်းနေတာ ဝယ်မယ့်သူကို မရှိဘူး၊ တစ်နေ့တော့ တရုတ်လိုလို လူတစ်ယောက်ရောက်လာပြီး ခြံကွက်ဝယ်ချင်လို့ဆိုပြီး လာကြည့်တာ၊ ဒီခြံကိုမြင်တော့ သဘောကျသွားတယ်၊ သူက ဆင်မလိုက်နဲ့ အဆက်အသွယ်ရှိတဲ့ ဝက်ပွဲစားတစ်ယောက်ပဲ. . .





သူ့စိတ်ကူးက ဒီအနီးအနားမှာ ဝက်ဝယ်မယ်၊ ဒီခြံမှာ လှောင်ထားမယ်၊ အကောင်အရေအတွက်ပြည့်မှ ဒီခြံမှာ ကားဖင်ထိုးပြီး ဝက်တင်မယ်၊ အဲ့ဒါနဲ့ ကုလားမနဲ့ အဆက်အသွယ်ရပြီး ခြံဝယ်ဖြစ်သွားတယ်၊ ကုလားဆောက်ခဲ့တဲ့ ကျွဲတဲတစ်ပိုင်းတစ်စကလည်းရှိတော့ ကျွဲတဲမှာ ခြံစောင့်အလုပ်သမားထားပြီး ဝက်တဲကို သပ်သပ်ဆောက်တာပေါ့ကွာ၊ သူလည်း ခြံမှာပဲ သူ့အလုပ်သမားနဲ့ ညအိပ်ပြီး ဝက်တဲထိုးဖို့ စီစဉ်တာပေါ့. . .

အဲ့ဒီညပဲကွ. . အဲ့ဒီဝက်တရုတ်ကြီး ဝက်လိုတအီအီအော်ပြီး သေရှာသတဲ့၊ သူ့အလုပ်သမားကတော့ နူကြောင်ကြောင် ဖြစ်သွားတယ်၊ ဘာကြောင့်ဖြစ်သလဲဆိုတာ ခုချိန်ထိ ဘယ်သူမှ မေးလို့မရဘူး ဒီနောက်ပိုင်း ညဘက် ဖားထွက်ရိုက်တဲ့သူတွေ၊ ငါးကိုင်းဆောက်တဲ့သူတွေ၊ ပြောင်းလိုက်တဲ့သူတွေ. . ဒီခြံနားရောက်ရင် အခြောက်ခံခဲ့ရလို့ ဘယ်သူမှကို မကပ်ရဲတော့တာ. . .

သည်နောက်ပိုင်း ဦးမောင်ကြီးဆိုတဲ့ လူတစ်ယောက်ပဲ သူ့ရဲကောင်းလို့ ပြောရမှာ၊ အခု မောင်ရင်တို့ ဝယ်လိုက်တဲ့ပိုင်ရှင်ပေါ့ သူကတော့ ဒီခြံကို တရုတ်ကြီးမိသားစုဆီက စျေးချောင်ချောင်နဲ့ဝယ်ပြီး ခြံအလည်ခေါင်က ကျိုးပင်ကြီးကို အုတ်ဖုတ်တဲ့သူတွေဆီ လက်ညှိုးထိုး ရောင်းပစ်လိုက်တယ်၊ အုတ်ထင်းသမားတွေက လာခုတ်ပြီး ယူသွားကြတယ်၊ ဦးမောင်ကြီးက ကုလားရဲ့ကျွဲတဲမှာ အိပ်ပြီး တရုတ်ကြီးရဲ့ ဝက်တဲကို မီးဖိုချောင်လုပ်နေသွားတာ ငါးနှစ်လောက် ကြာသွားတယ်၊ အဲ့ဒီကာလမှာတော့ ထူးထူးခြားခြား ဘာသံမှ မကြားရဘူးကွ အေး. . တစ်ခုပဲ မြေဈေးတွေတက်နေတဲ့အချိန်မှာ သူ့ခြံကို အိုးရောင်းခွက်ရောင်း ရောင်းပြီးထွက်သွားတာတော့ စဉ်းစားစရာပဲလေ"

"ဝုန်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟ"

မီးဖိုခန်းဘက်မှ တစ်စုံတစ်ခု အမြင့်ပေါ်မှ ခုန်ချသလို တစ်အိမ်လုံး တုန်ခါသွား၍. . အားလုံးမီးဖိုခန်းဘက် ထွက်ကာကြည့်ကြသည်။ ဘာမှမရှိ ဘာမှလည်း မတွေ့၍ ဧည့်ခန်းဖက် ပြန်ရောက်လာကြပြီး ဦးစိန်ဝင်းက. . .

"အေး. . အဲ့ဒါ ရာဇဝင်အကုန်ပဲ မောင်မြမောင်ရေ၊ ငါလည်း ဒီအကြောင်းတွေ အိမ်ဆောက်ပြီးမှ ပြောရတဲ့အကြောင်းက မင်းတို့ ကြောင့်ပဲ. . ."

"ခင်ဗျာ"

ကိုမြမောင်က ထိုစကားအား နားမလည်သလို မြည်တ၍. .

"မင်းတို့အခြေအနေက ဒီခြံဝယ်ပြီးရင် ဆောက်ပြီးနေမှ ရတော့မယ့် အခြေအနေလို့ လင်းခိုင်က ပြောတယ်လေ၊ အဲ့ဒါကြောင့် မဆောက်ခင် ဒီအကြောင်းတွေသိရရင် အိမ်လည်းမဆောက်နိုင်. .၊ ပိုက်ဆံကုန်ပြီး အရာမရောက်ဖြစ်လို့ စိတ်ဆင်းရဲရမှာစိုးလို့၊ အရာရောက်အောင် အိမ်ဆောက်လိုက်တော့. . ရှေ့ဘာဖြစ်ဖြစ် သတ္တိရှိရှိရင်ဆိုင်ပြီး နေသွားလို့ရတာပေါ့ကွာ၊ အဲ့ဒါပါ. . ."

"ဟုတ်ကဲ့ပါ. . ကျွန်တော်တို့လည်း အဲ့ဒါတွေ သိပ်မကြောက်တတ်ပါဘူး၊ လောလောဆယ် ကြောက်နေတာက နေရေးထိုင်ရေးကိစ္စပါ၊ အဲ့ဒါစိတ်အေးရပြီဆိုတော့ ကျန်တာ နပမ်းပဲ ဖက်လုံးရလုံးရင်ဆိုင်ရတော့မှာပဲလေ"

"ဒါပေါ့ကွာ၊ လူကြမ်းရင် နတ်တောင်မခံနိုင်တာ သရဲကတော့ ဝေးဝေးပြေးတာပေါ့၊ ကိုင်း. . ညဥ့်နက်ပြီ ငါတို့ပြန်ပြီဟေ့"

"ဟုတ်ကဲ့ပါ"

ကိုမြမောင် ဧည့်သည်လိုက်ပို့ပြီး ခြံတံခါး သော့ခတ်ကာ





အိမ်ဘက်ပြန်အလှည့် အိမ်ပေါ်မှာ ဇနီးဖြစ်သူနှင့် ရယ်ရယ်မောမော ပြောဆိုနေသူတစ်ယောက်ကြောင့် ကိုမြမောင် ငေးကြောင်ကာ သွားသည်။ လောလောဆယ် သူတို့လင်မယားနှင့် အရင်းနှီးဆုံး လူရင်းဆိုလို့ လင်းခိုင်တစ်ယောက်သာရှိပြီး၊ လင်းခိုင်လည်း ဦးစိန်ဝင်းတို့နှင့် အတူပြန်သွားပြီ၊ ကြောက်လို့ ဦးစိန်ဝင်း၏ ခါးကိုဖက်ကာ လိုက်သွားသည်မှာ လင်းခိုင်၊ အဲ့ဒီနောက်က ဦးနိုင်ကြီး၊ ဧည့်သည်သုံးယောက်စလုံး ပြန်သွားပြီဖြစ်၍ ဇနီးသည် မချိုနှင့် စကားပြော ရယ်မောနေတာ ဘယ်သူလဲဟု တွေတွေဝေဝေဖြစ်ကာ အိမ်ပေါ် ပြေးတက်လာခဲ့သည်၊ သူအိမ်ပေါ်ရောက်တော့ ဇနီးသည်က ရေနွေးဘန်းတွေသိမ်းကာ မီးဖိုခန်းဘက် လှည့်ထွက်သွားသဖြင့်. . .

"မချို"

"ရှင်"

"မင်းဘယ်သူနဲ့ စကားပြောနေတာလဲ"

"ဟင်. . ဘယ်တုန်းကလဲ"

"အခုပဲလေ"

"ဟောတော်. . အဲ့ဒါ ရှင်မဟုတ်ဘူးလား၊ ရှင့်သူငယ်ချင်းကိုလင်းခိုင် တအားကြောက်တတ်တာကိုပြောပြီး ရယ်နေကြတာလေ"

"ဟေ"

"ဟောတော့. .၊ ရှင်ဘာကြောင်နေတာလဲ"

"အဲ"

ကိုမြမောင် ဘာပြန်ပြောလို့ ပြောရမှန်းမသိသောစိတ်နှင့် အူတူအတဖြစ်ကာ ကျန်ခဲ့သည်။ သူ မြင်လိုက်ကြားလိုက်ရတာ အမှန်ကြီး၊ ဒါပေမယ့်လည်း သူ့အမျိုးသမီးအမြင်မှာ သူပဲအမှတ်နှင့်မှနေ၍ ထိုအခြေအနေအား ဒီအတိုင်းပဲထားလိုက်ဖို့ ဆုံးဖြတ်ပြီး. . အောင့်



www.burmeseclassic.com

www.burmeseclassic.com





သက်သက်နှင့် ငြိမ်နေလိုက်ရသည်။ မဟုတ်ဘူးဗြင်းပြီး. . . အမှန်ကို ရှင်းနေလျှင် တစ္ဆေဝင်နှောက်နေပြီဆိုတာ ပေါ်လွင်သွားမည်။ ထိုအခါ မကြောက်ဘူးပေတဲ့ မိန်းမသားမို့ စိတ်အားငယ်စရာ ဖြစ်နိုင်သည်ပေါ့။

သို့သော်လည်း သူ့စိတ်ထဲ အတော်မခံချိမခံသာ ဖြစ်သွား၍ အိမ်တိုင်ကို လက်သီးနှင့်လှမ်းထောက်ကာ. . .

"ငါ့မိန်းမကို ကြာကူလီဝင်ရိုက်ဖို့ ကြိုးစားလို့ကတော့ မင်းသေပြီမှတ်. ."







# အခန်း (နှစ်)

ထိုနေ့မှအစပြုသော ထိုပြဿနာက ထိုနေ့ညမှာပင် ပြီးသွားလိမ့်မည်ဟု ကိုမြမောင် ထင်မြင်ထားသော်လည်း နောက်တစ်နေ့ သူ့အလုပ်ကအပြန် ထပ်မံကြုံရပြန်လေသည်။ ပုံမှန်အရတော့ အလုပ်ကနေ အိမ်ပြန်ရောက်ချိန်က ညနေ(၆)နာရီထက်မပို၊ ယခုမူ ပြောင်းရွှေ့လာသော အိမ်သစ်က မြို့ကွက်အသစ်ထဲမှာဖြစ်၍ ကားမှတ်တိုင်မှ အိမ်အရောက် လမ်းလျှောက်လျှင်ပင် မိနစ်လေးဆယ်နီးပါး လျှောက်ရသည်။ ဆိုင်ကယ်ကယ်ရီတွေတော့ ရှိပါသည်။ မြို့ထဲကနေ ကားစီးလာတာမှ နှစ်ရာပဲကုန်သည်။ အိမ်နားရောက်လာမှ ကယ်ရီခ ငါးရာဆိုတော့ နှမြောကာ လမ်းပဲလျှောက်ပစ်သည်။ ထို့ကြောင့် ခြံထဲရောက်သည်နှင့် (၇)နာရီ။

www.burmeseclassic.com



သူ ခြံထဲဝင်လိုက်သည်နှင့် ညော့ခန်းခြေရင်း ပြူတင်းပေါက်ဘေးက ထမင်းစား,စားပွဲ အမြင့်လေးမှာ မချိုနှင့် ထိုင်စကားပြောနေသောတစ်ယောက်အား ကျောခိုင်းလျက် မြင်လိုက်ရ၍ အသာ ခြေဖွနင်းကာ လှေခါးဘေးသို့ ကပ်သွားသည်။

"ထမင်းယူဦးမလား"

". . . . . . . . . . ."

လှေခါးဘေးရောက်မှ စကားပြောနေတာ မဟုတ်ဘဲ ထမင်းအတူ ထိုင်စားနေမှန်းသိကာ ဘယ်ကညော့သည်လဲဟု တွေးရင်း အိမ်ပေါ်ကို အလျှင်စလို တက်မိကာသွားသည်။

"ဟင်. ."

ဇနီးသည်မ မီးဖိုခန်းဘက် ထမင်းထယူခိုက် စားပွဲမှာ ကျန်ခဲ့သော တစ်ယောက်အား. . သူ လှေခါးပထမအထစ် တက်သည်အထိ မြင်တွေ့နေသေးသည်။ အိမ်ပေါ်ရောက်တော့ မရှိတော့ပြီ။

(တောက်. . ဒီကောင် နှောက်ပြန်ပြီ)

ထိုအခိုက်မှာပင် ထမင်းသွား ခူးခပ်နေသော ဇနီးသည် ပြန်ရောက်လာပြီး သူ့ကို အူကြောင်ကြောင်နှင့် လှမ်းကြည့်ပြီး. . .

"ကိုမြမောင်"

"အင်. ."

"ရှင်. . ဘာလုပ်နေတာလဲ"

"ငါ. . ငါ အလုပ်က ပြန်လာတာလေ"

"ဘာ. ."

ဇနီးဖြစ်သူ အတော့်ကို နားမလည်နိုင်အောင် ဖြစ်သွားပြီး. . လက်ထဲက ထမင်းဇလုံအား စားပွဲပေါ် ဂွပ်ခနဲချကာ. . .

"ရှင် ဘယ်လိုဖြစ်နေတာလဲ ကိုမြမောင်၊ ရှင် စောစောကပဲ ပြန်ရောက်လာပြီး ရေတောင်မချိုးနိုင်ဘဲ အတင်း ဆာတယ်ဆာတယ်နဲ့ လုပ်နေလို့ ထမင်းခူးကျွေးထားတာ၊ စားလက်စ ပန်းကန်တောင် ဟိုမှာ မြင်လား။ ဒုက္ခပဲ ထမင်းစားနေတဲ့ တန်းလန်းကြီးနဲ့ ထမင်းချိုင့်တွေ အိတ်တွေ ထဆွဲပြီး အခုမှ အလုပ်ကပြန်လာတာတဲ့၊ ရှင် ဦးနှောက် ရောကောင်းသေးရဲ့လား"

ခက်ချေပြီ။ သူ ဘယ်လိုရှင်းလို့ ရှင်းရမှန်းမသိဖြစ်ကာ ဖင့်သက်မောကြီး ဟူးခနဲမှုတ်ပြီး ထမင်းချိုင့်အား စားပွဲပေါ် လှမ်းတင်လိုက်ကာ အိပ်ခန်းထဲ တန်းဝင်လာခဲ့သည်၊ ထိုနေ့က ခုတင်သေးရှိ သူ့အလုပ်စားပွဲပေါ် ပခုံးက အိတ်တိုတင်ပြီး ခုတင်ပေါ် လှဲနေရင်းမှ ခုတင်ပေါ်က တစ်စုံတစ်ယောက် ဆင်းသွားသလိုမျိုး အိပ်နေသော် ချက်ဖြစ်ကာ ကျန်ခဲ့လေသည်။

ဟာ. . ဒီကောင် ခုတင်ပေါ်မှာတောင်၊ တောက်. . ငါတွေသည်တစ်ကြိမ်တော့ ကိုမြမောင် ဘယ်လိုမှ မြိုချမထားနိုင်တော့ဘဲ စားပွဲပေါ်က လွယ်အိတ်ကိုပြန်ယူကာ တစ်ခန်းလုံး လိုက်မွှေယမ်းကာ ရိုက်ပေါက်ပစ်တော့၏။

"ဝုန်း. ."

"ဒုန်း. ."

"အုံး. . ခလွမ်း"

"ကိုမြမောင်. ."

ဇနီးသည် အလန့်တကြား ပြေးဝင်လာပြီး တားဆီးသော်လည်း. . မရ၊ ဒေါသက ငယ်ထိပ်အထိ တက်ဆောင့်နေသော ကိုမြမောင်တစ်ယောက် လွယ်အိတ်နှင့်တင် အားမရနိုင်တော့ဘဲ မီးဖိုခန်းထဲက ထင်းခွဲဓားမ ပြေးဆွဲကာ. . .

"လာစမ်း. . ခွေးမသား၊ ဒီည ငါ့လက်နဲ့မှ မင်းမသေရင်






www.burmeseclassic.com

www.burmeseclassic.com



မြမောင် မဟုတ်ဘူးကွ၊ ထွက်လာခဲ့. . လာစမ်းပါ ဟောကောင်၊ မင်း ဘယ်မှာလဲ၊ သတ္တိရှိရင် လာစမ်း၊ ငါ့ရှေ့မှာ မင်း သောက်ပုံကို လာပြ စမ်း၊ ချီးပဲကွ. . ."

"ကိုမြမောင်. . ရှင် ဘာဖြစ်နေတာလဲ"

"မင်း အသာနေစမ်း၊ ဒီခွေးမသားကို ဒီညရှင်းမယ်"

"ဒုန်း. ."

"ဟောကောင်. . ထွက်ခဲ့"

ထိုစဉ် အိမ်အလည်လာသော လင်းခိုင်တို့ လင်မယားပါ အိမ် ပေါက်ဝကနေ ပြန်ဆင်းပြေးရတော့မလို ဖြစ်နေ၍ မချိုက. . .

"ကိုလင်းခိုင်ရေ. . လုပ်ပါဦး ဒီမှာ"

ဒီတော့မှ လင်းခိုင် မဝံ့မရဲနှင့် ဧည့်ခန်းထဲ ဝင်လာပြီး. . .

"မြမောင် သူငယ်ချင်း၊ ငါ. . ငါ. . လင်းခိုင်နော်"

"ငါသိတယ်လင်းခိုင်. . ငါ အကုန်သိတယ်၊ ဟိုခွေးမသားကို ခုတ်ချင်နေတာ"

"ဘယ်သူလဲ"

"ဟိုခွေးမသား"

"ဘယ်ခွေးမသားလဲ"

လင်းခိုင် မအူမလည်ပြန်မေးရင်း မြမောင်လက်ထဲက ဓါးမကို အသာချော့ယူကာ မချိုလက်ထဲ ထည့်ပေးလိုက်သည်။

"ဘယ်လိုဖြစ်ကြတာလဲကွာ"

"မသိဘူး ကိုလင်းခိုင်ရေ၊ အလုပ်က ပြန်လာပြီး ထမင်းစား နေရင်းတန်းလန်း အဲ့သလို ဖြစ်သွားတာ၊ ကိုယ့်လူကိုလဲ မေးပါဦး. . ကိုလင်းခိုင်ရယ်၊ ကျွန်မတော့ ရူးတော့မှာပဲ"

ထို့နောက် ကိုမြမောင်က. . .





"အောက်မှာ ဘယ်သူလဲ"

"တင်ထွေးလေ၊ ငါ့မိန်းမလေ"

"ခေါ်လိုက်လေကွာ"

"အာ. . မင်းက ဓါးကြီးတဝင့်ဝင့်နဲ့ဆိုတော့ ဘယ်တက်ရဲမ လဲကွ၊ ဟဲ့. . တင်ထွေး. . လာ အပေါ်တက်လေ"

"တက်လို့ ရပြီလား"

"ရပြီ. . လာ"

တင်တင်ထွေး ရယ်ကျဲကျဲနှင့် တက်လာရင်း ထူပိတ်ကောက် ကွေးနေသော ဆံပင်ကို လက်နှစ်ဖက်နှင့် စုံကုတ်ကာ အိမ်ပေါ်တက် လာပြီး ထိုင်လေသည်။

"မချို ရေနွေးလုပ်ကွာ၊ လက်ဖက်လေးသုတ်"

"အင်း. . ဟင်း. . လုပ်ပေးမယ်၊ ခဏလေးနော်"

သို့နှင့် မချို မီးဖိုခန်းဘက် လျှောက်သွားမှ ကိုမြမောင်က အဖြစ်အပျက် အလုံးစုံအား လေသံနှိမ့်၍ ပြောပြရှာလေ၏။

လင်းခိုင် ကြက်သီးမွေးညှင်းတွေ ထောင်ထကုန်ကာ နားအုံ နားရင်းတွေ ကားလာသဖြင့် သူ့လက်နှင့်သူ ပြန်ပွတ်ပစ်ပြီး. . .

"အဲ. . အဲ့သလိုကြီးလား"

"ဟုတ်တယ်. . . အဲဒါကြောင့် ငါ ထသောင်းကျန်းပစ်လိုက် တာ၊ မချိုကတော့ ငါ ရူးနေပြီ ထင်မှာပဲ၊ ထင်လဲ မတတ်နိုင်ဘူးကွာ၊ ပြောပြလိုက်ရင် သူ့စိတ်ထဲ သရိုးသရီ ဖြစ်မှာစိုးလို့"

ထိုစဉ် တင်တင်ထွေးက. . .

"အစ်ကိုပြောတာ မချိုကို တစ်ခြားယောကျ်ားတစ်ယောက်နဲ့ အိမ်ပေါ်မှာ တွေ့တာကိုလား"

"ဟာ. . နင် ကသမ်းကရမ်းနဲ့၊ တစ္ဆေက ကိုမြမောင်ယောင်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ပြီး မချိုနဲ့ ရယ်ကာမောကာ လုပ်နေလို့ ရှင်းပြီလား"

ဒီတော့မှ တင်တင်ထွေးမျက်လုံးတွေ ဖီးကွက်လို ပြူးထွက်သွားပြီး လင်းခိုင်လက်ကို ဆွဲကာ. . .

"ပြန်မယ်"

"ဟာ. . နေဦးလေ"

"တော်ပြီ. . ငါ ကြောက်တယ် လာ. . လာ"

လင်းခိုင် မနေသာတော့၊ သူ့မိန်းမကပဲ အရမ်းကြောက်တတ်လို့ ပြန်ရသလိုမျိုး မပြန်ချင်ပြန်ချင် ပုံဖမ်းကာ ထလစ်တော့၏။

ထိုအခိုက်မှာပင် မီးဖိုခန်းထဲ တွတ်ထိုးနေသံကြားရ၍ ကိုမြမောင် အသာခြေဖွကာ မီးဖိုခန်းဘက် လျှောက်သွားသည်။

"ရှင့်နှယ်. . အဲဒီပုဇွန်ခြောက်က မနက်ကျ ငံပြာရည်ကြော်ကြော်ဖို့ ထားတာလေ၊ ဒီမှာ မြေပဲတွေရော နှစ်ပြန်ကြော်ရော ထည့်သုတ်ထားတာ၊ ရေနွေးအမြည်းပဲ တော်ရောပေါ့. ."

". . . . . . . . . . ."

"ကိုမြမောင်ရယ်၊ ရှင်တို့ ယောကျ်ားတွေ အဲ့ဒါ ခက်တာပဲ သွား. . သွား. . ရော့. . လက်ဖက်သုပ်ပန်းကန်ယူသွား၊ ကျွန်မ ရေနွေးခတ်ပြီး လိုက်လာခဲ့မယ်"

ကိုမြမောင် ချောင်းကြည့်နားထောင်ရင်း ငတာရှိလောက်မည့်နေရာကို မှန်းကာ ခုန်အုပ်ပစ်ရကောင်းမလား စဉ်းစားလိုက်သည်။ ထိုအခိုက်မှာပင် သူ၏နားသယ်စပ်ဆံပင်တွေကို တစ်ယောက်ယောက်က ဆောင့်ဆွဲလိုက်သလို ခေါင်းပါ စောင်းငဲ့ထွက်သွားသည်။

"အား. . ."

မချို လှည့်ကြည့်တော့. . ကိုမြမောင် သူ့နားထင်နား သူပြန်ပွတ်ကာ ဟိုဟိုဒီဒီ လှည့်ရှာနေ၍. . .







"ကိုမြမောင် ဘာဖြစ်တာလဲ"

ကိုမြမောင် အံကြိတ်ရှုံ့မဲ့ပြီး. . .

"ဘာမှမဖြစ်ပါဘူးကွာ၊ ငါ ထမင်းစားတော့မယ်"

"ဟင်. ."

"ဟုတ်တယ် လင်းခိုင်တို့ပြန်သွားပြီ၊ ငါ ထမင်းဆက်စားမယ်"

အဲ့သလိုပြောမှ မချိုလည်း ပင့်သက်ချကာ ခေါင်းညိတ်ပြလိုက်လေတော့၏။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(သုံး)

"ကိုမြမောင်"

ကိုမြမောင် ခြံထဲဆင်းထိုင်ရင်း အတွေးနယ်ကျယ်နေခိုက်. . အနားကို ဇနီးသည်ရောက်လာ၍ အတွေးဖြတ်ကာ ပက်လက်ထိုင်ခုံပေါ် ကိုယ်ကို အနည်းငယ်မတ်အောင် ပြင်ကာထိုင်လိုက်သည်။

"ရှင် လက်ဖက်ရည်ဆိုင် ထွက်မလို့ဆို"

"အေးလေ. . မင်းက ခဏစောင့်ဆိုလို့ ငါ ဒီမှာထိုင်စောင့်နေတာလေ"

"ဒါဆို သွားမယ်လေ၊ ကျွန်မ ပြီးပြီ"

ကိုမြမောင် ထိုင်ခုံမှထကာ တစ်ချက် အညောင်းဆန့်ရင်း





အိမ်ဖက်လှည့်ကြည့်ပြီး. . .

"ဟာ. . တံခါးပေါက်တွေ လိုက်ပိတ်ဦးလေကွာ၊ ဒီအတိုင်းထားခဲ့မလို့လား"

"ဟုတ်သား. . ကျွန်မ မေ့သွားတာ"

ပြောပြီး. . သူ့ဘေးကနေ ပြန်ထွက်သွားသဖြင့် ကိုမြမောင်လည်း ထိုင်ခုံမှာပြန်ထိုင်နေလိုက်သည်။ မနက်ဖြန် တနင်္ဂနွေ ရုံးပိတ်ရက်လည်းဖြစ်၍ ဒီည လင်းခိုင်ကိုဝင်ခေါ်ကာ လက်ဖက်ရည်ဆိုင်ထိုင်ရင်း ဘောလုံးပွဲကြည့်ဖို့ စိတ်ကူးထားလိုက်သည်။ အိမ်ပြောင်းလာပြီး သုံးလေးရက်အတွင်း အိမ်ပေါ်က အာပေတူးကောင် မွှေနေ၍ စိတ်ထဲတင်းကျပ်နေမှုအား လျော့ချပစ်ချင်သည်။

"ကိုမြမောင်"

"ဟေ. . အေး. . ပြီးပြီလား"

မေးရင်း ကိုမြမောင် ထရပ်စဉ် မချိုက ခင်ပွန်းသည်ရှေ့ရပ်ပြီး မော့ကြည့်ကာ. . .

"စောစောက ဘယ်သူလဲဟင်"

"ဟေ. . ဘယ်သူတုန်း"

"ဟောတော်. . ရှင်နဲ့ စကားပြောနေတဲ့ အမျိုးသမီးလေ"

"ဟမ်. . အဲ့ဒါ မင်းလေ"

"ဟာ. . ရှင့်နှယ် ကျွန်မ အပေါ်မှာ အခန်းတံခါးတွေ လိုက်ပိတ်နေတုန်း ဘုရားခန်းတံခါးပေါက် လာပိတ်တော့ ရှင်နဲ့ အဲ့ဒီအမျိုးသမီးနဲ့ ဒီမှာထိုင်ပြောနေကြတာ ကျွန်မမြင်နေရတာပဲဟာ"

"အာ. . ငါ့နှယ်ကွာ၊ အဲ့ဒါ. . မင်း. . မင်းပဲ လက်ဖက်ရည်ဆိုင် သွားမယ်ဆိုပြီး လာခေါ်လို့ တံခါးတွေ မပိတ်ဘူးလားလို့တောင် ငါ ပြောလိုက်သေးတယ်၊ မင်းပဲ ပြန်သွားပြီး တံခါးပိတ်နေလို့ ငါပြန်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေတာ"

"မဟုတ်သေးပါဘူးရှင်. ."

"ဟာ. . မဟုတ်လည်းနေကွာ. . သွားမယ်"

"ဒုက္ခပဲ ကိုမြမောင်ရယ်၊ ရှင် စိတ်ကောမှန်ရဲ့လား မပြောတတ်တော့ဘူး"

ဒီတော့မှ ကိုမြမောင် သတိတစ်ချက်ဝင်ကာ တစ်ကိုယ်လုံး နွေးခနဲ ဖြစ်ကာသွားသည်။ မဟုတ်မှလွဲရော ဟိုကောင် ဝင်နှောက်ပြန်ချေပြီ။ (ငါ့နှယ်. . ကြာရင် လင်မယား ကွဲတော့မှာပဲ၊ ဒုက္ခပါပဲ. .)

ဌ ဌ ဌ ဌ



**လက်**ဖက်ရည်ဆိုင်ရောက်တော့ လင်းခိုင်နှင့် ဦးနိုင်ကြီးတို့ ရှိနေသဖြင့် ထိုဝိုင်းမှာပင် ဝင်ကာထိုင်လိုက်သည်။

"ဒီနေ့က ဘောလုံးပွဲရှိတော့ ဆိုင်က လူပြည့်တယ်ကွ၊ ငါတို့တောင် နောက်ကျနေလို့ အပြင်စားပွဲမှာပဲ ထိုင်ရတော့တာ"

"ဒါလည်း ကောင်းပါတယ်ကွာ. . စကားပြောကြတာပေါ့၊ မိန်းမ. . မင်း ဘာသောက်မလဲ"

"မသောက်ဘူး၊ မုန့်ပဲစားမယ်"





ထို့နောက် လင်းခိုင်က လက်ဖက်ရည်နှင့် မုန့်ပွဲလှမ်းမှာပေးပြီး. . .

"ငါ မင်းတို့လင်မယားကို တစ်ခုပြောမလို့ကွ"

"ဘာလဲ"

"မင်းတို့ အိမ်တက်ဆွမ်းလေး ကပ်ကြပါလား၊ ဆရာတော် သုံးပါးလောက်ပင့်ပြီး အန္တရာယ်ကင်း ပရိတ်တရားလေးလည်း နာပေါ့"

"လုပ်မယ်. . ဒီလကုန် ချေးငွေရမယ်လို့ ပြောသံကြားတယ်၊ ရရင်လုပ်မယ်ကွာ၊ လောလောဆယ်တော့ ငါ့လစာလေးနဲ့ လင်မယားနှစ်ယောက် အကြွေးမတင်အောင် ချွေစားနေရတာ"

"ငါ့နှယ်. . အလုပ်အကိုင် ရှိတဲ့ကောင်တွေကလည်း ညည်းလိုက်တာ၊ ငါတို့လည်း အားနာပါဦး"

"ဒါ့တော့ မင်းတို့နဲ့ငါတို့နဲ့ မတူဘူး လင်းခိုင်ရ၊ မင်းတို့က ဒီနေ့ တစ်ပြားမှမရှိပေမယ့်. . မနက်ဖြန် တစ်သောင်းလည်းဟုတ်၊ တစ်သိန်းလည်း ဟုတ်တယ်၊ ငါတို့က ပုံသေလစာဆိုတော့ လစာတစ်ခါထုတ်ပြီးရင် ရက်ပေါင်းသုံးဆယ်နဲ့ ကွက်တိကျအောင် ချိန်ပြီး သုံးရတာ၊ ဒီကြားထဲ ဖျားနာတာတို့ သားရေးနာရေးတို့ ပါလာတဲ့လမျိုးဆိုတိုင်ပတ်ပြီ၊ ငါတို့ လခစားတွေမှာ ကျိန်စာသင့်နေတဲ့ ကိစ္စတစ်ခုရှိတယ်၊ လကုန်ခါနီး ရက်ပတ်ရောက်ရင် ဖိနပ်ပြတ်တယ်၊ မီးလုံးကျွမ်းတယ်၊ သွားတိုက်ဆေးကုန်တယ်၊ အပူရှပ် အအေးပတ် ဖျားတယ်၊ မနက်စာချန်ထားတဲ့ ဟင်းခွက်ကို ကြွက်နှိုက်တယ်၊ မင်္ဂလာဆောင်ဖိတ်စာရောက်တယ်. . ."

"ရှာက အမျိုးတွေကော ရောက်မလာဘူးလား"

"ရောက်ချင်ရောက်တာပဲ၊ အဲ့ဒါကြောင့် လကုန်ရက်နောက်ဆုံးပတ်ကို ကြောက်ပြီး တစ်လလုံး ခြစ်ကုတ်ခြိုးခြံပြီး သုံးရတာ



www.burmeseclassic.com

www.burmeseclassic.com



အလျှုအတန်းဆိုတာလည်း. . . တစ်သိန်းလောက်မှန်းရင် နှစ်သိန်းလောက်ရှိမှ အဲ့ဒါကြောင့် ချေးငွေရမှပဲ အိမ်တက်လုပ်နိုင်တော့မယ်ကွာ"

"ဘာပဲဖြစ်ဖြစ် ငါ့သဘောကတော့ မြန်မြန်လုပ်လိုက်စေချင်တယ်ကွာ"

ထိုအခါ ဇနီးသည်က. . .

"ဘာဖြစ်လို့လဲ ကိုလင်းခိုင်၊ အိမ်လည်လာရင် သရဲခြောက်ခံရမှာစိုးလို့လား"

"အေးပေါ့ဟ"

"လုပ်မနေစမ်းပါနဲ့ရှင်၊ သရဲဆိုတာ ပါးစပ်နဲ့ ခြောက်တာကများနေတာပါ။ ကျွန်မတော့ ခုချိန်ထိ ဘာမှကို ထူးထူးထွေထွေ မတွေ့ပါဘူး၊ တွေ့လည်း ကြောက်စရာမှ မဟုတ်တာ၊ မဟာစည်ဆရာတော်ဘုရားကြီးက မိန့်ဖူးတယ်၊ နာနာဘာဝဆိုတာ ကြောက်စရာမဟုတ်ဘူး သနားစရာတဲ့၊ မိုက်လုံးကြီးခဲ့ကြလို့ အဲ့ဒီဘဝရောက်ကုန်တာ၊ သံဝေဂယူကြဟဲ့. . ကိုယ်သာ အဲ့ဒီဘဝ မရောက်စေနဲ့တဲ့"

"အေးပါ. . ငါလည်း သိပါတယ်၊ ဒါပေမယ့်. . သိတာက သိတာပဲ၊ ကြောက်တာက ကြောက်တာပဲဟ၊ ဘယ်လိုမှ သတ္တိမွေးလို့ကို မရဘူး၊ ဟိုညက ဦးစိန်ဝင်းတို့ ဦးနိုင်ကြီးတို့နဲ့ လမ်းခွဲပြီးပြန်တော့ ငါ့နောက်က တစ်ယောက်ယောက်ပါလာသလို ခြေသံပဲကြားသလို. . လှည့်ကြည့်တော့လည်း ဘာမှမရှိဘဲ ကြက်သီးတဖျန်းဖျန်း ထနေလို့ ငါလည်း ပုဆိုးကွင်းသိုင်းပြီး ပြေးတာပေါ့"

"အဟီး. . ဟီးဟီး. . ခစ်. . ခစ်. . ခစ်၊ ဦးနိုင်ကြီးရော သရဲကြောက်လား"

ဦးနိုင်ကြီး ပြုံးပြီး. . .





"ငါကတော့ သရဲထက် ကြောက်စရာကောင်းတာ တွေ့နေတော့ မကြောက်ဘူးလို့ပဲ ပြောရမလား မသိဘူး၊ လက်သမားအလုပ်က နွေနဲ့ဆောင်းပဲ လုပ်ရတာ၊ မိုးတွင်းကျတော့ အလုပ်ပြတ်ပြီလေ၊ ဝမ်းရေးထက် ကြောက်စရာကောင်းတာ ဘာမှမရှိတော့ ဘာသရဲမှ ဂရုမစိုက်နိုင်ဘဲ မှောင်မှောင်လင်းလင်း ကွင်းထဲဆင်းပြီး ငါးထောင်၊ ပိုက်ချ၊ ကွန်ပစ်နဲ့. . ဒီလိုပဲ လုပ်စားရတာပဲ၊ အေး. . . တစ်ခုတော့ ရှိတယ်လေ၊ နင်တို့ခြံက လှမ်းကြည့်ရင် ကွင်းလည်မှာ ထီးထီးကြီးမြင်နေရတဲ့ ထိန်ပင်. . တွေ့လား"

"အင်း. . တွေ့တယ်"

"အေး. . ငါတော့ အဲဒီထိန်ပင်ကြီးဘေး ယောင်လို့တောင် မသွားဘူး၊ အဲ့ဒီနားက လယ်တွေမှာ ငါးရံ့ပိသာလုံးထွက်တယ် ပြောလဲ ငါမလိုက်ဘူး"

"ဘယ်လိုဖြစ်လို့လဲ"

"ဒီလိုဟဲ့ ကောင်မလေးရဲ့၊ အဲ့ဒီထိန်ပင်မှာ နတ်ရှိတယ်၊ ကွင်းပိုင်တို့ ဘာတို့ပေါ့။ ငါ တစ်ခါ ကြောင်လိုက်ရင်းနဲ့ အဲ့ဒီနားရောက်သွားတာ၊ ထိန်ပင်ဘေးမှာ ကြောင်တစ်ကောင်တွေ့လို့ ဓါတ်မီးထိုးပြီး အနားကပ်ရင်း ရိုက်မယ်လည်းလုပ်ရော၊ ကြောင်ကြီးက ငါ့ကို မော့ကြည့်ပြီး ဟဲ့ကောင်လို့လှမ်းအော်တော့ ငါလည်းလန့်ပြီး အဲ့ဒီနားတင် ခွေခနဲလဲကျသွားတယ်. . .

လက်ထဲက ဓါတ်မီးလွတ်ကျသွားလို့ ဓါတ်မီးပြန်ကောက်ပြီး ပြန်ထိုးကြည့်တော့ ကြောင်မဟုတ်ဘဲ စားဖားကြီးတစ်ကောင် ဖြစ်နေလို့ သတိပြန်ထားပြီး. . ဟာ. . စားဖားလည်း စားလို့ရတာပဲဆိုပြီး ပြေးရိုက်မယ်လုပ်တာ. . ဖားက ပြန်အော်တယ်၊ နင်နေ့တဲ့ထိရဲ့ထိ ကြည့်တဲ့၊ ဘာရမလဲ. . ငါ အိမ်ကိုပြန်ပြေးလာတာ လယ်တစ်ခွက်ကို

www.burmeseclassic.com



ခြေတစ်လှမ်းပဲ”

အားလုံး ရယ်ကြသော်လည်း လင်းခိုင်မရယ်ဘဲ မျက်လုံးပြူး ကာ ကြည့်ရလေသည်။ ထိုအခါ ဦးနိုင်ကြီးက. .

“ဟော့ကောင် ရယ်လေကွာ. .”

“အင်းပါ. .၊ ဒီမှာ ကြက်သီးထလို့ မပြီးသေးလို့”

ရယ်ကြပြန်သေးသည်။ ထို့နောက် ကိုမြမောင်က လက်ထဲ ကိုင်သောက်နေသော လက်ဖက်ရည်ပန်းကန်ကိုချပြီး ဆေးပေါ့လိပ် မီးညှိသည်။ ပြီးမှ. . .

“တစ္ဆေသရဲတွေက လူယောင်ဖန်ဆင်းတတ်လား ဦးနိုင်ကြီး”

“အာ. . ဒီကောင်တွေက ပြိတ္တာတွေပဲ၊ ပြိတ္တာဆိုတာ စတုမ ဟာရာဇ်နတ်မျိုးလေး ဘာပဲဖြစ်ဖြစ် အနည်းနဲ့အများတော့ ဖန်တီးနိုင် သိမ့်မယ်လို့တော့ ထင်တာပဲ”

“ဒါဆို. . ဒီကောင်တွေ တော်တော်အနှောင့်အယှက်ပေးနိုင် တဲ့ကောင်တွေပဲ၊ ဥပမာဗျာ. . လင်မယားကြားဝင်ပြီး ဘာလိုလို ညာ လိုလို ဝင်လုပ်ရင် လင်မယားအချင်းချင်း အထင်အမြင်လွဲပြီး ပြဿနာ တက်နိုင်တာပေါ့ဗျ. . နော”

“ဒါပေမယ့် သူတို့ အဲ့သလောက်မစွမ်းပါဘူး၊ အိမ်မှာ အိမ် စောင့်နတ်တို့ ခြံစောင့်နတ်တို့ အိမ်တွင်းနတ်တို့ ရှိတာပဲ၊ ဘယ်မှာ ဝင်ချင်တိုင်း ဝင်လို့ရမှာလဲ”

ထိုစကားအား လင်းခိုင် သိပ်အလိုမကျဟန်နှင့်. . .

“ဟာ. . ဒါတော့ ကျွန်တော် အကုန်လုံးလက်မခံဘူး”

“အောင်မာ မင်းကဘာသိလို့ ဘာလက်မခံတာတွေ ဘာတွေ လျှောက်ပြောနေတာလဲ”

“အင်. . သိတာပေါ့၊ မြန်မာပြည်လောက် လာဘ်ပေးလာဘ် ယူပေါတာ ရှိဦးမလား၊ ကျုပ်စားရရင် တစ်ဝက်ပေးမယ်၊ ဝင်ခွင့်ပေးဆို ပေးမှာပဲလေ၊ အိမ်တွင်းဆိုတာ. . အုန်းလဲမှပဲ လက်ဖက်ကလေးဘာ လေး ဝါးရတာ၊ အသားငါး ဘယ်မှာစားခွင့်ရလို့လဲ၊ နတ်ကန္ဒားပွဲလုပ် ရင်တော့ မသိဘူးပေါ့၊ ကျန်တဲ့ ခြံစောင့် ဝိုင်းစောင့်လဲ ဘာထူးလဲ၊ တစ်နှစ်တစ်ခါ တစ်ခုတ်တရ ဘယ်သူလုပ်လို့လဲ၊ အဲ့သလို ဘေးပယော ဂပါလာမှပဲ သူတို့ခင်မျာ အူစိုရတာဆိုတော့. . ဟိုအကောင်တွေက အနားကပ်ပြီး ဘယ့်နှယ်က ဘာညာဆိုတာနဲ့. . အိုခေ၊ တစ်တုံးရရင် တစ်ဝက်နေ့ဵဆိုပြီး ဝင်ခွင့်ပေးလိုက်တာပဲလေ၊ အဲ့ဒါကြောင့် သရဲတွေ အိမ်ပေါ်ရောက်ကုန်တာ. . .”

ဦးနိုင်ကြီး သိပ်ဘဝင်မကျသော်လည်း လျှာကြောရှည်တတ် သော ဝင်းခိုင်နှင့် စကားပြိုင် မလုနိုင်၍ အသံတိတ်ဆဲကာ အကြည့် လွှဲသွားသည်။

ကိုမြမောင် တစေ့တစောင်းချပေးသော စကားလမ်းကြောင်း က ဦးနိုင်ကြီးနှင့် လင်းခိုင်ကြားမှာ လမ်းဆုံလမ်းခွတွေ ဖြစ်ကုန်သဖြင့် ဘာဆက်ပြောလို့ ပြောရမှန်းမသိ ဖြစ်နေခိုက် ဆိုင်ထဲက ဘောလုံးပွဲ ကြည့်နေတဲ့ပရိသတ်တွေ ဟေးခနဲထအော်၍ လင်းခိုင်လန့်ကာ. .

“ငါ့နှယ်ကွာ သူ့အမေလင် ဝင်ကန်နေတာ ကျနေတာပဲ”

ထို့နောက် ကိုမြမောင်က. . .

“ကဲ. . ဘောလုံးပွဲမှ မကြည့်ရတော့ ပြန်တာပဲကောင်းတယ်၊ လင်းခိုင် အိမ်လိုက်ခဲ့လေကွာ”

“ဟေ. . အေး. . အဲ. . ဟဲဟဲဟဲ၊ ငါ အစ်မကြီးတို့အိမ် ခဏ သွားမလို့ကွ၊ နောက်နေ့မှာပဲ. . ဟဲ. . ဟဲ. . ဟဲ”





www.burmeseclassic.com

www.burmeseclassic.com





သူတို့လင်မယား လက်ဖက်ရည်ဆိုင်က ပြန်လာပြီး ဇနီးဖြစ်သူ အစောကြီး အိပ်ယာဝင်သွားပေမယ့် ကိုမြမောင် အိပ်လို့မရသဖြင့် ခုတင်ဘေးက စားပွဲမှာထိုင်ကာ စာဖတ်နေလိုက်သည်။

လတ်တလော သူ့စိတ်ထဲ ဆူးတစ်ချောင်းလိုစိုက်ဝင်နေသော နာနာဘာဝ ပြဿနာက ဖတ်ချင်သော စာအုပ်တွေအထိ လွှမ်းမိုးလာသဖြင့် ဝိညာဉ်ဆိုင်ရာပြဿနာ၊ ဘာရသုတ္တန်၊ တမလွန်မှ ဝိဝါဒများ၊ ဗုဒ္ဓအလိုတော့ ဝိညာဉ်များနှင့်စကားပြောခြင်း စသောစာအုပ်များအား စာအုပ်စင်ပေါ်မှ ရွေးထုတ်ကာ. . စားပွဲပေါ်မှာ အထပ်လိုက်တင်ပြီး ဖတ်လေ၏။

ပထမတစ်အုပ်နှင့် ညတစ်နာရီ ကျော်သွား၍ တစ်ချက်သမ်းဝေပြီး စာအုပ်ချကာ ခါးကြောဆန့်လိုက်သည်။ ဖတ်ကြည့်ရသလောက် လက်တွေ့ဆန်ဆန် နားလည်မှု မပေးနိုင်သော်လည်း သုတေသနစာတမ်း အထောက်အထားများနှင့် ကျိုးကြောင်းဆီလျော်အောင် ရေးဖွဲ့နိုင်မှုကြောင့် သာမန်ဟု ထင်ထားခဲ့သော ဝိညာဉ်ပြဿနာက သူ့စိတ်ကို ပို၍ဖိအားပေးနိုင်ခဲ့သည်။

ဝိညာဉ်ဆိုတာ တစ်ကယ်ရှိသည်။ ဥပါဒါန်နှင့် ကံကို ကျေးဇူးပြု၍ ရုပ်နာမ်ဓမ္မ ဖြစ်ပျက်ကြစဉ်မှာပင် ဥပါဒါန်နှင့်ကံကို တစ်ဖန်ကျေးဇူးပြုကြပြန်ကာ အကုသိုလ်,ကုသိုလ် အနိမ့်အမြင့် အခြေခံကာ ဟိတ်သဘော ဆောင်ခဲ့သည်။ ရုပ်နာမ်ဓမ္မ မရကြသူများ အကုသိုလ်





ဟိတ် အစွဲကြီးစွာ ထင်ဟပ်မှု ဖြစ်စေသည်။ ဤသည်ကိုလျှင် ဝိညာဉ်ဟု ဝိဂြိုလ် ပြုရလေ၏။ သူတို့မှာ ကမ္မဇိဒ္ဓိ ရှိတတ်သည်။ ခြောက်လှန့်ပူးကပ်ခြင်း၊ အထင်အရှားပြခြင်းတို့ တတ်နိုင်သည်။ အကုသိုလ်မကင်းသော ကုသိုလ်အထု ကြီးမားမှုကို ကျေးဇူးပြုသော ဖန်ဆင်းသဏ္ဌာန်ရုပ်ပင် လုပ်နိုင်သည်ဟု ဖတ်ရသဖြင့် ကိုမြမောင်တစ်ယောက် သူ့အိမ်ထဲရောက်နေသော တစ္ဆေ၏အရည်အချင်းအား တွက်ဆမိလေသည်။

"ဝုတ်. . ဝုတ်. . "

". . . . . . . ."

အိမ်ရှေ့က ခွေးဟောင်သံနှင့် တစ်စုံတစ်ယောက်က လှမ်းခေါ်သံလိုလို မပီမသ ကြားရသဖြင့် ကိုမြမောင် အတွေးပြတ်ကာ နားစွင့်သည်။ စကားပြောသံတွေလည်း ကြားနေရသဖြင့် ဘယ်သူတွေပါလိမ့်ဟု တွေးဆကာ ဧည့်ခန်းသို့ ထွက်လာခဲ့သည်။ ပထမ ဧည့်ခန်းမီးနှင့် အိမ်ရှေ့မီးပါဖွင့်ဖို့ စဉ်းစားပြီးမှ မဖွင့်ဘဲ အိမ်ရှေ့တံခါးမကြီးအား အသံမကြားအောင် အသာအယာဖွင့်ကာ ချောင်းကြည့်သည်။

ဟုတ်သည် ခြံတံခါးရှေ့မှာ လူတစ်ယောက်သဏ္ဌာန် ရပ်နေ၍ ခြေရင်းဘက်ခြံကခွေးက ခေါင်းထိုးဟောင်နေခြင်းဖြစ်သည်။

ဘယ်သူများပါလိမ့်။ ထိုအခါမှပင် ဧည့်ခန်းမီးကိုဖွင့်၍ ရှေ့ခြံဘက် အလင်းပေးနိုင်သောမီးကိုပါ ဖွင့်လိုက်သည်။ ပြီးမှ. . ခြံထဲဆင်းကာ ခြံတံခါးဝဆီ လျှောက်လာခဲ့ပါသည်။

"ဟာ. . ဘာလဲဟ"

သူခြံထဲဆင်းလာပြီး ခြံတံခါးဝဆီလျှောက်လာရင်း လှမ်းကြည့်တော့ ဘယ်သူမှ မရှိ။ ဟောင်နေသော ခွေးလည်း အဟောင်ရပ်ကာ ဆွဲဆွဲငင်ငင် ခေါင်းထောင်အူတော့သဖြင့် သူပင်လျှင် ကြက်သီးမွေးညှင်း ထသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အရိုးနှင်းတိုဟိုသည်သည် လှည့်ကြည့်စဉ် လူရိပ်တစ်ခုက သူ့ခြံရှေ့လှမ်းအပေါက်တိုင်း လယ်ကွင်းတွေဖက် တရွေ့ရွေ့ ဆင်းသွားသဖြင့် သူ့စိတ်ထဲသက်မကင်းဖြစ်ကာ အသာနောက်ယောင်ခံကာ. . ထွက်လိုက်သွားသည်။

ဒီချိန် ခြံနားလာကပ်တာတော့ လူကောင်းသူကောင်း မဖြစ်နိုင်၊ သူခိုးသူဝှက် ဒါမှမဟုတ် တစ်ခုခု ကြံစည်ချင်တာလား၊ မိုးလင်းမိုးချုပ် သူအလုပ်သွားနေချိန်. . အိမ်မှာ ဇနီးသည်တစ်ယောက်ထဲ ကျန်ခဲ့မှာဖြစ်၍ သံသယနှင့် ထားခဲ့လို့မကောင်း။ နဂိုရ်ကမှ စိတ်ရှုပ်နေရတဲ့အထဲ ဒီကောင်ဘာကောင်လဲ။

ကိုမြမောင် အတွေးပလုံစီထကာ ရှေ့ကသွားနှင့်သူနောက်က ခြေလှမ်းသယ်လှမ်းခန့်ခွာကာ လိုက်လာသည်။ သွားရင်းနှင့် အုတ်ခဲတစ်ခုတစ်ပိုင်း တတ်နိုင်မိ၍ ကောက်ကိုင်ကာ လက်ထဲ ဆဆလေးကိုင်လာခဲ့သည်။ ရုတ်ရုတ်လုပ်လို့ကတော့ ဂုတ်ဂုတ်ခနဲနေအောင် ထုချပစ်လိုက်မည်။ ဒီအတိုင်းဆက်လိုက်နေလျှင် ဘယ်အထိများ ခေါ်သွားမည် မသိနိုင်သောကြောင့်. . ကိုမြမောင် ခြေလှမ်းရပ်ကာ အသံပြုလိုက်သည်။

"ဟေ့. . ရပ်စမ်း၊ မင်းဘယ်သူလဲ. . ဘယ်ကလဲ"

ရှေ့ကသွားနေသူ ရပ်သွားသည်ဟု ထင်လိုက်၍ ကိုမြမောင် သတိနှင့် ရှေ့တိုးကပ်သွားသည်။ လမိုက်ညဖြစ်၍ ကြယ်ရောင်နှင့်အားပြုကြည့်မြင်နေရသော်လည်း မြူရိပ်ကရှိနေ၍ ဘာကိုမှ ပီပီသသ မရှိ။ ထို့ကြောင့် ရပ်နေသူအနီးအနားသို့ လက်ထဲကခဲကို ခပ်ဆဆကိုင်ကာ တိုးကပ်လာခဲ့သည်။

"မင်းဘယ်သူလဲလို့ ငါမေးနေတယ်လေ"

ပြန်မဖြေ။ ကိုမြမောင် နည်းနည်းဖုလာပြီး ခဲနဲ့မထုခင် ဆောင့်





တွန်းပစ်ဖို့ဟန်အပြင် လှစ်ခနဲ ပြေးထွက်သွား၍ ကိုမြမောင့်ဒေါပွကာ ပြေးလိုက်သည်။

"အေး. . မိလို့ကတော့ ငါ့အဆိုးမဆိုနဲ့"

ကိုမြမောင် အော်ဟစ်ပြီး. . ဒေါသစိတ်နှင့် ထိုးလိုက်သော်လည်း ထင်သလောက် ခရီးမရောက်၊ လယ်ကွင်းထဲ ရိုးပြတ်ငုတ်တုတ်လောက်သာ ရှိသော်လည်း နွားခြေရာကွက်တွေကြောင့် ခြေကျမမှန်ဘဲ ကိုယ့်ဘာသာပစ်လဲမကျအောင် ထိန်းကာပြေးရသည်။ သည်ကြားထဲ ကန်သင်းရိုးက ဝင်ခုကာနေသည်။ ရှေ့ကတော့ ဘယ်လိုပြေးသည်မသိ။ မြင်ရသလောက် ခြေထောက်နဲ့မြေကြီး မထိသလို ပေါ့ပေါ့ကလေး. . .

သူ မျက်ခြေပြတ်ပြီး လိုက်မမီမှာစိုး၍ ရပ်စောင့်လိုက် ပြေးလိုက် လုပ်နေသဖြင့် ကိုမြမောင် ပို၍ပေါက်ကွဲကာ အံကြိတ်ပြီး ဆက်လိုက်သည်။

၆ ၆ ၆ ၆



သူမခေါ်နေသော်လည်း ပြန်ထူးသံမကြား၍ စိတ်စနိုးစနောင့်ဖြစ်ကာ ခုတင်ပေါ်မှ ဆင်းလာခဲ့သည်။ ဒီအိမ်ရောက်ပြီးကတည်းက ကိုမြမောင် ဘာတွေဖြစ်နေသည်မသိ။ သူမ အိပ်ခန်းထဲက

www.burmeseclassic.com

ထွက်လာမှ အိမ်ရှေ့တံခါးမကြီးကို ချက်ချ၍ ပိတ်နေသော ကိုမြမောင်ကို မြင်သွားကာ. . .

"ရှင် ဘယ်သွားနေတာလဲ၊ ကျွန်မ ဒီလောက်ခေါ်နေတာ မကြားဘူးလား"

"အေးကွာ၊ အိမ်ရှေ့ လူကပ်လို့ကွ"

"ဟုတ်လား. . ဘယ်သူလဲ"

"ဟာ. . ဒါတော့ သိမလားကွ၊ လာ. . လာ. . အိပ်စို့"

ခင်ပွန်းသည်က ပုခုံးဖက်ကာ အိပ်ခန်းဖက် ဝင်သဖြင့် သူမလည်း ခါးကိုပြန်ဖက်ကာ အသာလိုက်ပါလာခဲ့ပြီး. . .

"ဘာပဲဖြစ်ဖြစ်. . ရှင်အဲသလို တစ်ယောက်ထဲထွက်သွားတာမျိုးတော့ မလုပ်သင့်ဘူး ကိုမြမောင်ရယ်"

"ဘာလို့လဲ"

"အို. . လူဆိုးမှန်းမသိ လူကောင်းမှန်းမသိ၊ မတော်လို့ ဟိုက လက်နက်တစ်ခုခု ပါလာလို့ အန္တရာယ်ပေးသွားရင် ဘယ်လိုလုပ်မလဲ၊ ဒီနေရာနဲ့ကိုယ်နဲ့က အသားကျသေးတာ မဟုတ်တော့. . အစိမ်းအကျက် အဆိုးအကောင်း ခွဲရခက်တယ်ရှင့်"

"ကောင်းပါပြီ ရှင်မရယ်၊ နောင်ကို ကျုပ်တစ်ယောက်ထဲ အဲ့သလို မထွက်တော့ပါဘူး၊ ဟုတ်ပြီလား"

ပြောရင်း. . သူမ ကိုယ်ကလေးကို ပွေ့ကာ ခုတင်ပေါ် တယုတယ တင်ပေး၍. . တယုတယ နမ်းမွှေးလေသည်။ အိမ်ထောင်သည်ဘဝကို (၅)နှစ်တာဖြတ်သန်းခဲ့သော ကာလတစ်လျှောက် ဒီလိုနွေးထွေးတဲ့ အပြုအမူ အပြောအဆိုမျိုး ဘယ်တုန်းကမှ မကြားဘူး၊ မခံစားဘူး၍. . သူမ အံ့အားသင့်ကာ ခင်ပွန်းသည်၏ အချစ်သည်းသည်း အဖြစ်သည်းနေမှုထဲ နစ်မျောကာသွားသည်။ အဆိုးဆုံးက သားသမီး





မရသည့်ကိစ္စ၊ သားသမီး လိုချင်လှသော ကိုမြမောင်အတွက် ယခုအချိန်အထိ ဘာမှ သတင်းကောင်းမကြားရသည့်အတွက် သည်နှစ်တွေမှာ လင်မယားဆက်ဆံရေး ပိုလို့တောင် အေးစက်လာခဲ့သည်။

သို့သော်လည်း သည်အိမ်ပြောင်းပြီးမှ ကိုမြမောင်၏ အမူအယာတွေ ထူးထူးခြားခြား ဖြစ်လာသည်။ ကောင်းတာလား ဆိုးတာလားဆိုတာ သူမစိတ်ထဲ ဝေခွဲမရနိုင်သော်လည်း ဒီညအဖို့ ကြင်စဦးဇနီးမောင်နှံဘဝတောင် ပြန်အမှတ်ရ ရင်ခုန်ရသည်အထိ ဖြစ်လာတော့ကာ. . . .



"ပြေးစမ်း. . . မင်း ဘယ်အထိ ပြေးနိုင်မလဲ"

ဒေါသအလျှောက် ကြိမ်းဝါးကာ ပြေးလိုက်နေရသော်လည်း သူ အတော်မောနေပြီ။ မျက်ခြည်မပြတ်အောင် ကြည့်နေရင်းက မြင်ကွင်းထဲကနေ လုံးဝပျောက်ကွယ်သွားသဖြင့် ကိုမြမောင် အပြေးရပ်ကာ ဖားဖိုကြီးလို နိမ့်လိုက်မြင့်လိုက်ဖြစ်နေသောရင်ဘတ်ထဲ လေအိုး ပင်ပင်ပန်းပန်းရှူသွင်းရင်း အားစိုက်ရှာဖွေကြည့်မိသည်။

ပထမတော့ ရုတ်တရက် မြင်လိုက်ရသော မြင်ကွင်းကြောင့်

www.burmeseclassic.com



လန့်ကာ ယိုင်ခနဲ ဖြစ်သွားသည်။ မြင့်မြင့်လွင့်လွင့်ကြီး ဖြစ်နေသော အရိပ်မည်းကြီးက သူ့ဘက်သို့ ကုတ်ကိုင်းကျနေသော လက်တံကြီးများဖြင့် ဆွဲယူညှစ်ဖြစ်တော့မည့်နှယ်။။

သေချာကြည့်မှ လယ်ကွင်းထဲ ထီးထီးကြီးဖြစ်နေသော ပင်အိုကိုင်းခြောက်ကြီးဆိုတာ သတိထားမိကာ ညဦးပိုင်းက လက်ဖက်ရည်ဆိုင်မှာ ဦးနိုင်ကြီးပြောနေသော ထိန်ပင်ကို အမှတ်ရသွားသည်။

ဒီတော့မှ သူ စိတ်သက်သာရာရကာ အသက်ရှူနိုင်တော့သည်။ ဟိုတစ်ယောက်ကိုလည်း ဆက်ရှာနေလို့ မထူးတော့သဖြင့် ထိုနေရာမှပင် အိမ်ဘက် ခြေဦးပြန်လှည့်ခဲ့လေသည်။

ဦးနိုင်ကြီး ပြောပြသလောက် ထိန်ပင်၏ ရာဇဝင်ကလည်း ပေါ့ပေါ့တော့မဟုတ်၊ စောစောက သူလိုက်နေသော တစ်ယောက်တလည်း ထိန်ပင်ကြီးနားရောက်မှ ပျောက်ချင်းမလှ ပျောက်သွား၍ . . လူလားတစ္ဆေလား ခွဲခြားဖို့တောင် အတော်ခက်သွားသည်။

လက်နှိပ်မီးသာ ပါလာလျှင်တော့ ထိုပြဿနာကို အဖြေအမြန် ခွဲနိုင်မှာသေချာသည်ဟု တွေးရင်း ရိုးပြတ်တောထဲ ခပ်သွက်သွက် ပြန်လျှောက်လာခဲ့သည်။ စောစောက ဟိုကောင့်နောက် ပြေးလိုက်တုန်းက အတော်ဝေးဝေးရောက်အောင် ပြေးလိုက်ခဲ့ရသည်ဟု ထင်မိသော်လည်း ပြန်လျှောက်လာတော့ ဘာမှမဝေးသလို ခဏနှင့်ပင် အိမ်ရှေ့ပြန်ရောက်လာသဖြင့် အတော်ပင် အံ့ဩနေမိသည်။ သို့သော်လည်း အချိန်လည်းလင့်၊ မောလည်းအတော်မောသွား၍ သိပ်ရှည်ရှည်ဝေးဝေး မစဉ်းစားချင်တော့ဘဲ ရေကန်မှာ ခြေထောက်ဆေးကာ အိမ်ပေါ်တက်လာခဲ့သည်။

"ဟာ. . တံခါးပိတ်ထားပါလား"

သူ ဖွင့်ထားခဲ့သော အိမ်ရှေ့တံခါးမကြီးအား တွန်းကြည့်





တော့. . အတွင်းမှ ချက်ချထားသဖြင့်. . အသံခပ်အုပ်အုပ်နှင့် ဇနီးသည်အား လှမ်းခေါ်သည်။

"မချို. . မချို"

"ရှင်. ."

"လာကွာ. . တံခါးခဏ ဖွင့်ပေးဦး"

ခဏကြာတော့ တံခါးဖွင့်လာကာ ဇနီးသည်က သူ့အား မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်နှင့်ကြည့်ပြီး. . .

"ရှင် ဘယ်ကနေထွက်သွားလို့. . ဘယ်လိုဖြစ်ပြီး"

"ဟာ. . ဒီကမထွက်လို့ ဘယ်ကထွက်ရမလဲ"

"ဟောတော်. . ရှင် ဒီကထွက်ရင် တံခါးက ဘယ်လိုလုပ်အထဲက ချက်ထိုးမှာတုန်း"

"ဟာကွာ ဒီမိန်းမနှယ် မောရတဲ့အထဲ၊ တံခါးပြန်ပိတ်လိုက်"

ကိုမြမောင် ခပ်ဆတ်ဆတ်ကလေးပြောပြီး အိပ်ခန်းထဲသို့ တန်းဝင်ကာသွားသည်။ အိပ်ယာတစ်ခုလုံးလည်း ခေါင်းအုံးတွေ ဟိုရောက်ဒီရောက်နှင့် ဖရိုဖရဲဖြစ်ကာနေ၍ သူ မွေ့ယာခင်းတွေ ပြန်ဆွဲဆန့်နေခိုက် မချို နောက်ကရောက်လာပြီး. . .

"ကျွန်မလည်း အိပ်ပျော်သွားလို့. . ရှင် ဘယ်အချိန် ထထွက်သွားမှန်းတောင် မသိလိုက်ဘူး"

"ဘာဖြစ်တယ်. . ၊ ငါထွက်သွားမှန်းသာ မသိတာ၊ အိမ်တံခါးမကြီး ပြန်ပိတ်ဖို့တော့ သိတယ်ပေါ့"

"ဟာ. . အဲ့ဒါ ကျွန်မ မပိတ်ဘူးလေ"

"ဟ. . ဒီအိမ်မှာ နင်နဲ့ငါ နှစ်ယောက်ရှိတာ၊ ငါ ထွက်သွားတော့ နင်ပဲကျန်ခဲ့တာ၊ နင်မပိတ်ရင် ဘယ်သူပိတ်လဲ"

မချို မျက်လုံးလေးဝိုင်းကာ ခဏငြိမ်သွားပြီး ကိုမြမောင်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရပ်၍. . .

"ရှင် တစ်ခုခုဖြစ်နေပြီ ထင်တယ်"

"ငါက ဘာဖြစ်ရမလဲ"

"ဒီမှာ ကျွန်မပြောတာ သေချာနားထောင်စမ်းပါ၊ စောစောပိုင်းက ကျွန်မ တရေးနိုးလာတော့ ရှင့်ကို မတွေ့လို့ လှမ်းခေါ်တယ်၊ ပြန်မထူးလို့ အခန်းထဲ ထွက်ကြည့်တော့ ရှင် အိမ်ရှေ့တံခါးမကြီးပိတ်ပြီး အိပ်ခန်းထဲ ပြန်ဝင်လာတယ်၊ ခြံရှေ့မှာ လူရိပ်မြင်လို့ ထွက်ကြည့်တာတဲ့၊ အဲ့ဒီနောက်တော့ ရှင်နဲ့ကျွန်မ အတူတူအိပ်ကြတယ်. . ၊

ကျွန်မလည်း အရမ်းပင်ပန်းပြီး မှေးခနဲ အိပ်ပျော်လည်းသွားရော. . ရှင် လှမ်းခေါ်တဲ့အသံကို ကြားရလို့ ထွက်လာတော့ ရှင်က အိမ်အပြင်မှာ၊ အခန်းတံခါးမကြီးကလည်း ချက်ချလို့၊ ကဲ. . ရှင်. . မှတ်မိပြီလား၊ ဘယ်အပေါက်ကထွက်ပြီး အိမ်အပြင်ရောက်သွားသလဲ၊ ရှင် စဉ်းစားကြည့်လေ"

ကိုမြမောင်ရင်ထဲ မီးပူသလိုပူလာပြီး အာခေါင်တွေပါ ခြောက်ကပ်ကာသွားသည်။

ဘုရား. . ဘုရား. . ဟို. . ဟိုအကောင်က. . . ။

တောက်. . . ။









# အခန်း(လေး)

ငုတ်မိတ်မျိုးချလိုက်သောအရက်က လည်ချောင်းတစ်လျှောက် မီးတောက်တွေလို ဝင်သွားသဖြင့် ကိုမြမောင် ရှုံ့မဲ့ပြီး ရေသန့်ဘူးထဲကရေအား ခွက်ထဲမငှဲ့နိုင်တော့ဘဲ နှုတ်ခမ်းတေ့ကာ တဂွပ်ဂွပ် မော့ချသည်။

"အား. . မင်းအရက်ကလည်း လင်းခိုင်ရာ. . ငါ့နှယ်"

"ဟာ. . အရက်က အရက်လိုသောက်ရတယ်ဟ မြမောင်ရ"

"ရော့. . ထပ်ထည့်"

"ဟမ်. . "

လင်းခိုင် မျက်လုံးပြူးကာလှမ်းကြည့်ပြီး ရှေ့မှာချောင်ထားသော ရှစ်ပက်ပြား လှမ်းယူကာ. . ငှဲ့ထည့်ပေးသည်။ သည်တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



တော့ ပါးပါးလေးပုတ်နိုင်အောင် အရက်တစ်ပက် ရေသုံးပက်လောက် တစ်ခါတည်း ရောစပ်ပေးလိုက်သည်။ ဒါလည်း . . ကိုမြမောင် ရေသောက်သလို သောက်ချပြန်လေသည်။ ဒီကောင် တစ်ခုခုတော့ ဖြစ်နေပြီ၊ ဘယ်တုန်းကမှအရက်မသောက်သော ကိုမြမောင်တစ်ယောက် အရက်ဆိုင်သွားဖို့ သူကကိုလာခေါ်ကတည်းက သံသယတော့ ဖြစ်မိသား။

"မင်း ဘာဖြစ်နေသလဲ မြမောင်"

"ငါ . . လား"

"အေးလေ မင်းက အရက်မှမကြိုက်တာ"

"အခုလည်း ကြိုက်လို့သောက်တာမဟုတ်ဘူး . . မူးချင်တာ၊ မူးရင် ဘာမှမတွေးဖြစ်တော့ဘူးကွာ၊ အဲ့ဒါပဲ. . ."

"မတော်သေးဘူးလေ၊ မင်း ဘာကိုတွေးရမှာ ကြောက်နေလဲ၊ ထဲ. . ပြော. ."

လင်းခိုင်က ကိုမြမောင်ဆီကစကားကို ငုံ့လင့်ရင်း သူ့ခွက်ထဲက အရက်ကို ရေများများရောပြီး တစ်ဝက်လောက် မော့လိုက်သည်။

"ငါပြောမယ်ကွာ၊ မင်း ဘယ်သူ့မှ လျှောက်မပြောနဲ့"

"ဘာ. . ဒါတော့ ငါ့ကိုစော်ကားတာပဲ၊ လင်းခိုင်ပါးစပ် အဲ့သလောက် ပုပ်စော်မနံဘူး၊ စိတ်ချ. . ."

သို့တိုင်. . ကိုမြမောင်ပြောရမှာ အတော်ဝန်လေးနေသလို နှုတ်မရဲသလို တွန့်ဆုတ်နေပြီး၊ အရက်ကို သူ့ဘာသာငှဲ့ပြီး ဂွပ်ခနဲ မော့ပစ်သည်။ သည်တစ်ကြိမ်တော့. . ရေတောင်မသောက်တော့ဘဲ ရှုံ့မဲ့မြည်တပြီး. . .

"ငါ့အိမ်ပေါ်မှာရှိနေတဲ့ တေကို မင်းသိလား"





"အေး. . သိတယ်၊ အာ. . မသိဘူး၊ ငါ့နှယ် တစ္ဆေနဲ့ငါ ဘယ်တုန်းက အပေါင်းအသင်း လုပ်ဖူးလို့လဲကွာ"

"သိလားဆိုတာ ငါပြောပြလို့ မင်းသိထားတဲ့ကောင်ကို ပြောတာ"

"အင်း. . သိပြီ. . ဘာဖြစ်လဲ"

"အဲ့ဒီကောင်. . ငါ့မိန်းမနဲ့ အိပ်သွားတယ်"

"ဟမ်. ."

လင်းခိုင် သောက်ဖို့ကိုင်ထားတဲ့ဖန်ခွက်ပါ လွတ်ကျတော့မလိုဖြစ်ပြီး ဖန်ခွက်မကျပေမယ့် အရက်တွေမှောက်ကုန်သည်။

"ဘာ. . ဘာပြောတယ် မြမောင်"

ထို့နောက် ကိုမြမောင် ရင်နာနာနှင့် အာလေးလျှာလေး ပြောပြလေတော့၏။

"အဲ့ဒါပဲ လင်းခိုင်ရာ၊ ငါ သတ်ချင်တယ်. . . အဲ့ဒီကောင့်ကို ငါ သတ်ချင်တယ်၊ ငါ့ကိုလှည့်စားပြီး ငါ့မိန်းမကို. . တောက်. . ကွာ"

"ဟေး. . ဟေး. ."

ကိုမြမောင် ပုလင်းရိုက်ခွဲဖို့လုပ်နေ၍ လင်းခိုင် လှမ်းတားကာ ပုလင်းပြန်လုထားရသည်။

"ဆိုင်ထဲမှာကွမြမောင် မကောင်းဘူး၊ ဒီမှာ ဖြစ်ပြီးသားကိစ္စကို ဘာမှပြန်လုပ်လို့မရဘူး၊ နောက်တစ်ခုက ဒါ တကယ်မဖြစ်နိုင်ဘူး"

"ဘာကွ. . ."

"စိတ်အေးအေးထားပြီး စဉ်းစားစမ်း သူငယ်ချင်း၊ ဒီငတေ့မှာ ဘယ်လိုပဲ ဖန်ဆင်းနိုင်တယ်၊ ခြောက်လှန့်နိုင်တယ်ပဲပြောပြော အဲ့ဒါလှည့်စားတာပဲ၊ မျက်လှည့်တစ်ပွဲကို ကြည့်ရသလိုမျိုး ငါတို့စိတ်ကို ညှို့ယူလှည့်စားတာပဲကွ၊ ညှို့ယူခံ လှည့်စားခံလိုက်ရတဲ့အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒါဟာ တစ်ကယ်ဖြစ်နေတာ ထင်ချင်ထင်မယ်လေ. . ၊ အမှန်တော့ တစ်ကယ်မဟုတ်ဘူးဆိုတာ ရှင်းနေတာပဲ၊ မင်းမှတ်ထား. . တစ္ဆေတစ်ကောင်ရယ်၊ မျက်လှည့်ဆရာရယ်၊ ငါတို့ရပ်ကွက်က အုပ်ချုပ်ရေးမှူးရယ် အတူတူပဲ"

"မဆိုင်ဘူးထင်တယ်"

"သိပ်ဆိုင်တာပေါ့ကွ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးလည်း သူ့အုပ်ချုပ်ရေးမှူးဖြစ်ဖို့ မဲဆွယ်တုန်းက သူ့လက်ထက်ကျရင် မင်းတို့ရပ်ကွက်လမ်းတွေ မီးတွေအားလုံး အိုခေစေရမယ်၊ လူသစ်စိတ်သစ်နဲ့ ရပ်ကွက်အတွက် အစွမ်းကုန်လုပ်မယ်၊ ဘယ့်နှယ်က ဘာညာနဲ့. . ငါတို့လည်း အဟုတ်မှတ်ပြီး မဲတွေထည့်ကြ၊ ရပ်ကွက်ကြီး သာယာပြီဟ တိုးတက်ပြီဟဆိုပြီး အိပ်မက်တွေမက်ကြနဲ့၊ သူလည်း တစ်ကယ် အုပ်ချုပ်ရေးမှူးလည်းဖြစ်ရော ငါတို့ရပ်ကွက်က ဖွတ်ကဖွတ်ပဲ၊ ဘာမှကိုဖြစ်မလာတာ၊ တစ်ကယ်ကျေးဇူးဆပ်တတ်တဲ့သူကွာ. . အံ့ရော. . ၊ မျက်လှည့်ဆရာလည်း ဒီလိုပဲ၊ ပရိသတ်စိတ်ဝင်စားအောင် စုန်းလိုလို ကဝေလိုလို အောက်လမ်းလိုလို ချိန်းခြောက်ဟိန်းဟောက်ပြပြီး ဖတ်ခနဲ လှည့်လိုက်တာပဲ၊ ဘာမှ တစ်ကယ်မဟုတ်ဘူး၊ တစ္ဆေလည်း ဒီလိုပဲလေ၊ အဲ့ဒါကို. . မင်း ဘာတွေ သောကပွားနေလဲ. . အေး. . ဆေး"

ဆိုတော့ကာ ကိုမြမောင်ရင်ထဲ အခုမှ အလုံးကျသွားသလို အနည်းငယ် လွတ်ထွက်လာပြီး. . .

"အေးကွာ၊ မင်းပြောတာ ယထာဘူတ ကျပါတယ်၊ ဟုတ်ပါတယ်. . နာမ်ဆိုတာ ထိလို့ကိုင်လို့မှ မရတာ၊ ဒါပေမယ့် ညှို့ယူဖြားယောင်းနိုင်တဲ့အထဲမှာတော့ ရုပ်ပိုင်းဆိုင်ရာထက် စိတ်ပိုင်းဆိုင်ရာက အားနည်းချက်တွေ ပျော့ကွက်တွေ များသားလား"

"အေး. . ဒါကို မင်း သဘောပေါက်နေတာပဲကွာ၊ ကဲ. . ဒီရှစ်ပက်ပြတ်ရင် ရပ်မယ်နော်၊ မင်းက အူရိုင်းဆိုတော့ ဥသြတွေ တွန်ကုန်မယ်"





သို့နှင့် အရက်သောက်လိုက် အမြည်းစားလိုက်နှင့် last cup သာ ကျန်တော့မှ. . .

"ဒါပေမယ့်ကွာ"

"အင်း. . ပြော"

"ငါ ဒီကောင့်ကို ပညာပေးချင်တယ်၊ အဲ့ဒါ ဘယ်လိုလုပ်ရမလဲ"

"အဟုတ်. . ဟုတ်. . လွယ်ပါတယ် မြမောင်ရာ၊ မင်း ဟိုတစ်ညက လက်ဘက်ရည်ဆိုင် မလာခင် မင်းဆီကို အဲဒီငတေ မင်းမိန်းမပုံဖမ်းပြီး လာညာတာ မင်းမှတ်မိလား၊ မင်းပဲ ငါ့ကို ပြောပြတယ်လေ"

"အင်း မှတ်မိတယ်"

"ခွင်တည့်ရင် ကလဲ့စားပြန်ချေပေါ့ကွာ၊ တစ်ဂိုးစီ သရေတျလည်း မဆိုးပါဘူး"

"ဟေ. . ဟားဟား. . ဟားဟား. . ဟုတ်ပြီ. . ဟုတ်ပြီ. . ဟား. . ဟား. . ဟားဟား"

ကိုမြမောင် သဘောကျပြီး အားပါးတရ ထရယ်၍ တစ်ဆိုင်လုံး လှည့်ကာကြည့်ကြသဖြင့်. . . လင်းခိုင် ပြုံးတုံ့တုံ့လေးလုပ်ကာ တောင်းပန်လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com





မနက်ခင်းကတည်းက ခြံထဲမှာပင် တကုတ်ကုတ်နှင့် မနက်ရှစ်နာရီအထိ ရေမချိုးနိုင်သေးသော ကိုမြမောင်အား ဇနီးသည်က လှမ်းမေးသည်။

"ရှင် ဒီနေ့ အလုပ်မသွားဘူးလား"

"ငါ မနေ့က ခွင့်တင်လာခဲ့တယ်၊ အိမ်ပေါ်မှာလည်း ပစ္စည်းတွေက နေရာမကျ ခြံထဲမှာလည်း သစ်တိုသစ်စတွေနဲ့ ရှုပ်ပွနေလို့"

"အဲ့ဒါဆို အတော်ပဲ"

ပြောပြီး သူ့ထံ မချိုမချဉ်မျက်နှာနှင့် ရောက်လာသော ဇနီးသည်ကို လှည့်ကြည့်သည်။ ဝန်ခံရလျှင် အိမ်ပေါ်က တစ္ဆေ ကြာကူလီကောင်ကြောင့် နေ့ဘက်အလုပ်သွားရတာပင် စိတ်မဖြောင့်ချင်။

ဟိုတစ်ညကိစ္စ ဖြစ်ပြီးကတည်းက ကိုယ့်မိန်းမမျက်နှာ ကိုယ်ကြည့်ရတာ ကိုယ်အမြင်မရှင်းချင်၊ လူငယ်စကားနှင့် ပြောရလျှင် ဖီးလ်ငုတ်တယ်ပဲ ပြောရမလား။

ဘာပဲဖြစ်ဖြစ် လင်းခိုင်ကိုတော့ ကျေးဇူးတင်ရမည်။ တစ်ကယ်မဟုတ်ပါဘူးကွာ လှည့်စားခံရတာပါ ဆိုသောစကားက အတော်တာသွားသည်။ အသည်းခိုက်အောင် စိုက်သွားသောစူးကို တစ်ဝက်နှုတ်ပစ်နိုင်ခဲ့သည်။ သို့သော်လည်း အဲဒီ လှည့်စားခြင်းဆိုတာကိုက မခံချင်စရာ၊ ကြိတ်မနိုင်ခဲမရဖြစ်စရာကြီးမို့လို့ ဒီရက်တွေမှာ ကိုမြမောင် အ





တော်သတိကြီးစွာ ဂရုစိုက်စောင့်ကြည့်သည်။

နေ့လည်နေ့ခင်း လင်းခိုင်တို့လင်မယား အိမ်လည်လာဖို့ မှာထားသည်။ ကံကောင်းထောက်မစွာ လင်းခိုင်မိန်းမ တင်တင်ထွေးနှင့် အိမ်ကဇနီးသည်တို့ အဖွဲ့ကျကာ ခင်သွား၍ နေ့ဘက်ဆို တင်တင်ထွေးနှင့် လက်ဖက်သုတ်စား၊ အခွေကြည့်နှင့် သိပ်မပျင်းတော့ဘူးဆိုသောစကားက ဇနီးသည်ထံမှ ကြားနေရ၍ နည်းနည်းစိတ်သက်သာရာ ရပါသည်။

သို့တိုင် ညနေအလုပ်ကပြန်ချိန် လမ်းလျှောက်လျှင် ညမှိုးချုပ်မည်စိုး၍ ကယ်ရီခငါးရာ နှမြောမနေတော့ဘဲ ကားပေါ်ကဆင်းသည်နှင့် ဆိုင်ကယ်ခေါ်ကာ သုတ်သုတ်ကလေး အရောက်ပြန်လာခဲ့သည်။ ကုန်ကုန်ပြောရလျှင် တစ်လ နှစ်ထောင့်ငါးရာ မကုန်ကုန်အောင် သုံးရမည်ဟု ကန့်သတ်ထားသော (၁၅၀၀)ဖုန်းအမျိုးအစားအား နှပ်ချေးကျလွန်းလို့ ဝယ်မကိုင်ဘဲ အောင့်ထားသမျှ ကြာကူလီတစ္ဆေကြောင့် အမြန်ဆုံး ပြေးဝယ်ကာ လင်မယားနှစ်ယောက် တစ်ယောက်တစ်လုံးကိုင်ထားသည်။ အလုပ်ထဲမှာ သူရှိနေချိန် တစ်နာရီတစ်ခါလောက် အကြောင်းမရှိ အကြောင်းရှာကာ ဖုန်းဆက်သည်။

ညရေးညတာ ဇနီးသည်ကို တစ်ယောက်တည်း ကျန်ခဲ့စေမည့် အခြေအနေအားလုံး စနစ်တကျ ထိန်းသိမ်းကာ. . တစ်ရေးနိုး အပေါ့အလေး သွားသည်မှအစ သူကိုယ်တိုင် ပိုကြို့လုပ်ပေးသည်။ ပုံမှန်ထက်ပိုပြီး ဂရုစိုက်လာသော ခင်ပွန်းသည်၏ စိတ်အပြောင်းအလဲအပေါ် ဇနီးဖြစ်သူ ပျော်ရွှင်ကြည်နူးနေတာကြည့်ပြီး အဖိုးကြီး အဖွားကြီး မကျည်းရွက်ထောင်း သုတ်ကလေးစားသည့် ဆိုရိုးစကားလို ဖြစ်နေသည်။

လယ်ထဲဆင်းသော အဖိုးကြီးက မကျည်းရွက်ထောင်း သုတ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးနှင့် ထမင်းစားချင်သည်ဆို၍. . အဖွားကြီးက ပင်ပန်းသော လင်တော်မောင်အတွက် လုပ်ပေးဖို့ ပြုပ်ဆုံတောင်မရှိ ဆိုတော့ကာ အဖွားကြီးက မန်ကျည်းရွက်တွေ သွားဖုံးနှင့် ကြိတ်ကြိတ်ဝါးကာ ထွေးရသည်။ ပြီးမှ ကြက်သွန်စိမ်းကလေးနှင့် ဆီဆမ်းပြီး သုတ်ပေးလိုက်သည်။

အဖိုးကြီး လယ်တောက မောမောနှင့် ပြန်တက်လာပြီး စားကြည့်တော့ ပြုံးကာ ဆိုလေသည်။

"ကောင်းလိုက်တာ အမယ်ကြီးရာ မြိန်မှမြိန်ဟ"

ဆိုတော့ အဖွားကြီးက ပြောင်းဖူးဖက်ဆေးလိပ်ကြီး ဖွာရင်း

"အေး. . တော်က ကောင်းပေ့၊ ကျုပ်ကတော့ ဆုံကြိမ်းလို့ ထမင်းတောင် မဝါးနိုင်ဘူး"တဲ့ ဆိုသလိုဖြစ်နေ၏။ ထိုသို့နှယ် ဇနီးသည်တတော့ပျော်လို့ သူကတော့ အော်အော်ပြီး ဆဲချင်စိတ်ကို မြိုကာ ချထားရသည်။

ယခုလည်း သူ့အပင်တွေ ပန်းအိုးတွေ နေရာချနေတဲ့နေရာကို ကလူ၏သို့မြူ၏သို့ မျက်နှာနှင့် ရောက်လာနေပါပြီ။

"ကိုမြမောင်ကို ဝမ်းသာစရာ ပြောချင်တာ မသေချာသေးလို့. ."

"ဘာကိုလဲ"

မချို ရှက်သွေးဖြာနေတဲ့ မျက်နှာနှင့် ပြုံးတုံ့ပြုံးစကလေးလုပ်ပြီး မပွင့်တပွင့် ဆိုသည်။

"ကျွန်မ. . ဒီလ မလာတော့ဘူးရှင့်၊ အဲ့ဒါ ဆေးခန်းသွားပြပြီး စစ်ကြည့်မလို့လုပ်တုန်း. . တင်တင်ထွေးက ဆီးစစ်ကြည့်ပါလားဆိုလို့ မနက်က ဈေးသွားရင်း ဝယ်လာပြီး စစ်ကြည့်တာ ဟုတ်နေတယ်တော့ အဟိ. . ဟိ"





"ဟင်. . ."

ကိုမြမောင် ငယ်ထိပ်ကို တုံးကြီးကြီးတစ်တုံးနှင့် အထုခံလိုက်ရသလို တိန်ခနဲမြည်ကာ ချာချာလည်ချင်သွားသည်။ မဖြစ်နိုင်၊ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်၊ ကလေးမရလို့ ကိုယ့်ဘာသာ တိတ်တိတ်ကလေး ငွေကုန်ခံပြီး ဆရာဝန်နှင့်ပြကြည့် စစ်ကြည့်တုန်းက ကိုယ့်ရဲ့မွေးရာပါ ဗီဇကြောင့် ကလေးရဖို့ ခက်ခဲမယ်လို့ ဆရာဝန် မှတ်ချက်ပေးပြီးသား၊ ဒါနဲ့များ. . .

"ရှင် အံ့သြသွားပြီ မဟုတ်လား၊ ရှူး. . လျှောက်မပြောနဲ့ဦး၊ ဘာမှန်းညာမှန်း မသိသေးလို့ ဆေးခန်းကပြန်လာမှ"

"မချိုရေ သွားမယ်ဆို"

လှမ်းကြည့်လိုက်တော့. . တင်တင်ထွေး၊ ဘုံစောက်စောက် ကိုယ်လုံးနှင့် ဗိုက်မိုးကလေး ပစ်ခါပစ်ခါလျှောက်လာပြီး သူတို့တွတ်ထိုးနေတာမြင်၍ မျက်နှာမဲ့ကာ ခါးထောက်ရပ်လိုက်သည်။

"မျက်စိရှေ့မှာ အမြင်ကပ်အောင် မလုပ်နဲ့နော်၊ လင်ယူလို့ ကလေးရတာ သိန်းထောင့်ငါးရာဆု ပေါက်တဲ့မျက်နှာနဲ့၊ ဟင်း. . မပြောချင်ဘူး"

"အဲ့ဒါဆိုလည်း မပြောနဲ့ပေါ့တော်၊ ကျုပ်တို့အတွက်တော့ ဒီအခွင့်အရေးက ရွှေပဲလေ. . အဟင်း. . ဟင်း"

"အမလေး. . ကျွန်မတော့ သားနှစ်ယောက်မွေးထားတာ မောင်လင်းခိုင်နဲ့ပါဆို သုံးယောက်ဖြစ်နေလို့ စိတ်တွေညစ်နေတာ"

"ကိုလင်းခိုင်လည်း နို့မပြတ်သေးလို့လား"

"ဟဲ့. . မချို"

"အဟိဟိဟိ. . ကဲလာ သွားကြမယ်၊ ကျွန်မလည်း အဆင်သင့်ပြင်ပြီး စောင့်နေတာ၊ ကိုမြမောင် ကျွန်မ သိပ်မကြာဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ဘာဖြစ်လို့ဟ်ာ"

Pb : 223057

ဇနီးသည် ပြုံးရွှင်မြူးသွက်စွာ နှုတ်ဆက်ပြီး ထွက်သွားတာကို အတော်အင်အားသုံးပြီး ခပ်ယဲ့ယဲ့ ပြန်ပြုံးပြရင်း ကျန်ခဲ့တဲ့ ကိုမြမောင်တစ်ယောက် ယခုမှပင် လွတ်လပ်စွာ ပေါက်ကွဲနိုင်ကာ လက်နားနီးနေသော ပန်းအိုးအား ကိုင်မကာ ရိုက်ခွဲပစ်လိုက်သည်။ ထို့နောက် အိမ်ပေါ်သို့ ခုန်တက်ပြီး အရူးတစ်ယောက်လို ဟိုကြည့်သည်ကြည့် ရှာဖွေရင်း အံကြိတ်သံနှင့် ကြုံးဝါးလေသည်။

"ငါ့မိန်းမ ပြန်လာလို့ တစ်ကယ်ကိုယ်ဝန်ရှိနေပြီလို့ သိတာနဲ့ ခွေးမသား မင်းရုပ်ကို ထုံးသုတ်ပြီး မီးဖုတ်ပစ်မယ်ကွ၊ မှတ်ထား. . ခိုးပဲ"

"ဘာတွေဖြစ်နေတာလဲ"

လှည့်ကြည့်တော့ လင်းခိုင်၊ ကျွတ်ကျွတ်အမည်း တစ်လုံးဆွဲတာ ရောက်လာ၍ ကိုမြမောင် ကိုယ်ရှိန်သတ်ကာ. . .

"ထိုင်ကွာ. . လင်းခိုင်၊ ငါ ခြေလက်ဆေးလိုက်ဦးမယ်"

ထို့နောက် ကိုမြမောင် အောက်ဆင်းသွားပြီး ခြေလက်ဆေးကာ ပြန်တက်လာခဲ့သည်။ အိမ်ပေါ်ရောက်တော့ ဧည့်ခန်းခြေရင်းဘက်ခြမ်း ထမင်းစားစားပွဲမှာ ပုလင်းတွေ ဖန်ခွက်တွေနှင့် လင်းခိုင်ကို ငုတ်တုတ်တွေ့ရသည်။

"ဟာ. . စောစောစီးစီး မင်းဘာလုပ်တာလဲ"

"ဘာလုပ်လုပ်. . လာ. . တစ်ခွက်လောက်ကစ်လိုက်၊ ပြီးမှ ပြောမယ်"

"အာ. . ငါမသောက်ဘူး၊ သူတို့လည်း အပြင်သွားတာ သိပ်မကြာဘူးကွ"

"သိတယ်. . သိလို့ အမြန်ဆုံး စီစဉ်ပြီး ငါထွက်လာတာ. . မနက်ကမှ တင်ထွေးပြောလို့လေ၊ မချိုတော့ ဘယ့်နှယ်က ဘာညာဆိုတော့ ငါလည်းလန့်ပြီး အမြန်ဆုံး ပြေးလွှားစီစဉ်ရတာ"

"တော်ပါကွာ၊ မူးမှ ပိုဆိုးတာ"

"မဟုတ်ဘူး၊ မင်းက မူးရင် ငြိမ်သွားတယ်၊ အူရိုင်းဆိုတော့ အိပ်ပျော်သွားတယ်လေ၊ ရော့. . ကစ်လိုက်"

ဆိုတော့ကာ ကိုမြမောင်လည်း ညစ်ညစ်နဲ့ ဝှပ်ခနဲ ကစ်လိုက်သည်။

"ရော့ အာလူးကြော်၊ ကြွပ်ရွနေတာပဲ. . ကောင်းမှကောင်း"

သို့နှင့် တစ်ယောက်နှစ်ပက်စီလောက် ခွဲတမ်းရသွားကာ ကိုမြမောင်က စကားစလိုက်သည်။

"မင်းပြောတော့ လှည့်စားတာဆို တစ်ကယ်မဟုတ်ဘူးဆို. . အခု ဘယ်လိုပြောမလဲ"

လင်းခိုင် လက်ကာပြပြီး. . .

"ငါ့ဦးလေးတစ်ယောက်ဆို ကလေးမရလို့ မိန်းမတစ်ယောက်ပြီးတစ်ယောက် ပြောင်းယူတာ ခြောက်ယောက်ဖြစ်သွားတယ်၊ အဲ့ဒါလည်း ကလေးမရလို့ ဆေးရုံမှာ သူ့ကိုယ်သူ သွားစစ်တော့မှ သူမြုံနေတာ၊ အဲ့ဒါနဲ့ စိတ်ဓါတ်ကျပြီး နောက်ဆုံးယူတဲ့ တစ်ယောက်နဲ့ နေသွားတာ အသက်ငါးဆယ်ကျော်မှ အဒေါ်ကိုယ်ဝန်ရပြီး ကလေးတစ်ယောက် မွေးသွားတယ်၊ ဦးလေး မယုံကြည်လို့ ကလေးကို သွေးစစ်၊ မျိုးရိုးဗီဇပါ စစ်တာ၊ သူမှသူ. . သူ့သွေးမှသူ့သွေး၊ အခုကြီးလာတော့ သူ့သားက သူ့ပုံမှသူ့ပုံ၊ ခွင်ရောခွရော တစ်ပုံတည်းပဲ၊ ကဲ. . မင်းဘာငြင်းမလဲ"

ကိုမြမောင် ငြိမ်သွားပြီး ဖန်ခွက်ထိုးပေး၍ လင်းခိုင် ထပ်ငှဲ့ပေးကာ ရေပါစပ်ထည့်ပေးလိုက်သည်။ ပြီးမှ. . .







www.burmeseclassic.com

www.burmeseclassic.com



"မင်း သဘောပေါက်ဖို့က မိဘနဲ့သားသမီးဆိုတာ ရွေးချယ်ခွင့်မရှိတဲ့ ကံတရားနဲ့ သံသရာခရီးကို လျှောက်နေတာကွ. . ရှင်းလား။ အချိန်ကာလ ရွှေ့ချင်ရွှေ့သွားမယ် ကံကမရွှေ့ဘူး၊ အဝိဇ္ဇာနဲ့တဏှာကို အကြောင်းခံထားတဲ့ မင်းတို့ငါတို့မှာ ဘာမှအဆုံးမရှိဘူး၊ အခုလည်း ဆရာဝန်က မင်းကို ကလေးရဖို့ ခက်ခဲမယ်လို့ပဲပြောတာ၊ လုံးဝမရဘူးလို့ မပြောဘူးလေကွာ"

"အေးပါကွာ၊ ငါ သဘောပေါက်ပါပြီ၊ ကဲ. . မြန်မြန်သောက်၊ မြန်မြန်ရှင်းပြီး မင်းလည်းလစ်တော့၊ မိန်းမကြောက်လို့ မဟုတ်ပေမယ့် သိကွာတော့ အကျမခံချင်ဘူးကွာ"

"အိုခေ ငါလိုချင်တဲ့ ပွိုင့်ကလည်း အဲဒါပဲ၊ မင်း ဆင်ခြင်တဲ့စိတ်နဲ့ လက်ခံပေးနိုင်တယ်ဆို ရပြီ၊ ကဲ last cup ကပ်"

"ခွပ်. ."

"ယောက်ျားလေး မွေးပါစေ"

"တော်စမ်းကွာ"

လင်းခိုင် သူ့လက်နက်တွေ သူပြန်သိမ်းဆည်းပြီး ပြန်သွားသည့်တိုင် ကိုမြမောင် စားပွဲကမထနိုင်သေးဘဲ အနိမ့်အမြင့် မညီညာသော အာရုံခံစားမှုထဲ လွင့်ပါနစ်မျောနေမိသည်။

သည်တစ်ကြိမ်လည်း လင်းခိုင်ကို ကျေးဇူးတင်ရပြန်ဦးမည်။ ဒီကောင်သာ အချိန်မီ ရောက်မလာလျှင် ဘယ်အထိ ပေါက်ကွဲမည်ဆိုတာ တွက်ဆလို့တောင်မရ။ သူ့အယူအဆနှင့် သူ့ဥပမာကတော့ ဟုတ်နေသည်။ လက်ရှိအခြေအနေကို စိတ်တိုင်းကျ လက်ခံနိုင်ဖို့အထိ မွေးလာတဲ့ကလေးကို သွေးစစ်၊ မျိုးရိုးဗီဇစစ်ပြီးမှဆိုတော့ အချိန်ကာလက ကြာဦးမည်၊ လောလောဆယ် ဟိုကြာကူလီတစ္ဆေ ကြားဝင်နေတာက အလွန်ရှင်းလင်းသော အဖြေတစ်ခု ဖြစ်နေသည်။



BURMESE CLASSIC



ဘယ်လိုပဲ လှည့်စားတာဆိုပေမယ့် စိတ်နဲ့ခုခံနေရတဲ့ ခံစစ်ကြောင်းက ဘယ်လောက်တောင့်ခံနိုင်မလဲဆိုတာ မရေရာ. . .။

တောက် မင်းတော်တော်နှောက်တဲ့ကောင်ပါလား ကြာကူလီကောင်ရာ. .

ထိုစဉ်. . ဖုန်းမြည်သံ ကြားရသဖြင့် ဒယီးဒယိုင် လျှောက်သွားကာ အိပ်ခန်းခေါင်းရင်း စားပွဲပေါ်က သူ့ဖုန်းကို သွားယူကြည့်လိုက်သည်။ မချို ဖုန်းဖြစ်၍ ဆေးခန်းက လှမ်းဆက်တာပဲ ဖြစ်ရမည်။

"အေး. . ပြော"

". . . . . . . ."

"အဲ့ဒါဆိုလည်း ပြီးတာပဲ၊ ငါ ဖုန်းချလိုက်ပြီ"

ပြောပြီး ဖုန်းပိတ်ကာ အိပ်ယာပေါ် ပစ်လှဲချလိုက်၏။

တစ်ကယ်ပဲ ကိုယ်ဝန်ရှိနေပြီတဲ့။ တောက်. . လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းက ရူးမတတ်ကြားချင်လှတဲ့သတင်းကောင်းကို အခုကြားရပြီး မအီမလည် ခံစားနေရမှုအတွက် ကိုမြမောင် အတော်အောင့်သက်နာကျည်းစွာ လှိမ့်ပိမ့်ခံနေရသည်။ ရင်ဘတ်ပါ ပွင့်ထွက်သွားအောင် အော်ပစ်ချင်စိတ်ကြောင့်. . မျက်နှာကို ခေါင်းအုံးပေါ် မှောက်ချကာ အသံကုန် ခြစ်ထုတ်ပစ်လိုက်သည်။ သူလည်း မောသွားကာ မှေးနေခိုက်. . .

"ကိုမြမောင်"

ဇနီးသည်၏ ခေါ်သံကြောင့် သူ မှောက်လျက်အနေအထားမှ ပက်လက်လှန်ကာကြည့်တော့ ဇနီးသည်မချို၊ အလှဆုံး ဝံ့ပြုံးကာ အခန်းထဲဝင်လာသဖြင့် သူ အံ့အားသင့်ကာ ထထိုင်သည်။ ငါ အရမ်းမူးသွားတာလား၊ အခုပဲ ဆေးခန်းကနေ ဖုန်းဆက်ပြီး အခု အိမ်ပြန်ရောက်လာသည်ဆိုတော့ကာ. . မြန်မာပြည်မှာ ကျည်ဆံရထား နှိုင်း



www.burmeseclassic.com

www.burmeseclassic.com


တော့ ဒီမြို့မှာမရှိလို့ အဲ့သလောက်မမြန်တာ သေချာသည်။

ဒါ. . ဒါဆို. . . ။

"ကိုမြမောင် ရှင် ဘာဖြစ်နေတာလည်းလို့"

ကယုကယသံနှင့် ခုတင်ပေါ်တက်လာသော မချိုကို သူ့ဇနီး မဟုတ်ဘူးဆိုတာသေချာသော စိတ်ပိုင်းဖြတ်မှုထဲ အတွေ့အလှည့်ဆို သော အာဃာတစိတ်က ငယ်ထိပ်တက်ဆောင့်ကာ ဆွဲဖက်လှဲချပစ် လိုက်၏။ အလှည့်ကျရင် နွားမတောင် ရုန်းရသေးတာပဲဆိုတဲ့ စကား မင်းကြားဖူးသွားစေရမယ်. . ငတရဲ့။ သေဖို့သာ ပြင်ထား. . ။

၅ ၅ ၅ ၅



"ကိုမြမောင်. . ကိုမြမောင်"

"ဟေ. ."

ခေါ်သံတစ်သံတည်းပေတဲ့ အိမ်ပေါ်တက်လာတဲ့ ခြေသံက တစ်ယောက်တည်းမဟုတ်မှန်း ကိုမြမောင်သိ၍ အတင်းကုန်းကြိုးကာ ထထိုင်သည်။ သူ မောမောနှင့် အိပ်ပျော်သွားချိန်က ဘယ်လောက်မှ မကြာ၍ သောက်ထားတာလည်းရှိကာ အမူးမပြေချင်။ သို့သော်လည်း ကြိုးစားထိန်းကာ အခန်းထဲက ထွက်လာခဲ့သည်။ သူထင်ထားသည့် အတိုင်း မချိုနှင့်အတူ လင်းခိုင်တို့ လင်မယားပါ ပါလာခြင်းဖြစ်သည်။

"ရှင် ပြန်အိပ်နေတာလား"

"အေးလေ အိပ်ချင်တာနဲ့ ဝင်အိပ်တာ၊ မင်းတို့ ခုမှပြန်လာတာလား"

"တင်တင်ထွေးက ဈေးထဲ ခဏဝင်မယ်ဆိုလို့ နည်းနည်းကြာသွားတယ်လေ၊ ကဲ. . အဲ့ဒါအသာထား၊ ဒီမှာ မေးနေကြပြီ၊ ဘာကျွေးမှာလဲတဲ့. . ."

"ကြိုက်တာပြောကွာ၊ ကျွေးမယ်"

"ပြီးရောနော်. . ဟဲ့ လင်းခိုင်၊ နင့်လူပြောတဲ့နေ့ကို မှတ်ထား လိုက်၊ ပုံပြောလို့ကတော့ အသိပဲ"

"စိတ်ချ. . နင့်ကို ဒီထက်ဝအောင် ကျွေးပစ်မယ်"

ကိုမြမောင်ပြောပြီး အောက်သို့ဆင်းလာကာ ရေကန်ရှိရာ လျှောက်သွားသည်။ ဒီအတိုင်းနေလို့မဖြစ်၊ ရေချိုးပြီး ကိုယ့်ကိုယ်ကိုယ် စိတ်ရှင်းပစ်ရမည်။ ထိုအခိုက်မှာပင် လင်းခိုင် ရေကန်နားရောက်လာ ပြီး လေသံနှင့်. . . ။

"မင်း အိုခေတယ်နော်"

"အိုခေပါတယ်၊ အခုတော့ တစ်ဂိုး ငါးမူးရှုံး မဟုတ်တော့ဘူး ကွ၊ ထောင့်ငါးရာနဲ့ သရဲပွဲဖြစ်ပြီး. . ဖိုင်နယ်တက်သွားပြီ"

"ဟေ. ."

သူ့စကားကို လင်းခိုင် နားမလည်၍. . .

"မင်းပြန်သွားမှ ဟိုငတေ ရောက်လာတယ်"

"ဟုတ်လား"

"ဒီကောင် ကံဆိုးချင်တော့. . . ငါ့မိန်းမ ငါ့ကို


ထောင့်ငါးရာနဲ့ သရဲပွဲ

www.burmeseclassic.com

နေ ဖုန်းဆက်ပြီး ဖုန်းချထားတာ တစ်မိနစ်တောင် မပြည့်သေးခင်. . ငါ့မိန်းမပုံစံဖမ်းပြီး အိမ်ခန်းထဲ ဝင်လာတယ်"

"ဟာ. . အဲ့ဒီတော့. . ."

"လျှာတစ်စောင်း ကိုက်မသွားရင် ကြိုက်သလိုပြောကွာ. ."

လင်းခိုင်ရယ်ပြီး ကွမ်းတွေပါ သီးကုန်လေတော့၏။








www.burmeseclassic.com